## အခန်း(၉၁၈) - လေလံပွဲ စတင်ခြင်း

လင်းဟွမ်သည် ရီရီယွီ၊ ရီကျန်း တို့နှင့် တွေ့ဆုံပြီးနောက် ညစာအတူတူ စားခဲ့သည့် အချိန်မှလွဲ၍ ကျန်သည့်အများ၌ အခန်းထဲတွင် ဓားကျင့်စဥ်ကို တစ်ယောက်တည်း လေ့ကျင့်နေခဲ့သည်။

လေလံပွဲ မစခင် တစ်ညလိုတွင် သူရရှိခဲ့သော ဂန္ဓဝင်အဆင့် ဓါးကျင်စဥ် (၁,၃၀၀) ကျော်လုံးကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ခဲ့သည်။ စုစုပေါင်း

ဂန္တဝင်အဆင့် ဓါးကျင့်စဉ် (၁,၆၀၀) နီးပါး ကျွမ်းကျင်ပိုင်နိုင် ခဲ့သည်။ သို့သော် သူ၏ ဓါးတာအိုသည် အဆင့် (၆) ကို ကျော်ဖြတ်ရန် အလွန် ဝေးကွာနေသေးကြောင်း ရှင်းရှင်းလင်းလင်း ခံစားမိသည်။

မတ်လ (၈) ရက်နေ့တွင် ဝမ်ပေါင်လေလံပွဲ တရားဝင် စတင်ခဲ့သည်။

လင်းဟွမ်က ရီကျန်းနှင့် ရီရီယွီတို့ကို ခေါ်ဆောင်လာခဲ့ပြီး ဗွီအိုင်ပီအဆင့် ဝန်ဆောင်မှုကို ရရှိရန် လင်းရှီ၏ အထောက်အထားကို

အသုံးပြုခဲ့သည်။ သူတို့အားလုံး (S) အဆင့် ဗွီအိုင်ပီအခန်းထဲ ဝင်သွားကြသည်။

ယခုတစ်ကြိမ်တွင် လင်းဟွမ်တို့ကို (S – 7) အခန်းထဲ ထည့်သွင်းခဲ့သည်။ သူ့ထက် အရင်ရောက်နေသော ဗွီအိုင်ပီ အဖွဲ့ဝင် ခြောက်ယောက် ရှိနေသည်မှာ အထအင်ရှားပင်။

(S) အဆင့် အခန်းများထဲတွင် ရှိနေသော လူခြောက်ယောက်လုံးမှာ နတ်ဘုရားတစ်ပိုင်း အဆင့်များ ဖြစ်နေသောကြောင့် ဤတစ်ကြိမ်တွင်

နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်းနှစ်ခုကို ရောင်းရနိုင်ခြေ များနေသည်။

လင်းဟွမ်က ကြိတ်ပြီး မျှော်လင့်နေသည်။

ရီရီယွီက ဗွီအိုင်ပီအခန်းထဲ ရောက်သည်နှင့် လှည့်ပတ်၍ လျှောက်ကြည့်နေသည်။ အခန်း တစ်ခုလုံးကို သေသေချာချာ စပ်စုပြီးနောက် လင်းဟွမ်ကို လှမ်းပြောလိုက်သည်။

"ငါ့အစ်ကိုက မင်းကို အဖွဲ့ခွဲ (၃) မှာ တော်တော်လေး အဆင်ပြေနေတယ်လို့ ပြောတုန်းက ငါ မယုံသက်ာ ဖြစ်မိသေးတယ်။

အခုကြည့်ရတာတော့ မင်းက တော်တော်လေး ကောင်းစားနေတဲ့ ပုံပဲ….။”

“ ဒီဗွီအိုင်ပီ အခန်းထဲမှာ တစ်ညတာ တည်းခိုရင် ဝမ်ပေါင်ဟိုတယ်မှာ ငါတို့တည်းတဲ့ အခန်းထက် အနည်းဆုံး သုံးဆလောက် ပိုဈေးကြီးမှာ။ ဈေးနှုန်းက အရေးကြီးတဲ့ အချက် မဟုတ်သေးဘူး၊ ငစွေတွေ၊ ငအေတွေ ၊ငကန်းတွေ ဒီမှာနေဖို့ အရည်အချင်း မရှိမှာပဲ ငါ ကြောက်မိတာ"

“အရင်က လေလံပွဲမှာ တစ်ခုခု ရောင်းခဲ့ဖူးလို့ပါ၊ ဒါကြောင့် ပိုင်ရှင်က ငါ့ကို ဗွီအိုင်ပီကတ်တစ်ခု ပေးခဲ့တယ်လေ”

လင်းဟွမ်က ရိုးရိုးရှင်းရှင်း ရှင်းပြလိုက်သည်။

သို့သော်လည်း ရီကျန်းက ကြိတ်ပြီးတွေးနေသည်။

“ဒီကောင် နတ်ဘုရားတစ်ပိုင်း ခေတ်ကြွင်းတချို့ ရောင်းလို့ ပိုင်ရှင်က သူ့ကို ဗွီအိုင်ကတ် ပေးခဲ့တာကို ဘာမှ ကြီးကြီးမားမား မရောင်းခဲ့တဲ့ပုံစံ ပြောနေပြီ”

"ရီကျန်း...... မင်းလည်း အဖွဲ့ခွဲ (၃) မှာ နေတာပဲ။ သူ့ဘဝက ဘယ်လောက်တောင်

ကြီးကျယ်ခမ်းနားလိုက်လဲ ကြည့်စမ်း။ မင်းကရော...."

ရီရီယွီက ခေါင်းလှည့်ပြီး တစ်ဖက်တွင် ထိုင်နေသော ရီကျန်းကို ပြောလိုက်သည်။

ရီကျန်းသည် အကြောင်းပြချက်မရှိ ဗလိုင်းကြီး အပြောခံလိုက်ရသဖြင့် စိတ်ထဲမှသာ အော်ပြောနေတော့သည်။

"ငါ ဘာမှ မပြောဘူး။ ဘာဖြစ်လို့ စကားလမ်းကြောင်းက ငါ့ဆီပဲ ရောက် ရောက်လာရတာလဲ...."

"ငါက မင်းအစ်ကို အဖွဲ့ခွဲ (၃) ကို မရောက်ခင် နှစ်ဝက်လောက် ကြိုပြီး ရောက်နေတာလေ"

လင်းဟွမ်က ရီကျန်း အနေရခက်နေသော အခြေအနေမှ ရုန်းထွက်နိုင်ရန် ကူညီပြီး ပြောပေးလိုက်သည်။

"ဘာကို နှစ်ဝက်လဲ....။ ပြီးလမှာ မင်း ရောက်တယ်... ဩဂုတ်လကုန်မှာ သူ ရောက်တယ်။ လေးလကျော်ပဲ ကွာတာကို”

ရီရီယွီက အချိန်ကွာခြားချက် အမှန်တရားကို အညှာအတာ ကင်းမဲ့စွာ ထုတ်ပြောလိုက်သည်။

ရီကျန်း တစ်ယောက် စိတ်အိုက်လာသည်။ သူ့ညီမ ပြောင်းလဲသွားခဲ့ပြီ။ ယခင်ကတော့ သူ့ကို အမြဲတမ်း တွယ်ကပ်နေပြီး "အစ်ကို" ဟု တလေးတစား ခေါ်လေ့ရှိသည်။ သူက အမြဲတမ်း သူမ၏ စံပြပုဂ္ဂိုလ်ပင်....။

ယခုမူ သူ့နာမည်ကို တိုက်ရိုက်ခေါ်ပြီး သူ့ကို အခြားသူများနှင့် မကြာခဏ ခိုင်းနှိုင်းနေသည်။ တချိန်တုန်းက နုံအလွန်းသည့် သူ့ညီမကို ပြန်လွမ်းလာသည်။

လင်းပွမ်ကမူ တိတ်တဆိတ် ဝမ်းသာသွားသည်။

"

“ငါ့ညီမ ဒီလိုမဟုတ်တာ ကံကောင်းတယ်။ ဘုရားကယ်လို့...."

"လေလံပွဲ စပြီ...."

နောက်ဆုံး၌ ရီကျန်းသည် လေလံပွဲတင်ဆက်သူက လေလံစင်မြင့်ပေါ် လမ်းလျှောက်သွားသည်ကို မြင်လိုက်လျှင် စကားလမ်းကြောင်းပြောင်းရန် အခွင့်အရေး ရှာတွေ့သွားသည်။

ကိုးနာရီ ထိုးခါနီး ဖြစ်သောကြောင့် အောက်ထပ်ရှိ ခန်းမထဲတွင် လူများစုံနေပြီ။

ကံကောင်းထောက်မစွာနှင့် ရီရီယွီက လေလံပွဲ တင်ဆက်သူထံ အာရုံပြောင်းသွားသည်။

ယခုတစ်ကြိမ် ဝမ်ပေါင်လေလံပွဲ တင်ဆက်သူမှာ အာရုံငါးပါး ဆွဲဆောင်နိုင်သော အမျိုးသမီးတစ်ယောက် ဖြစ်နေသည်။

ပုံပန်း သဏ္ဍာန်အရ သူမကို ထိပ်တန်း အလှမယ်ဟု မသတ်မှတ်နိုင်ပေ။ သို့သော်လည်း သူမတွင် လှိုင်းတွန့်ပုံစံ အနီးရောင်ဆံပင်များနှင့်

သဘော်သီးက အမေခေါ်ရမည့် ရင်သားကြီးများ ရှိနေသည်။ မီးခိုးရောင် ခပ်ခပ်ဖျော့ဖျော့ ပါးလွှာသော အင်္ကျီတစ်ထည်က သူမရင်သားများကို မနိုင်တနိုင် ထိန်းထားပြီး ကြယ်သီးများက ပြုတ်ထွက်တော့မလို ဖြစ်နေသည်။ သူမ၏ ရင်သားတစ်ဝက်ခန့်ကို ဖော်ထားသောကြောင့် ရှင်းရှင်းလင်းလင်း မြင်နေရ၏။

အောက်ပိုင်းတွင် အဖြူရောင် ဘောင်းဘီ ဝတ်ဆင်ထားသည်။ သူမ၏ ရှည်လျားသော ခြေတံများက ရီရီယွှီ ထက်စာလျှင် ဆွဲဆောင်မှု

အနည်းငယ် နည်းပါးသော်လည်း အဆင့်အတန်း တူညီလုနီးပါး ပင်။

သူမ၏ ခြေဖဝါးပေါ်တွင် အနီရောင် ဒေါက်ဖိနပ်တစ်ရံ ရှိပြီး အရွယ်ရောက်ပြီးသူ၏ လက်မအရွယ်အစားခန့် ရှိသော စိန်အချို့ကို သူမ ခြေဖနောင့် တစ်ခုစီတွင် အတန်းလိုက် တပ်ဆင်ထားသည်။

ရီရီယွီက လေလံပွဲတင်ဆက်သူကို အပေါ်မှ အောက်သို့ ကြည့်လာရာ နောက်ဆုံးတွင် သူမ၏ အကြည့်က ရင်သားများတွင် ရပ်တန့်သွားသည်။

သူမတွင် မကောင်းသော အကြံအစည်များ ရှိနေပုံရသည်။ သူမ၏ ရင်သား အရွယ်အစားက ချစ်စရာ ကောင်းသော်လည်း ထိုမိန်းမနှင့် ယှဉ်ပါက အထင်ကြီးလောက်စရာ မရှိတော့ချေ။

"လှိုင်းတွန့်ဆံပင်နဲ့ နို့နှစ်လုံးက တဆတ်ဆတ် တုန်နေတော့ ဒီမိန်းမ ဘရာစီယာတောင် မဝတ်ထားလောက်ဘူး။ နို့နှစ်လုံးကလည်း ကြီးလိုက်တာမှ အုန်းသီးကြီး နှစ်လုံး ထည့်ထားတဲ့ အတိုင်းပဲ..'

ထုံးစံအတိုင်း ရီရီယွီက အကျယ်ကြီး ထုတ်မပြောခဲ့ပေ။ စိတ်ထဲမှ တွေးနေခြင်းသာ......

ထိုအချိန်တွင် ရီရီယွီဘေးတွင် ထိုင်နေသော လင်းဟွမ်နှင့် ရီကျန်းတို့က လေလံပွဲ တင်ဆက်သူကို မျက်လုံး ကွျတ်ကျမတတ် ကြည့်နေကြသည်။ ထိုအမျိုးသမီး စင်ပေါ် တက်လာကတည်းက အကြည့်တစ်ချက်မှ မလွှဲသေးချေ။

ထုံးစံအတိုင်း ရီရီယွီက ဒါကို သတိထားမိပြီး ဒေါသထွက်လာသည်။

စင်မြင့်ပေါ်တွင် ထိုအမျိုးသမီး ရိုးရှင်းစွာ ကိုယ်ကိုယ်ကို မိတ်ဆက်လိုက်သည်။

"ယနေ့ ဝမ်ပေါင်လေလံပွဲကို ကြွရောက်လာတဲ့ ဂုဏ်သရေရှိ ဧည့်သည်တော်များ အားလုံးကို ကြိုဆိုပါတယ်။ ကျွန်မနာမည်က ယွမ်မေအာပါ။ ဒီတစ်ကြိမ် လေလံပွဲရဲ့ ပွဲ တင်ဆက်သူပါ။ လာမယ့်ငါးရက်အထိ လူကြီးမင်းတို့ အားလုံးကို ရတနာမျိုးစုံ ပြသပေးသွားမှာ ဖြစ်ပါတယ်။ လူကြီးမင်းတို့ လိုချင်တဲ့ ရတနာတွေကို အိမ်အပြန်မှာ အပါသယ်သွား နိုင်ပါစေလို့ မျှော်လင့်နေပါတယ်"

"ဒီမိန်းမက မွေးရာပါ ကြာပစ်သမား ဖြစ်မယ့်ပုံပဲ...."

ထိုစဉ် လင်းဟွမ်က တိုးတိုးလေး ရေရွတ်လိုက်သည်။

ထန်ရှုသည် ဆွဲဆောင်မှုရှိရှိ မွေးဖွားလာသော လေလံပွဲ တင်ဆက်သူကိုပင် ဌားရမ်းထားသောကြောင့် ဤလေလံပွဲအတွက် ကြိုးစား အားစိုက်ထားသည်မှာ အထင်အရှားပင်။

ထန်ရှုက အဆင့် (၇) ဟင်းလင်းပြင် အပျက်အစီး ဖွင့်လှစ်မည့် အကြောင်းကို မသိခင် ကတည်းက

ဤအမျိုးသမီးကို ကြိုတင် ဌားရမ်းထားခြင်း ဖြစ်လိမ့်မည်ဟု လင်းဟွမ် တွေးလိုက်မိသည်။

“မွေးရာပါ ကြာပစ်သမားဆိုတာ ဘာကို ပြောတာလဲ”

လင်းဟွမ်ဘေးတွင် ထိုင်နေသော ရီရီယွီက လင်းဟွမ်၏ ရေရွတ်သံကို ကြားလိုက်လျှင် မနေနိုင်ဘဲ မေးလိုက်သည်။

လင်းဟွမ်က

"ဒါက လူတစ်ယောက်ရဲ့ မွေးရာပါ ထူးခြားတဲ့ ကိုယ်လုံးကိုယ်ပေါက် တစ်ခုပဲ"

လင်းဟွမ်က ရှင်းပြလိုက်သည်။

"အဲဒီလိုမျိုး ကိုယ်လုံးကိုယ်ပေါက် ရှိတဲ့လူတွေက ထွေထွေထူးထူး ကြိုးစားစရာ မလိုဘဲ ဆန့်ကျင်ဘက် လိင်တွေကို ဆွဲဆောင်နိုင်တယ်"

လင်းဟွမ်၏ ရှင်းပြချက်ထဲတွင် တစ်စိတ်တစ်ပိုင်းကို ချန်လှပ် ထားခဲ့သည်။ ဆွဲဆောင်မှု အားကောင်းစွာ မွေးဖွားလာသော လူများသည် အခြားလူများကို ခန္ဓာကိုယ်နှင့် ထိတွေ့လိုက်သည်နှင့် ဆန့်ကျင်ဘက်လိင်အား တောင့်ခံနိုင်စွမ်း မရှိသော ခံစားချက်ကို

ပေးစွမ်းနိုင်သည်။ သူတို့က မြင်မြင်ချင်း အချစ်စိတ်ကို ဖြစ်ပေါ်စေနိုင်ပြီး ဘဝတွင် ပြည့်စုံစေရန် သူတို့ကို ပိုင်ဆိုင်ရမှ ဖြစ်လိမ့်မည် ဟူသော ထင်ယောင်ထင်မှား ခံစားချက် ဖြစ်ပေါ်စေနိုင်သည်။

ထိုသို့သော ကိုယ်လုံးကိုယ်ပေါက် ရှိသော လူများက ညှို့ယူနိုင်စွမ်း အမျိုးအစား ကျင့်စဉ်များကို ကျင့်ကြံရာတွင် အားသားချက် များလှ၏။

“ဒါဆို ဒီမိန်းမက မိန်းမပျက်ပဲ”

လင်းဟွမ်၏ ရှင်းပြချက် တစ်ဝက်တစ်ပျက်ကို ကြားပြီးနောက် ရီရီယွီတစ်ယောက် မြို့ချထားသော မှတ်ချက်များ ပေါက်ကွဲထွက်လာသည်။

သို့သော် လင်းဟွမ်သည် ယွန်းမီအာဟုခေါ်သော လေလံပွဲတင်ဆက်သူ ဤအမျိုးသမီးက ယခုချိန်အထိ ညှို့ယူခြင်း နည်းစနစ်များကို လုံးဝ အသုံးမပြုရသေးကြောင်း ပြောနိုင်သည်။ သူမ၏ ထူးခြားသော ကိုယ်လုံးကိုယ်ပေါက်ကပင် ယခုလက်ရှိ အမျိုးသားထု၏ အာရုံကို ဆွဲဆောင်ရန် လုံလောက်နေခဲ့ပြီ။

လုံးဝမ ထိခိုက်သည့်လူများမှာ အင်ပါယာ အဆင့်အထက် တန်ခိုးရှင်များသာ ဖြစ်လိမ့်မည်။

လင်းဟွမ်နှင့် ရီရီယွီတို့ စကားဝိုင်းကို ကြားပြီးနောက် တစ်စုံတစ်ခု ဖြစ်ပျက်နေကြောင်း ရီကျန်း သဘောပေါက်သွားသည်။ သူသည် သတိမထား မိလိုက်ဘဲ လေလံတင်ဆက်သူ၏ ဆွဲဆောင်မှုကို ခံခဲ့ကြောင်း သိလိုက်ရသည်။ အမှတ်မထင် ငမ်းလိုက်မိသော်လည်း ချက်ခြင်း သတိ ပြန်ကပ်လိုက်သည်။

"ဒီမိန်းမကို ငေးကြည့်နေတာ မဟုတ်ဘူးလား။ ဘာဖြစ်လို့ မကြည့်တော့တာလဲ...."

ရီကျန်းက အသိစိတ် ပြန်ဝင်လာသည်ကို သတိထားမိလျှင် ရီရီယွီက စနောက်လိုက်သည်။

"ဟို ပစ္စည်းလေး စိတ်ဝင်စားလို့ ကြည့်နေတာ"

ရီကျန်းသည် သူ့ကိုယ်သူ ကာကွယ်ရန် အကြောင်းပြချက်ပေးရင်း လေလံတင် တင်ဆက်သူကို မကြည့်တော့ဘဲ သူမဘေးရှိ ပစ္စည်းများကို လက်ညှိုး ထိုးပြလိုက်သည်။

ရီရီယွီက ဟွန့်ခနဲ နှာခေါင်းတစ်ချက်ရှုံ့ပြီး အောက်ဘက်သို့ ငုံကြည့်လိုက်သည်။

နောက်ဆုံး၌ ပထမဦးဆုံး လျှို့ဝှက်ဆန်းကြယ် စုဆောင်းမှုပစ္စည်းကို လေလံပွဲ စင်မြင့်ပေါ်တွင် ထုတ်ဖော် ပြသလိုက်သည်။

လက်ဖဝါးထက် နှစ်ဆခန့် ကြီးသော မှတ်စုစာအုပ် တစ်အုပ် ပင်........

"ဒါက ဒီနေ့အတွက် ပထမဆုံး စုဆောင်းမှု ပစ္စည်းပါ ၊ နတ်ဘုရားတစ်ပိုင်း ထိုက်ဒေါင်ရဲ့ မှတ်စုစာအုပ်"

လေလံပွဲက တရားဝင် စတင်သွားသည်။

ယွမ်မေအာက ပစ္စည်းများ မိတ်ဆက်ပေးသည့် နေရာတွင် အလွန်ကျွမ်းကျင် ပုံရသည်။

"လူတော်တော်များများက နတ်ဘုရားတစ်ပိုင်း ထိုက်တာအိုနဲ့ မရင်းနှီးကြဘူး၊ ဒါကြောင့် သူ့ဘဝအကြောင်းကို အကျဉ်းချုပ် ပြောပြပေးပါ့မယ်"

"ထိုက်တာအိုရဲ့ နာမည် အရင်းက စုန်ဝူကျီပါ။ သူက ရှေးခေတ်အချိန်တုန်းက အစွမ်းထက်တဲ့ ဓါးသမား တစ်ယောက်ပေါ့။ နတ်ဘုရားအဆင့် တက်လှမ်းမှု မကျရှုံးခင်က ထူးချွန်တဲ့ ဓါးသမား

တစ်ယောက်လို့ သတ်မှတ် မခံရသေးပါဘူး။ သူက တက်လှမ်းမှု ကျဆုံးပြီးတဲ့နောက်မှာ ခါးတာအိုကို လေ့လာပြီးမှ နတ်ဘုရားတစ်ပိုင်း ဖြစ်လာခဲ့တာပါ။ ခါးတာအိုကို လေ့လာနေရင်း နောက်ဆုံးမှာ နတ်ဘုရား ခါးတာအိုကို အောင်မြင်ခဲ့တယ်။ အစစ်အမှန် နတ်ဘုရားတွေကို သူ့ရဲ့ နတ်ဘုရားတစ်ပိုင်း ခန္ဓာကိုယ်နဲ့ သတ်နိုင်တယ်လို့ ပြောကြတယ်…”

လင်းဟွမ်သည် ဤဇာတ်ကြောင်းကို ကြားသောအခါ မနေနိုင်ဘဲ ခါးမတ်သွားသည်။ ဤမှတ်စု စာအုပ်ကို အလွန် စိတ်ဝင်စားသွားသည်။

လင်းဟွမ်အပြင် လူတော်တော်များများကလည်း သိသိသာသာ စိတ်ဝင်စား နေကြသည်။

"ဒါပေမယ့် လေလံပွဲ မစခင် ဒီစာအုပ် အကြောင်းကို ပြောထားရအုံးမယ်။ ဒီမှတ်စု စာအုပ် ကိုယ်တိုင်က ဘာမှ မထူးခြားဘူး။ ဒီနေ့အချိန်အထိ ထိန်းသိမ်း ထားရတဲ့ အကြောင်းအရင်းကလည်း သိုလှောင် လက်စွပ်ထဲမှာ တွေ့ခဲ့လို့ပါ"

"ဒုတိယအချက်က မှတ်စုစာအုပ်ထဲမှာ ပါဝင်တဲ့ အကြောင်းအရာတွေက ဓါးကျင့်စဉ်တွေ၊

အမွေဆက်ခံမှု အကြောင်းတွေ မပါဘူး။ ကြုံသလို ရေးထားတဲ့ ဒိုင်ယာရီ စာအုပ်တစ်အုပ်နဲ့ ပိုတူတယ်"

ယွမ်မေအာ၏ ထပ်လောင်း ရှင်းပြချက်ကြောင့် ဝယ်ယူသူ အများစု၏ စိတ်ဝင်စားမှုများ ချက်ချင်း ဆုံးရှုံးသွား၏။

သို့သော်လည်း လင်းဟွမ်၏ မျက်လုံးထဲတွင် ပြင်းပြသော စိတ်ဆန္ဒများ ကျန်ရှိနေဆဲ ပင်။ ဤမှတ်စုစာအုပ်ကို လက်ဝယ် ပိုင်ဆိုင်ချင်နေသည်။

"ဒီနတ်ဘုရာ တစ်ပိုင်း မှတ်စုစာအုပ်ကို ကံကြမ္မာသလင်းကျောက် သန်း (၁၀၀)နဲ့ စတင်မယ်။

တစ်ကြိမ် ဈေးတိုးရင် အနည်းဆုံး ကံကြမ္မာသလင်းကျောက် ငါးသန်း တိုးရမယ်....."

## အခန်း(၉၁၉) - ဆရာစုန်၏ အပျော်ကြီးပဲ တစ်ကား ရိုက်ခဲ့သော ဘဝဖြတ်သန်းမှု....

လင်းဟွမ်သည် ပြင်းထန်သော လေလံစစ်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်ပြီးနောက် ယခုတစ်ကြိမ် ကျင်းပသော ဝမ်ပေါင်လေလံပွဲ၏ ပထမဦးဆုံး ပစ္စည်းကို ကံကြမ္မာ သလင်းကျောက် သန်း (၃၆၀)နှင့် လေလံ အောင်မြင်ခဲ့သည်။

ဤနတ်ဘုရားတစ်ပိုင်း မှတ်စုစာအုပ်က ခါးကျင့်ကြံသူများအတွက် အလွန်

တန်ဖိုးရှိနေကြောင်း သက်သေ ပြခဲ့သည်။ နောက်ဆုံး၌ ၎င်း၏ လေလံဈေးနှုန်းက ရှေးဟောင်း စိတ်ဝိညာဉ်လက်နက် တစ်ခုနှင့် နှိုင်းယှဉ်နိုင်သော ဈေးနှုန်းအထိ မြင့်တက်လာသည့် အချိန်မှသာ အခြားဝယ်လက်များ လက်လျှော့ သွားကြ၏။

“မင်းက မှတ်စုစာအုပ် တစ်အုပ်အတွက် သန်း (၃၆၀) တောင် သုံးတာလား။ တော်တော်လေး ဖြုန်းတဲ့ကောင်ပဲ...”

ရီရီယွီက လင်းဟွမ်တစ်ယောက် သေချာပေါက် ပိုက်ဆံဖြုန်းနေသည်ဟု တွေးနေသည်။

"လေလံပွဲ တင်ဆက်သူက ဒီပစ္စည်းနဲ့ ပတ်သက်ပြီး ချဲ့ကား ပြောဆိုနေတယ်လို့ ငါ ထင်တယ်.."

"ဘယ်ကသာ နတ်ဘုရား ခါးတာအို ရှိရမှာလဲ.. စိတ်ထဲတွေ့တာ လျှောက်ပြောနေတာပဲ ဖြစ်လိမ့်မယ်..... နတ်ဘုရားတစ်ပိုင်းက အတုယောင် နတ်ဘုရားတစ်ပါးကို သတ်တယ် ဆိုတာက နားထောင်ရတာနဲ့တင် အဓိပ္ပါယ် မရှိဘူး.."

သူ့ညီမအေးတွင် ထိုင်နေသော ရီကျန်းကလည်း အတူတူပင်။

"နတ်ဘုရားတစ်ပိုင်း ဆိုတာ ခန္ဓာကိုယ်ထဲမှာ နတ်ဘုရား စွမ်းအင် အနည်းငယ် ရှိတဲ့ အင်ပါယာအဆင့် တန်ခိုးရှင် တစ်ယောက်ပါ။ အတုယောင် နတ်ဘုရားကတော့ တကယ့် နတ်ဘုရားပဲ..၊ ဟို ဆင်ပုံပြင်လိုလေ.... ပုရွက်ဆိတ် တစ်ကောင်က ဆင်တစ်ကောင်ကို သတ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်သလိုပေါ့.."

"အစ်ကိုကျန်း.. ဒီတစ်ကြိမ်တော့ မင်းမှားပြီ.."

လင်းဟွမ်က ပြုံးပြီး ခေါင်းခါလိုက်သည်။

"လူတစ်ယောက်မှာ မှန်ကန်တဲ့ စွမ်းအားပမာဏ ရှိနေမယ်ဆိုရင် နတ်ဘုရားတစ်ပိုင်းတောင် မဟုတ်ဘူး အင်ပါယာအဆင့် တန်ခိုးရှင် တစ်ယောက်ကတောင် နတ်ဘုရားတစ်ပါးကို သတ်ပစ်နိုင်စွမ်း ရှိတယ်။ ငါ့ဆရာ ပြောဖူးတာက အဆင့် (၆) ခါးတာအိုကို ကျော်ဖြတ်ပြီးတာနဲ့ လူတစ်ယောက်က ခါးတာအိုရဲ့ အစစ်အမှန် အဓိပ္ပါယ်ကို နားလည် လာလိမ့်မယ်တဲ့ ။ အတုယောင်နတ်ဘုရား အများစုတောင် ဒီလို အခြေအနေမျိုး၊ အဆင့်မျိုး ရောက်အောင် မကျွမ်းကျင် ကြဘူး။ အဲ့ဒီ တန်ခိုးရှင်က

အတုယောင်နတ်ဘုရားကို သတ်နိုင်ရုံတင် မဟုတ်ဘူး အစစ်မှန် နတ်ဘုရားကိုတောင် ဒဏ်ရာရအောင် လုပ်နိုင်တယ်..”

လင်းဟွမ်က မစ္စတာဖူး ပြောခဲ့သည့်စကားကို ပြန်ပြောင်း ပြောပြလိုက်သည်။

“ စုန်တာအိုက နတ်ဘုရားခါးတာအိုကို ကျွမ်းကျင်နေမယ်ဆိုရင် နတ်ဘုရား တစ်ပိုင်း ခန္ဓာကိုယ်နဲ့ အတုယောင် နတ်ဘုရားကို သတ်နိုင်တယ်ဆိုတာ ဖြစ်နိုင်တယ်။ ဒီဆရာစုန်က အသက်ရှင်နေတဲ့ အချိန်မှာ နတ်ဘုရား ခါးတာအိုကို

အမှန်တကယ် ကျွမ်းကျင်ပိုင်နိုင် ခဲ့တယ်ဆိုရင် ဒီမှတ်စုစာအုပ်ကို ကြည့်ရတာ တန်တယ်။ အဲ့ဒီ စာအုပ်ထဲကနေ တစ်ခုခု သင်ယူနိုင်တာနဲ့ ရှုံးတယ်လို့ ပြောလို့ မရတော့ဘူး…”

“မစ္စတာဖူးက တကယ်ပဲ ဒီလို ပြောခဲ့တာလား..”

ရီကျန်းက မယုံနိုင်သေးပေ။

“ဒီလိုကိစ္စမျိုးကို လီဆယ်ပြီး ပြောဖို့ လိုအပ်တယ်လို့ ထင်လို့လား..”

လင်းဟွမ်က ပြန်ချေပသည်။

"လူတစ်ယောက်က အဆင့် (၆) ခါးတာအိုကို ဖြတ်ကျော်ပြီးတာနဲ့ ခါးတာအိုရဲ့ စစ်မှန်တဲ့ အဓိပ္ပါယ်ကို သိသွားပြီး...."

ရီကျန်းက ခေါင်းငုံ့ပြီး သူ့ အင်ပါယာနှလုံးသား လက်စွပ်ပေါ်က မှတ်စုစာအုပ်ထဲတွင် စာကြောင်း တစ်ကြောင်းကို မှတ်တမ်းတင်လိုက်သည်။

"လင်းဟွမ် မင်းရဲ့ခါးတာအိုက အခု ဘယ်အဆင့် ရောက်နေလဲ.."

ဘေးတွင် ရှိနေသော ရီရီယွီက မနေနိုင်ဘဲ စကားဖြတ် မေးလိုက်သည်။

"မနှစ် မင်း အဆင့်(၄) ရောက်နေတာ ငါမှတ်မိသေးတယ်.. ဒီနှစ်မှာ အဆင့် ထပ်တက် ခဲ့သေးလား.."

ထိုမေးခွန်းကို ကြားလျှင် ရီကျန်းပင် မနေနိုင်ဘဲ မော့ကြည့်လာသည်။

"မင်းတို့ကို လိမ်ပြောရမလား၊ အမှန်တိုင်း ကြားချင်လား.."

လင်းဟွမ်က စပ်ဖြဲဖြဲပြုံးရင်း မေးလိုက်သည်။

"လိမ်ရင်ရော ဘာလဲ၊ အဆင့် (၄) ပဲလား.."

ရီကျန်းသည် လင်းဟွမ်က အဆင့်တက်သွားခြင်း ဖြစ်နိုင်သည်ဟု ဖျတ်ခနဲ တွေးလိုက်မိသည်။

"အဆင့် (၅).."

လင်းဟွမ်က အပြုံးတစ်ခု ဝတ်ဆင်ထားပြီး ဖြေလိုက်သည်။ ဤစကားကို ကြားပြီးနောက် ရီကျန်းသည် လင်းဟွမ်က အဆင့် (၄) တွင် တစ်နေတာပဲ ဖြစ်လိမ့်မည်ဟု တွေးလိုက်သည်။ ထို့ကြောင့် ဤအကြောင်းကို ဆက်မမေးခြင်းကသာ အကောင်းဆုံး ဖြစ်လိမ့်မည်။ သို့သော်လည်း

ရီရီယွီကမူ အလိုက်ကန်းဆိုး မသိဘဲ မရမက အတင်းမေးနေသည်။

"အမှန်တရား ကရော.."

"အမှန်တရားကတော့ အဆင့် (၆) ဖြစ်လိမ့်မယ်.."

လင်းဟွမ်က ဤမောင်နှမ နှစ်ယောက်ရှေ့တွင် ဘာမှ ဖုံးကွယ်ထားစရာ မလိုကြောင်း တွေးလိုက်မိသည်။

ထိုအဖြေကိုကြားလျှင် ရီကျန်းနှင့် ရီရီယွီတို့ အံ့သြမှင်သက် သွားကြသည်။ ခဏအကြာ ရီကျန်းက

"မင်း တကယ်ပဲ အဆင့်(၆) ရောက်နေပြီလား.."

"အင်း. ပြီးခဲ့တဲ့ ရက်ပိုင်းကပဲ အဆင့် တက်ခဲ့တာ.."

လင်းဟွမ်က အတည်ပြု ပြောကြားလိုက်သည်။

"ဓါးတာအိုရဲ့ အဓိပ္ပါယ် အစစ်အမှန်နဲ့ ပတ်သက်ပြီး မစ္စတာဖူးက မင်းကို ပြောပြခဲ့တာ ဆန်းတော့ မဆန်းတော့ဘူး.."

ယခုမူ ရီကျန်းသည် လင်းဟွမ်က ဓါးတာအို၏ စစ်မှန်သော နယ်ပယ်ကို ရောက်ရှိအောင် တက်လှမ်းရန် ဆုံးဖြတ်ထားကြောင်း သိလိုက်ရသည်။

“ဒါဆိုရင် မင်းက ခါးတာအို အဆင့်တက်သွားတာနဲ့ အတုယောင် နတ်ဘုရားတွေကို သတ်နိုင်တော့မယ်လို့ ပြောချင်တာလား..”

ရီရီယွီက မျက်လုံးကြီးပြူးပြီး မေးလိုက်သည်။

“အော် ဒါက.. အတုယောင် နတ်ဘုရားတွေကို သတ်နိုင်တဲ့ နည်းစနစ် ရှိတယ်လို့ပဲ ဆိုလိုတာ.. တကယ် သတ်နိုင်စွမ်းရှိမှာ မဟုတ်ဘူး..”

လင်းဟွမ်က ရှင်းပြသည်။

"နောက်ပြီးတော့ နတ်ဘုရားတစ်ပိုင်း အဆင့်ရှိတဲ့ တန်ခိုးရှင်တွေက ရှုထောင့်ပေါင်းစုံမှာ ငါ့ထက် အများကြီးသာတယ်.. ငါ့ရဲ့အမြင်အာရုံက သူတို့ရဲ့ လှုပ်ရှားမှုကို မြင်အောင် လိုက်မကြည့်နိုင်ဘူး။ နောက်ပြီးတော့ အစစ်အမှန် ခါးတာအိုကို နားလည်အောင် အဆင့်(၆) တာအိုကို ဖြတ်ကျော်ဖို့ အရမ်းခက်တယ်။ အခုလောလော ဆယ်တော့ ဘာလုပ်ရမယ်ဆိုတာ ငါလည်း မသိသေးဘူး.."

"ဒါဆိုရင်တော့ ဒီစာအုပ်က မင်းအတွက် ပြီးပြည့်စုံတဲ့ ဝယ်ယူမှုပဲ.. အဲ့ဒီထဲက တစ်ခုခု

သင်ယူနိုင်ရင် အဆင့် ဖြတ်ကျော်ဖို့ တကယ် ကူညီပေးနိုင်လိမ့်မယ်..”

အစောပိုင်းက ဝေဖန် တိုက်ခိုက်နေခဲ့သော ရီရီယွီက ယခုအခါ ထောက်ခံလာသည်။

“ဒါက အသုံး ဝင်ဝင်၊ မဝင်ဝင် မင်း ကြည့်ကိုကြည့်သင့်တယ်။ တစ်ချက်တည်းနဲ့ ဆရာကြီး ဖြစ်နိုင်တဲ့ အကွက်ပဲ..”

ရီရီယွီ စိတ်ပြောင်းသွားသည်။

သူတို့ အောက်ရှိ လေလံပွဲက စိတ်အား ထက်သန်စွာ ဆက်လက် စီးမျောနေသည်။

လင်းဟွမ်က ဒါကို စိတ်မဝင်စားပေ။ လေလံပွဲ မပြီးခင် ငွေပေးချေလိုက်ပြီး ဝန်ထမ်းများကို မှတ်စု စာအုပ် လာပို့ခိုင်းလိုက်သည်။ လက်ထဲ ရောက်သည်နှင့် လှန်၍ ဖတ်ကြည့်လိုက်သည်။

ရီရီယွီနှင့် ရီကျန်းတို့က ခေါင်းကလေးပူးပြီး လာဖတ်ကြသော်လည်း မကြာခင် လက်လျှော့ သွားကြသည်။

"စာရေးသူရဲ့ နေ့စဉ်ဘဝကို မှတ်တမ်းတင်ထားတဲ့ စာအုပ်ပဲ.."

ရီရီယွီ အနည်းငယ် စိတ်ပျက်သွားသည်။

" ဒီနတ်ဘုရား တစ်ပိုင်းကြီးက မှတ်စုစာအုပ်ထဲမှာ လျှို့ဝှက်ချက် တချို့ မှတ်ထားရင်တောင် ရှင်းရှင်းလင်းလင်း ဖြစ်မှာမဟုတ်ဘူး.. နောက်ပြီးတော့ လေလံပွဲ တင်ဆက်သူကလည်း ချဲ့ကားပြီးတော့ ဒါကို နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်း ပါဆိုပြီး ရောင်းချတာလည်း မဟုတ်ဘူး...."

အခြားတစ်ဖက်တွင်မူ ရီကျန်းက ခေါင်းရှုပ်နေသည်။

“အချိန်ရရင် အထပ်ထပ်အခါခါ ဖတ်ကြည့်သင့်တယ်။ ဒီလိုဆိုရင် စာအုပ်ထဲက လျှို့ဝှက်ချက်ကို မင်း ဖော်ထုတ်နိုင်လိမ့်မယ်..”

လင်းဟွမ်သည် သူ့လက်ထဲမှ စာအုပ်ကို ပထမမျက်နှာမှ နောက်ဆုံးမျက်နှာ ရောက်သည်အထိ လှန်ကြည့်နေ၏။ သူ့စိတ်ထဲတွင် ထူးခြားသော ခံစားချက်တစ်မျိုး ရှိနေသည်။ ဤခံစားချက်က ဓါးတာအိုနှင့် ဘာမှမဆိုင်ပေ။ ထိုက်တာအိုနှင့်သာ သက်ဆိုင်သလိုပင်

"ဒီထိုက်တာအိုက ခရီးသွားတစ်ယောက် ဖြစ်ရမယ် "

လင်းဟွမ်က ထိုကဲ့သို့ ခံစားရသည့် အဓိက အကြောင်းရင်းမှာ မှတ်စုစာအုပ်ထဲတွင် ရေးထားသော စာများမှာ အွန်လိုင်းပေါ်က သူငယ်ချင်းများကို ဆက်သွယ်သော လိုင်းပေါ်က စာကဲ့သို့ ဖြစ်နေသောကြောင့် ပင်။

'ကောင်းကင်ကြီးက ပြာတယ်.. လေတွေက လတ်ဆတ်တယ်.. ကမ္ဘာကြီးက အံ့သြစရာ ကောင်းတယ်'

'လမ်းဘေးမှာ ပန်ကိတ်ရောင်းနေတဲ့ လူတစ်ယောက်ကို တွေ့တယ်.. ပန်ကိတ်လေးတွေက မစားရက်လောက်တောင် ချစ်စရာ ကောင်းတယ်.. တကယ်လို့ ရောင်းတဲ့မိန်းကလေးက ခြေတံမရှည်ရင် ငါဝယ်ဖြစ်မှာ မဟုတ်ဘူး။ ဒါနဲ့ပဲ သူမဆီကနေ ပန်ကိတ်တွေ အကုန်လုံး ဝယ်လိုက်တယ်'

" အင်း.. အရမ်း ကောင်းတယ် ခြေထောက်လေးတွေလည်း ရှည်တယ်.. ဘာဖြစ်လို့ ဖြစ်မှန်း မသိဘူး ပန်ကိတ်စားတဲ့ အချိန်တောင် အာရုံထဲက မထွက်ဘူး...."

“ ဒီနေ့တော့ နတ်ဘုရားတစ်ပိုင်းတွေတောင် မသတ်နိုင်ဘူးလို့ အခိုင်အမာ ပြောနေကြတဲ့ အတုယောင် နတ်ဘုရားအဆင့် မွန်းစတားတစ်ကောင်နဲ့ တွေ့ခဲ့တယ်လို့ ပြောကြတယ်.. ငါလှည့်ပတ်ပြီး လိုက်ရှာပေမယ့် အဲ့ဒီအတုယောင် နတ်ဘုရားအဆင့်လို့ ပြောတဲ့ မွန်းစတားကို ဘယ်လိုမှ ရှာမတွေ့ခဲ့ဘူး။ နောက်တစ်ခေါက် လာရှာမှပဲ တွေ့မယ်ထင်တယ်’

‘အင်း.. ဒီနှစ် နှစ်ကူးက အရမ်းပျင်းဖို့ကောင်းတယ်.. ပြီးခဲ့တဲ့ ရက်ပိုင်းက နဂါးမျိုးစပ် တစ်ကောင်ကို တွေ့ခဲ့သေးတယ်။

တစ်ကောင်လုံး နီးရဲနေပြီး ဆီဖြိုးနေတာပဲ။ တန်ချိန် သန်းပေါင်းများစွာ လေးတဲ့ ဧရာမ ရွှေငါးတစ်ကောင်နဲ့ တူတယ်။ အခု ပြန်စဉ်းစားကြည့်တော့ မစားခဲ့သင့်ဘူး.. မွေးထားလိုက်ရင် ဒီနှစ်တွေမှာ ကံကောင်းခြင်းတွေ ရလာနိုင်မှာ”

“ဒီနှစ်မှာ ပင်လယ်ဘုရင် မွန်းစတားတစ်ကောင်ကို သတ်လိုက်တယ်.. အဲ့ဒီကနေ အစာအဆိပ် သင့်တယ်လို့ ထင်တာပဲ..... ငါ့ဘဝက အထွတ်အထိပ် ရောက်သွားပြီလို့

ထင်တယ်.. အရမ်းမြင့်တယ်၊ ခမ်းနားတယ်၊ အံ့သြစရာ ကောင်းတယ်၊ လှပ လွန်းတယ်......’

လင်းဟွမ်သည် ဤစာအုပ်ထဲမှနေ၍ ဒီလူက ခရီးသွားတစ်ယောက် ဖြစ်နိုင်သည် ဟူသော အချက်မှလွဲ၍ ကျင့်ကြံခြင်းနှင့် ပတ်သက်သည့် မည်သည့် အချက်အလက်ကိုမှ ရှာမတွေ့ခဲ့ချေ။

ဓါးတာအိုအပြင် အခြားသော ကျင့်ကြံခြင်းနှင့် သက်ဆိုင်သည့် မည်သည့်အရာကိုမှ မဖော်ပြ ထားပေ။ အနည်းငယ် ညည်းညူ ထားခြင်း၊ တခါတရံ အနုပညာဆန်သော စာကြောင်း

အနည်းငယ် ပါဝင်ခြင်း စသည့် နေ့စဉ် မှတ်တမ်းများသာ ဖြစ်နေသည်။ ဒါသည် (QQ) ၏ ကိုးကားချက် ဒါမှမဟုတ် (wechat) ၏ အခိုက်အတန့် ကဏ္ဍတွင် ရေးသောစာများနှင့် ပိုတူနေသည်။

"ကြည့်ရတာ ဒီလူက အသက်ရှင်နေတဲ့ အချိန်မှာ တကယ့်ကို အစားအသောက် သရဲပဲ.. ဒီစာအုပ်မှာ မှတ်တမ်း တင်ထားတဲ့ အကြောင်းအရာ အများစုကလည်း အစားအသောက် အကြောင်းတွေချည်းပဲ...."

လင်းဟွမ်က ကူကယ်ရာမဲ့စွာ ညည်းညူလိုက်သည်။ မှတ်စုများအရ ဆရာစုန်က သာလွန်ကောင်းမွန်သော ဘဝကြီးတွင် အပျော်ကြီးပဲ တစ်ကား ရိုက်သွားသော ကံကောင်းသူတစ်ယောက် ဖြစ်နိုင်သည်။

“ဒီတစ်ကြိမ်တော့ ငါ့ရဲ့ သန်း(၃၆၀) ကို ဖြုန်းတီးလိုက်မိပြီ ထင်တယ်.”

## အခန်း(၉၂၀) - ငါးရက်မြောက်နေ့၏ အဖွင့်ပစ္စည်း

လွန်ခဲ့သည့် ရက် အနည်းငယ်အတွင်းတွင် လေလံပွဲကို ဆက်တိုက် ကျင်းပလာခဲ့သည်။

လင်းဟွမ်က သူစိတ်ဝင်စားပြီး စုဆောင်းချင်သော ပစ္စည်းများကို မတွေ့ခဲ့သောကြောင့် လေလံဝင်မဆွဲခဲ့ပေ။

အခြားတစ်ဖက်တွင်မူ ရီကျန်းက ရီရီယွီအတွက် ရှေးဟောင်း ဓါးဓါတ်ကြွင်း တစ်ချောင်းကို လေလံဆွဲခဲ့သည်။

လင်းဟွမ်သည် ပြီးခဲ့သည့် ရက်အနည်းငယ် အတွင်းက စုန်ဝူကျီ၏ မှတ်တမ်းစာအုပ်ကို အပြန်ပြန် အလှန်လှန် ဖတ်ကြည့်ပြီးနောက် ဆရာစုန်က ခရီးသွားတစ်ယောက် ဖြစ်ကြောင်း သေချာ သွားခဲ့သည်။ ထို့အပြင် မှတ်စု စာအုပ်ထဲတွင် မှတ်တမ်းထားသော မှတ်တမ်းများအရ ဆရာစုန်က စုန်ဝူကျိ အတုယောင် နတ်ဘုရား အဆင့် တက်လှမ်းနေသည့် အချိန်တွင် ကျရှုံးသွားပြီးနောက်

ဆရာစုန်၏ ခရီးသွား ဝိညာဉ်က စုန်ဝူကျို၏ ခန္ဓာကိုယ်ကို သိမ်းပိုက်ခဲ့ခြင်း ဖြစ်နိုင်သည်။

"ဒါမှလည်း အရင်က တစ်မူထူးခြားတဲ့ ဓါးတာအို မရှိခဲ့တဲ့ ဆရာစုန်က ဘာဖြစ်လို့ ရုတ်တရက် ချက်ချင်း လက်ငင်းကြီး နတ်ဘုရား ဓါးတာအို ရသွားတာလဲ ဆိုတာကို ဒီတစ်ချက်ကပဲ ရှင်းပြနိုင်တယ်..."

လင်းဟွမ်က ကောက်ချက်ချလိုက်သည်။

အစပိုင်းတွင် ရှောင်ဖိန်ပြောခဲ့သည့် စကားများ အရဆိုလျှင် ထိုက်တာအိုက အစစ်အမှန် ခရီးသွား

တစ်ယောက်ဖြစ်ပါက ရွှေလက်ချောင်း တစ်ခု ရှိလိမ့်မည်။ အမှန်တကယ်ဆို ဤစာအုပ်ထဲတွင် ရွှေလက်ချောင်း ပိုင်ဆိုင်ပြီး ဓါးတာအို နားလည်ခဲ့သည့် အချက်မှလွဲ၍ ထူးထူးခြားခြား မှတ်သားစရာ မရှိပေ။

လင်းဟွမ်သည် ဆရာစုန်၏ အထောက်အထားကို အတည်ပြုပြီးနောက် စာအုပ်ကို နှစ်ကြိမ်တိုင်တိုင် အပြန်ပြန် အလှန်လှန် ဖတ်ကြည့်ခဲ့သော်လည်း ကျင့်ကြံခြင်းနှင့် သက်ဆိုင်သည့် အချက်အလက်များကို ရှာမတွေ့ခဲ့ပေ။

"တစ်ခုတည်းသော သဲလွန်စက စာအုပ်ထဲမှာ တည်နေရာ အနည်းငယ်ပါတာပဲ... ရှေးခေတ်တုန်းက နေရာတွေ ဖြစ်နိုင်တယ်။ နှလုံးသား ကွန်ရက်ပေါ်မှာလည်း အဲ့ဒီနေရာတွေ အတိအကျကို ရှာ မတွေ့ဘူး။ အချိန်ရရင် သိတဲ့လူ တစ်ယောက်ယောက်ကို မေးရမယ်။ ကိုဩဒိနိတ် တည်နေရာ အမှန်သိတာနဲ့ အဲ့ဒီကို ခရီးထွက်ဖို့ အခွင့်အရေး ရှာရမယ်..."

ဤကဲ့သို့ဖြင့် လေလံပွဲ စတင်လာခဲ့သည်မှာ လေးရက် ကြာမြင့်သွားခဲ့သည်။ စုဆောင်းထားသော ပစ္စည်း အမျိုးမျိုးကို ဤလေးရက် အတွင်း

ရောင်းချခဲ့ပြီး ပစ္စည်းအချို့ကိုမူ မြင့်မားသော ဈေးနှုန်းနှင့် ရောင်းချပြီး လေလံစံချိန် ချိုးခဲ့သည်။

လေလံဆွဲသူ အားလုံးက တော်တော်လေး စိတ်အားထက်သန် နေကြသည်။

ဤကဲ့သို့ ဖြစ်နေရသည့် အကြောင်းအရင်းမှာ ချမ်းသာသော လူများကို ဆွဲဆောင်နိုင်သည့် နတ်ဘုရား ဓါတ်ကြွင်း နှစ်ခုကြောင့် ဖြစ်ကြောင်း လူတိုင်းက သိနေကြသည်။ သို့သော်လည်း ထိုလူများထဲမှ အများစုသည် နတ်ဘုရားရုပ်ထု

မရှိသောကြောင့် လေလံဆွဲနိုင်မည့် အခွင့်အရေး ဆုံးရှုံးသွားကြသည်။

သို့သော်လည်း ဒဏ္ဍာရီထဲက နတ်ဘုရား ခတ်ကြွင်းများကို မျက်မြင်ကိုယ်တွေ့ မြင်ချင်ကြသည်။ ထို့အပြင် အဖွဲ့ခွဲ(၁)တွင် နတ်ဘုရား ခတ်ကြွင်းကို နောက်ဆုံးအကြိမ် ရောင်းချခဲ့သည်မှာ လွန်ခဲ့သော နှစ်သုံးဆယ်ကျော်က ဖြစ်ကြောင်း သိထားရမည်။

ထို့ကြောင့် ဤလူများက နတ်ဘုရား ခါတ်ကြွင်းကို ဝယ်ယူရန် အရည်အချင်း

မရှိသော်လည်း လေလံပွဲကို မရောက်ရောက်အောင် လာခဲ့ကြခြင်း ဖြစ်သည်။ ထို့အပြင် လေလံပွဲထဲတွင် စိတ်ဝင်စားသော ပစ္စည်းများတွေ့ပါက ရသေ့ စိတ်ဖြေ အနေနှင့် လေလံဈေးများ အပြိုင်အဆိုင် ပေးခဲ့ကြသည်။

ဤအခြေအနေကို လေလံပွဲ တင်ဆက်သူ ယွမ်မေအာကလည်း အနည်းငယ် သတိထားမိသည်။ သူမသည် ယခင်ကတည်းက လေလံပွဲများစွာ တင်ဆက် ရောင်းချခဲ့သော်လည်း ဤတစ်ကြိမ် ရောက်ချခြင်းက ယခင် ရောင်းခဲ့သမျှ စုစုပေါင်း

တန်ဖိုး၏ (၇၀) ရာခိုင်နှုန်း ကျော်ကို ရောင်းချနေရခြင်း ပင်......

ထုံးစံအတိုင်း ပစ္စည်းတစ်ခုချင်းစီ၏ ပစ်မှတ်ဈေးနှုန်းကို သူမသိသည်။ သူမ၏ တိတ်တိတ်လေး တွက်ချက်ထားမှုအရ ဤလေးရက်တာကာလအတွင်း ရောင်းချခဲ့သည့် ပစ္စည်းအများစုမှာ ဖြစ်နိုင်သည့် ဈေးနှုန်းထက် (၂၀) ရာခိုင်နှုန်းခန့် ဈေးပိုရနေကြောင်း တွေ့ရှိရသည်။ ထုံးစံအတိုင်း သူမ၏ ဆွဲဆောင်မှုက ရောင်းအားကောင်းရသည့် အချက် မဟုတ်ကြောင်း သူမကိုယ်တိုင်လည်း သိနေသည်။

သေသေချာချာ တွေးကြည့်ပြီးနောက် နတ်ဘုရားခါတ်ကြွင်း နှစ်ခု၏ အကျိုးသက်ရောက်မှုကြောင့် ဖြစ်ကြောင်း သိလိုက်သည်။

'မိန်းမတွေက နတ်ဘုရား ခါတ်ကြွင်းရဲ့ ဆွဲဆောင်မှုကို ဘယ်လို ယှဉ်နိုင်မှာလဲ '

ဟု မနေနိုင်ဘဲ ကျိတ်အော်ဟစ်လိုက်သည်။

လေးရက်မြောက်နေ့ လေလံပွဲ ပြီးဆုံးပြီးနောက် လင်းဟွမ်က ရီကျန်း၊ ရီရီယွီတို့နှင့်အတူ ညစာ

စားခဲ့သည်။ နောက်ဆုံး၌ လင်းဟွမ်က ဆရာစုန်၏ မှတ်စုစာအုပ်ကို လက်လျှော့လိုက်သည်။

"ဘာဖြစ်လို့ သိမ်းလိုက်တာလဲ… တစ်ခုခု သိသွားပြီလား…"

ရီကျန်းက သိချင်စိတ်နှင့် မေးလိုက်သည်။

"ဘာမှမတွေ့ဘူး… ဘယ်လိုပဲ ကြည့်ကြည့် ကြုံသလို ရေးထားတဲ့ မှတ်စုစာအုပ် တစ်အုပ်ပဲ…"

လင်းဟွမ်က ခေါင်းခါပြီး ပြောလိုက်သည်။

"သန်း (၃၆၀)... ဒါက ရှေးဟောင်း ပစ္စည်းတချို့ ဝယ်ဖို့လုံလောက်တယ် ငဖြူနန်းရ..."

ရီရီယွီက မီးပုံထဲ လောင်စာပစ်ထည့်နေသည်။

"ဟိတ်... ပြီးခဲ့တဲ့နှစ်ရက်က မင်းပဲ ဒါဝယ်တာကို အားပေးခဲ့တာ မဟုတ်ဘူးလား..."

လင်းဟွမ်က စိတ်အပြောင်းအလဲ မြန်သော မိန်းမကို စိုက်ကြည့်ပြီး ပြောလိုက်သည်။

"ဒါက အသုံးဝင်တယ်ထင်လို့ ငါ ထောက်ခံတာလေ... အခုတော့ အသုံးမဝင်ဘူး... အသုံး မကျဘူး..."

ရီရီယွီက ပြတ်ပြတ်သားသား မှတ်ချက်ပေးခဲ့ပြီး ရှက်ရွံ့ခြင်း မရှိပေ။

"အဆင်ပြေပါတယ်။ အထပ်ထပ် အခါခါ လေ့လာကြည့်ပါ။ ဆရာစုန်က ဒီထဲမှာ လျှို့ဝှက်ချက် တချို့ မြှုပ်ထားတာ ဖြစ်လိမ့်မယ်"

ရီကျန်းက နှစ်သိမ့်လိုက်သည်။

"ဖြစ်နိုင်ခြေနည်းမှာပဲ ငါ ကြောက်မိတာ။ ငါ ကံကြမ္မာစွမ်းအားရော စိတ်စွမ်းအားတွေနဲ့လည်း စမ်းကြည့်ပြီးပြီ... ငါ မလုပ်သေးတဲ့ အရာဆိုလို့

စာကြောင်းတွေ ဖြုတ်ပြီး စကားဝှက်ကုဒ် မဖြေကြည့် ရသေးတာပဲ ရှိမယ်...”

လင်းဟွမ်သည် ယင်းအချက် အပေါ်တွင် မျှော်လင့်ချက် ကြီးကြီးမားမား မထားပေ။ မည်သို့ပင်ဆိုစေကာမူ သူ၏ခါးတာအိုကို မြှင့်တင်ရန် အခြားနည်းလမ်းများ ရှိသေးသည်။ ထို့အပြင် သူက အဆင့်(၆) ခါးတာအိုကို ဖြတ်ကျော်နိုင်ရန် အလှမ်း ဝေးနေသေးသောကြောင့် ဒါနှင့်ပတ်သက်၍ အလျင်လိုခြင်း မရှိပေ။

နောက်ဆုံး၌ ငါးရက်မြောက် ဝမ်ပေါင်လေလံပွဲနေ့ ရောက်ရှိလာသည်။

မနက်ခင်း......

အစောပိုင်းတွင် လင်းဟွမ်နှင့် မောင်နှမ နှစ်ယောက်သည် အေးအေးလူလူ မနက်စာ စားနေသည်။ လေသာဆောင်ပေါ်တွင် ထိုင်ပြီး လေလံခန်းမထဲက လူအုပ်ကြီးကို ကြည့်နေကြသည်။

လေလံပွဲထဲ မစခင် နာရီဝက်ခန့်အလိုတွင် ခန်းမတစ်ခုလုံး လူပြည့်သွားသည်။

"ဒီနေ့ လူတိုင်း အရမ်း စိတ်လှုပ်ရှားနေကြတဲ့ပုံပဲ..."

ရီရီယွီက ယခင်နေ့များနှင့် မတူကြောင်း ရှင်းရှင်းလင်းလင်း ခံစားမိသည်။

"ဒီနေ့က လေလံပွဲ နောက်ဆုံးနေ့လေ..... နောက်ဆုံး ပစ္စည်းနှစ်ခုကလည်း နတ်ဘုရား ဓါတ်ကြွင်းနှစ်ခုပဲ။ ဒါကြောင့် စိတ်လှုပ်ရှား နေကြတာ..."

ရီကျန်းက ပြုံးပြီး ခေါင်းညိတ်ကာ ပြောလိုက်သည်။

"နှစ်ကူးပြီးသွားတဲ့ နောက်ဆုံး လက်ကျန် အားလပ်ရက် (၁၀) ရက်မှာ လူတိုင်းက အားလပ်ရက်ခရီးကို ပျော်ပျော်ပါးပါး ဖြတ်သန်း နေကြတာပဲ..."

လင်းဟွမ်၏ ရှင်းပြမှုက ပို၍ အကျိုးအကြောင်း ဆီလျော်သည်။

နာရီဝက်ခန့် စောင့်ပြီးနောက် နောက်ဆုံးတွင် လေလံပွဲတင်ဆက်သူ ယွမ်မေအာက စင်ပေါ် တက်လာသည်။

"ဒီနေ့က ငါးရက်မြောက် လေလံနေ့လည်း ဖြစ်သလို နောက်ဆုံးနေ့လည်း ဟုတ်တယ်... ဒီနေ့ရဲ့ နောက်ဆုံးပိတ်အနေနဲ့ နတ်ဘုရားဓါတ်ကြွင်း နှစ်ခု ရောင်းချမယ်... ဒါကိုလည်း လေလံပွဲ နောက်ဆုံးအချိန်မှ ထုတ်ဖော် ပြသသွားမှာပါ... လူကြီးမင်းတို့ စိတ်လှုပ်ရှား နေကြပြီလား..."

"ဟုတ်တယ်... ငါတို့တွေ စိတ်လှုပ် ရှားနေကြပြီ..."

လေလံဆွဲသူ အများစုက တစ်ညီတစ်ညွတ်တည်း အော်ဟစ်ကြသည်။

အများစုက နတ်ဘုရား ခါတ်ကြွင်းအတွက် ရောက်လာကြခြင်းပင် ။ လင်းပွမ် အနားတွင် ရှိနေသော မောင်နှမနှစ်ယောက်လည်း သူတို့၏ မျက်နှာပေါ်တွင် စိတ်လှုပ်ရှားသော အမူအရာများကို အတိုင်းသား မြင်နေရသည်။

"အို... ဒီနေ့ နိဂုံးချုပ် ရောင်းချမယ့် နတ်ဘုရား ခါတ်ကြွင်းနှစ်ခုအပြင် ငါတို့မှာ နောက်ထပ် အံ့အားသင့်စရာ တစ်ခု ရှိသေးတယ်..."

ယွမ်မေအာက ပြောနေရင်း စကားကို ရည်ရွယ်ချက်ရှိရှိ ရပ်တန့်လိုက်သည်။

စင်အောက်က လူများ၏ မျှော်လင့်နေသော မျက်နှာများကို ကြည့်ပြီးနောက်

"ဒီနေ့မှာ နတ်ဘုရား တစ်ပိုင်းအဆင့် ပစ္စည်း (၈)ခုလည်း လေလံတင်ပြီး ရောင်းချသွားပါမယ်..."

ထိုစကားကို ကြားလျှင် စိတ်လှုပ်ရှားနေသော လူအုပ်ကြီးအပြင် လင်းဟွမ်လည်း မနေနိုင်ဘဲ မျက်ခုံးပင့်သွားသည်။

လင်းဟွမ်သည် ပေးအပ်ခဲ့သော နတ်ဘုရား ဓါတ်ကြွင်း နှစ်ခုနှင့်အတူ လေလံတင် ရောင်းချမည့် နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်း (၁၀) ခု

ရှိသည့်အနက် (၃) ခုကို လေလံပွဲ စတင်သည့် ပထမ သုံးရက်အတွင်းတွင် လေလံတင် ရောင်းချခဲ့သည်။ အထင်ကြီးစရာ ကောင်းသော စျေးနှုန်းများ ရရှိခဲ့ကြသည်။

စတုတ္ထနေ့ နောက်ဆုံးနေ့တွင် ရောင်းချခဲ့သော ပစ္စည်းမှာ လင်းဟွမ် မမြင်ဖူးသော နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်း ဖြစ်နေသည်။ အခြားသူက လေလံတင် ရောင်းချခြင်း ဖြစ်နိုင်သည်။ သို့သော်လည်း ယခုမူ ယွမ်မေအာက နတ်ဘုရားတစ်ပိုင်း အဆင့် ပစ္စည်း (၈) မျိုးကို ရောင်းချမည့် အကြောင်း ပြောလာသောကြောင့်

ဝမ်ပေါင်လေလံပွဲတွင် သူ ရောင်းချသော နတ်ဘုရားတစ်ပိုင်းအဆင့် ဓါတ်ကြွင်း (၇) ခုအပြင် အခြားသူများ ရောင်းချသော နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်း (၁) ခုလည်း ရှိသေးသည်ဟု ဆိုလိုခြင်း မဟုတ်ပါလော...။

"သူ ပြောတာက နတ်ဘုရားတစ်ပိုင်း အဆင့် ပစ္စည်း (၈) မျိုး ဆိုတော့ နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်း မဟုတ်ဘူးဆိုတဲ့ အဓိပ္ပာယ်ပေါ့..."

ထိုအချိန်တွင် လင်းဟွမ်သည် စတင် စိတ်လှုပ်ရှားလာသည်။ သူ့ထံတွင် နတ်ဘုရားတစ်ပိုင်း

ခါးများ၊ သံချပ်ကာများ၊ စိတ်ဝိညာဉ် လက်နက်အစုံများ အနည်းငယ် ရှိနေပြီး ထိုအထဲမှ လေးရာကျော်သည် ကြွေလင့်နတ်ဘုရားမြေထဲမှ ရရှိခဲ့သောကြောင့် နတ်ဘုရားတစ်ပိုင်း ခါတ်ကြွင်းများနှင့် ပတ်သက်၍ စိတ်ဝင်စားမှု အလွန်နည်း၏။ သို့သော်လည်း နတ်ဘုရားတစ်ပိုင်း အဆင့် ပစ္စည်း တစ်ခုခုကမူ သူ့အတွက် အသုံး ဝင်နိုင်သည်။

"ကဲ... စကားအပိုတွေ မပြောတော့ဘူး... ဒီနေ့ စုဆောင်းမှုရဲ့ ပထမဦးဆုံး တင်ပြမှုကို

ကြည့်လိုက်ရအောင်။ ကောင်လေးတွေ ယူလာကြပြော့...”

လူတိုင်း စိတ်ဝင်စားနေသည်ကို မြင်သဖြင့် ယွမ်မေအာက နာရီကို ကြည့်လိုက်ရာ (၉) နာရီတိတိ ထိုးနေပြီ ဖြစ်သောကြောင့် ချက်ချင်း စတင်လိုက်သည်။ တစ်မိနစ်ပင် အချိန်မဖြုန်းဘဲ ပထမဦးဆုံး ပစ္စည်းကို ချက်ချင်း မိတ်ဆက်လိုက်သည်။

အဝတ်စကို ဖယ်လိုက်သောအခါ လက်သီးဆုပ် အရွယ်အစားခန့် ရှိပြီး တစ်ဝက်တစ်ပျက်

ထွင်းဖောက် မြင်နေရသော သလင်းကျောက်တစ်ခု ပေါ်လာသည်။ သေးငယ်ပြီး လက်မ အရွယ်အစားခန့် ရှိသော နဂါးတစ်ကောင်က သလင်းကျောက်ထဲတွင် လွင့်မျော နေသည်။ ကြည့်ရသည်မှာ ငါးကန်လေးထဲတွင် ငါတစ်ကောင် ရေကူးနေသည်နှင့်ပင် တူ၏။

ပထမက ဂရုမစိုက်သော်လည်း ထိုပစ္စည်းကို မြင်လျှင် လင်းဟွမ်၏ မျက်လုံးများ တောက်ပလာကာ စိတ်များ လှုပ်ရှားလာသည်။

## အခန်း(၉၂၁) - အလွန်တင်းကျပ်သော လေလံဆွဲမှုဆိုင်ရာ အခြေအနေများ

"ဒီနေ့လေလံပွဲမှာ ပထမဦးဆုံး ရောင်းချမယ့် ပစ္စည်းကတော့ အစောပိုင်း ကြေငြာထားတဲ့ နတ်ဘုရားတစ်ပိုင်း အဆင့် ပစ္စည်းရှစ်မျိုးထဲက တစ်မျိုးပဲ.."

လေလံပွဲတင်ဆက်သူ ယွမ်မေအာက လူအချို့ ဤပစ္စည်းအကြောင်း သိနေသည်ကို မြင်လျှင် ပြုံးလိုက်သည်။ သို့သော်လည်း လေလံပွဲထဲရှိ

လူအများစုက ဘာပစ္စည်းလဲဆိုသည်ကို မသိကြပေ။ ပထမဦးဆုံး အဖွင့် စုဆောင်းပစ္စည်းက သူတို့ ကြိုးစားစရာ မလိုဘဲ သူတို့၏ အာရုံကို စွဲဆောင်နိုင်မည့် နတ်ဘုရားတစ်ပိုင်းအဆင့် ပစ္စည်းတစ်ခုဟုသာ ကြားသိထားသည်။

အစပိုင်းတွင် ဆူညံပွက်လောရိုက်နေသော လေလံခန်းမသည် ယခုအခါ လုံး၀ တိတ်ဆိတ်သွားသည်။ လူတိုင်းက သံပတ်ပေးထားသော အရုပ်ကလေးများ ကဲ့သို့ ယွမ်မေအာဘေးမှ အရာကို ကြည့်နေကြသည်။

ထို့နောက် သူမက ပြုံးပြီး မိတ်ဆက်လိုက်သည်။

"ကျွန်မတို့ရဲ့ ဂုဏ်သရေရှိ ဧည့်သည်အချို့က ဒါကို သိပြီးသားဖြစ်မှာ သေချာတယ်။ ဟုတ်ပါတယ်.. ဒါက ဝိညာဉ် သလင်းကျောက်ပါ."

" နတ်ဘုရားတစ်ပိုင်းအဆင့် ဝိညာဉ် သလင်းကျောက် တစ်ခုလား.."

ကျင့်ကြံသူ အများစုက ဝိညာဉ်သလင်းကျောက်ကို သိကြသည်။ ဤကမ္ဘာတွင် ဝိညာဉ်စွမ်းအားကို ပြန်လည်ဖြည့်တင်း ပေးနိုင်သည့် အရာများက အလွန်နည်းပါးပြီး ထိုအထဲမှ ဝိညာဉ်

သလင်းကျောက်သည် လူသိ အများဆုံးပင် ။ သို့သော်လည်း ကျင့်ကြံသူ အများစုသည် ဝိညာဉ်သလင်းကျောက် ဟူသော အရာကို ကြားဖူးရုံသာ ကြားဖူးကြပြီး အမှန်တကယ် လက်တွေ့ မြင်ဖူးကြခြင်း မရှိကြပေ။

အကြောင်းမူ မွန်းစတားထဲမှ ဝိညာဉ်သလင်းကျောက် ထွက်လာနိုင်ချေ အလွန်နည်းပါး သောကြောင့် ပင်။ မွန်းစတားများက သေဆုံးသွားပြီးနောက် ရှေးဟောင်း ဓါတ်ကြွင်းများနှင့် အလောင်းများကိုသာ ချန်ထားရစ်ခဲ့ကြသည်။

လင်းဟွမ်သည် စတင် ကျင့်ကြံခဲ့သည့် (၃) နှစ်အတွင်းတွင် အနည်းဆုံး မွန်းစတား အရေအတွက် သန်းပေါင်းများစွာ သတ်ပစ်ခဲ့သည်။ သို့သော်လည်း ခန္ဓာကိုယ်ထဲမှ ဝိညာဉ်သလင်းကျောက် ထွက်ကျလာသည့် မွန်းစတားမျိုးနှင့် တစ်ကြိမ်မှ မကြုံဖူးသေးပေ။ ဒါသည် မည်မျှ ဖြစ်နိုင်ချေ နည်းပါးကြောင်း သက်သေပြနေသည်။

ဝိညာဉ်သလင်းကျောက်၏ ဤကဲ့သို့ ရှားပါးသော အကျိုးကျေးဇူးကြောင့် လူအများစုသည် မွန်းစတားကို သတ်ဖြတ်၍ ဝိညာဉ်သလင်းကျောက်

ရရှိခဲ့လျှင်ပင် ရောင်းချရန် ဆန္ဒမရှိကြချေ။ အကယ်၍ ရောင်းချခဲ့လျှင်ပင် ကိုယ့်အဖွဲ့အစည်းအတွင်းသာ လုပ်ဆောင် တတ်ကြသည်။ ထို့ကြောင့် ဈေးကွက်ထဲတွင် ရှာဖွေရန် အလွန် ခက်ခဲ၏။

ဒါသည် သာမန် ဝိညာဉ် သလင်းကျောက်များကိုသာ ပြောဆိုနေခြင်း ဖြစ်သည်။ အရည်အသွေးမြင့် ရှေးဟောင်းအဆင့်နှင့် နတ်ဘုရားတစ်ပိုင်း အဆင့် ဝိညာဉ် သလင်းကျောက်များ ဆိုပါက ပို၍ပင် ရှားပါး ပေလိမ့်မည်။

လင်းဟွမ်သည် စင်ပေါ်ရှိ နတ်ဘုရားတစ်ပိုင်း အဆင့် ဝိညာဉ်သလင်းကျောက်က အပြင်လူထံမှ လာရန် မဖြစ်နိုင်ကြောင်း တွေးလိုက်မိသည်။ ထန်ရှုက ဤလေလံပွဲ စည်းကားစေရန် ထန်မျိုးနွယ်ထံမှ ထုတ်ယူလာခြင်းသာ ဖြစ်လိမ့်မည်။

ထန်မျိုးနွယ်သည် ရှေးကျသော မိသားစုတစ်စု ဖြစ်သောကြောင့် ဤကဲ့သို့ နတ်ဘုရားတစ်ပိုင်း အဆင့် ဝိညာဉ် သလင်းကျောက်များကို ပိုင်ဆိုင်ခြင်းက ပုံမှန်သာ .....

ယွမ်မေအာက မိတ်ဆက်ပြီးသည်နှင့် လေလံပွဲ ဆွဲရမည့် အခြေအနေကို တင်ပြလိုက်သည်။

"ဒီနတ်ဘုရားတစ်ပိုင်းအဆင့် ဝိညာဉ်သလင်းကျောက်ကို ကံကြမ္မာ သလင်းကျောက်နဲ့ ရောင်းချမှာ မဟုတ်ဘဲ ရောင်းချတဲ့လူက အလယ်အလတ် အဆင့် နတ်ဘုရားတစ်ပိုင်း လေးဓါတ်ကြွင်းနဲ့ လဲမယ်လို့ ပြောထားတယ်"

ဤပစ္စည်းအား လေလံဆွဲယူရန် စိတ်အား ထက်သန်နေသော လူတိုင်းနီးပါးသည် ယွမ်မေအာ

ရှင်းပြသည့် အခြေအနေကို ကြားပြီးနောက် မျှော်လင့်ချက်များ ပျောက်ဆုံး သွားကြသည်။ အဓိကအားဖြင့် လေးလက်နက်ကို အဓိကထား ကျင့်ကြံကြသည့်သူမှာ လက်တစ်ဆုပ်စာမျှသာ ရှိသောကြောင့် ကျင့်ကြံခြင်း လောကထဲတွင် လေးနှင့်ဆိုင်သော လက်နက်များက အင်မတန် နည်းပါး၏။

ဝယ်လိုအားများပြီး ရောင်းလိုအား ရှားသည့် ပစ္စည်းတစ်ခု ပင်။ နတ်ဘုရားတစ်ပိုင်းအဆင့် လေးခါတ်ကြွင်း မဆိုထားနှင့် လေးခါတ်ကြွင်း ကိုယ်တိုင်ကပင် အရေအတွက် အကန့်အသတ်

ရှိနေသည်။ ထို့ကြောင့် နတ်ဘုရားတစ်ပိုင်းအဆင့် ဝိညာဉ်သလင်းကျောက်ကို ရောင်းချရန် အလွန်တင်းကျပ်သော အခြေအနေ ချမှတ်ထားသည်ဟု ပြောနိုင်သည်။

သို့သော်လည်း လင်းဟွမ်က ဤအခြေအနေကို ကြားလိုက်လျှင် လျောင်သလိုလို ပြုံးလိုက်သည်။ သူ့ သိုလှောင် လက်စွပ်ထဲတွင် လေးဓါတ်ကြွင်း တစ်ခု ရှိနေသည်။ ထိုအရာက ယခုလက်ရှိ အခြေအနေနှင့် ကိုက်ညီနေသည်။

"နတ်ဘုရား တစ်ပိုင်းအဆင့် ဝိညာဉ်သလင်းကျောက်ရဲ့ တကယ့် တန်ဖိုးကို ပြောမယ်ဆိုရင် အဆင့်နိမ့် နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်း ဈေးနှုန်းပဲ ရှိပေမယ့် ဒီပစ္စည်းက အရမ်းရှားလို့ လေလံပွဲမှာဆို အနည်းဆုံး ကံကြမ္မာသလင်းကျောက် ဘီလီယံ (၁၀၀) လောက်နဲ့ ရောင်းချလို့ ရတယ်။ ကံကြမ္မာ သလင်းကျောက် (၇) ဘီလီယံ၊ (၈) ဘီလီယံလောက်ဆို အလယ်အလတ်အဆင့် နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်းတစ်ခုကို ကောင်းကောင်းလေး လေလံဆွဲလို့ ရတယ်"

“ဒီလေးနဲ့ လဲရတာ ငါ့အတွက်တော့ အရှုံး မရှိပါဘူး.. ဒါပေမယ့် ထျန်ရှူက ဒီဝိညာဉ် သလင်းကျောက်ကို ရောင်းချ ချင်ပါ့မလား။ မရောင်းချင်လို့လည်း ဒီလိုတင်းကျပ်တဲ့ အခြေအနေ လုပ်ထားတာပဲ ဖြစ်လိမ့်မယ်။ နာမည်ကောင်းရအောင် လေလံပွဲထဲမှာ နတ်ဘုရားတစ်ပိုင်း အဆင့် ဝိညာဉ် သလင်းကျောက်ကို ထည့်သွင်းထားတာလည်း ဖြစ်နိုင်တာပဲ..”

စိတ်ထဲတွင် ထိုအတွေး ပေါ်လာသော်လည်း မကြာခင် မေ့ပျောက်သွားသည်။

“ဂရုမစိုက်ဘူး။ ငါ့ဆီမှာ ဒီအခြေအနေနဲ့ ကိုက်ညီနေတဲ့ ပစ္စည်း ရှိနေတာပဲ။ ဒီလှည့်ကွက်ကို မသိသလို ဟန်ဆောင်ပြီး လေလံ တိုက်ရိုက် ဆွဲလိုက်မယ်။ တကယ် ရောင်းမလား၊ မရောင်းဘူးလား ဆိုတာ ကြည့်ရသေးတာပေါ့”

“ဒီဝိညာဉ် သလင်းကျောက်နဲ့ ဆိုရင် နတ်ဘုရားရုပ်ထု တစ်ခုကို အင်ပါယာ ရွှေခရမ်းရောင်အဆင့် မြှင့်တင်ဖို့ လုံလောက်တယ်။ တကယ့်ကို ကြံ့တောင့်ကြံ့ခံ အခွင့်အရေးပဲ..”

ယွမ်မေအာက အခြေအနေကို ကြေငြာပြီးနောက် လေလံပွဲ တစ်ခုလုံးကို တစ်ချက်မျှ မကြည့်ခဲ့ပေ။ သူမစိတ်ထဲ၌ ဤအခြေအနေနှင့်ဆိုလျှင် လေလံဆွဲရန် မဖြစ်နိုင်ဘူးဟု တွေးနေသည်။ ထိုစဉ် တတိယအထပ် (VIP) [S-7] အခန်း၏ ဖန်သားပြင်က ရုတ်တရက် လင်းလက်လာပြီး အသံထွက်ပေါ်လာသည်။

"ဘယ်သူမှ ဈေးမပေးဘူးဆိုရင် ငါ ယူမယ်။ ငါ့ဆီမှာ အလယ်အလတ်အဆင့် နတ်ဘုရားတစ်ပိုင်းလေးခါတ်ကြွင်း ရှိတယ်.."

လူပေါင်းများစွာက လင်းဟွမ် ရှိနေသည့် VIP အခန်းကို လှမ်းကြည့်ကြသည်။ အထဲကို ဖောက်ထွင်းပြီး မမြင်ရသော်လည်း အချင်းချင်း ဆွေးနွေးနေကြသည်။

“အမ်.. ဒါဆို VIP အခန်းထဲက လူအားလုံးက တကယ့် ငထောတွေပဲ.. သူတို့မှာ ဒီလောက် ရှားပါးတဲ့ နတ်ဘုရားတစ်ပိုင်း လေးဓါတ်ကြွင်း တစ်ခုကို အလွယ်တကူ ထုတ်ပေးနိုင်တယ် ဆိုတော့ သူကိုယ်တိုင်က နတ်ဘုရားတစ်ပိုင်းပဲ ဖြစ်ရမယ်..”

(S-1) အခန်းထဲရှိ ဆံပင်ဖြူဖြူ၊ မုတ်ဆိတ်ဖြူဖြူနှင့် အဘိုးအိုက မျက်မှောင် ကြုတ်သွားသည်။

'(S – 7) အခန်းထဲက ဘယ်သူပါလိမ့်။ ငါနဲ့ ရည်ရွယ်ချက်ခြင်း မတူဖို့ မျှော်လင့်တယ်..”

(VIP) [S-2] အခန်းထဲ၌ ဗလတောင့်တင်းပြီး ဆံပင်တိုသော အမျိုးသမီး တစ်ယောက်က မျက်လုံးကို အနည်းငယ် မှေးထားသည်။

“VIP [S-7] အခန်းက သန်မာတဲ့ ပြိုင်ဘက် ဖြစ်နိုင်တယ်..”

ဝမ်ပေါင်လေလံ အိမ်တော်ပိုင်ရှင် ထန်ရှု၏ မျက်နှာပေါ်တွင် စိတ်ရှုပ်ထွေးနေသော အမူအရာများ ရှိနေသည်။ လင်းဟွမ် ခန့်မှန်းထားသည့် အတိုင်းပင်။ ထန်ရှုက သူ့မိသားစုထံမှ နတ်ဘုရားတစ်ပိုင်း အဆင့် ဝိညာဉ်သလင်းကျောက်ကို အမှန်တကယ် ချေးယူ ခဲ့သည်။

နာမည်ကောင်းတစ်ခု ရရှိအောင် ဖန်တီးရန် နတ်ဘုရားတစ်ပိုင်းအဆင့် ပစ္စည်းရှစ်မျိုးကို စုဆောင်း ချင်ခဲ့သည်။ ဤကဲ့သို့ တင်းကျပ်သော စံနှုန်းများနှင့် လေလံပစ်မည် ဆိုပါက ဝယ်ယူနိုင်မည့် လူမရှိဘူးဟု ယူဆကာ အလယ်အလတ်အဆင့် နတ်ဘုရား

တစ်ပိုင်း လေးဓါတ်ကြွင်းကို သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

သို့သော်လည်း ဝိညာဉ်သလင်းကျောက် ဝယ်ယူနိုင်သည့် လူက ပေါ်လာသေးသည်။ လူတစ်ယောက်ထံတွင် ဤအခြေအနေနှင့် ကိုက်ညီသော နတ်ဘုရားတစ်ပိုင်း အဆင့် လေးဓါတ်ကြွင်း ရှိနေလိမ့်မည်ဟု မည်သူက ထင်မြင်မည်နည်း။

ပို၍ပင် စိတ်ရှုပ်စရာ ကောင်းသည့်အချက်မှာ လေလံဆွဲသည့်သူက နတ်ဘုရားအဆင့်

ခါတ်ကြွင်းနှစ်ခုကို ထောက်ပံ့ထားသည့် လူ၏ တပည့် ဖြစ်နေသည်။

အခြားလူတစ်ယောက် ဆိုပါက လေလံပွဲ ပြီးသောအခါ ဆွေးနွေးမှု အချို့ ပြုလုပ်ပြီး လျော်ကြေး ပေးနိုင်သေးသည်။ သို့သော်လည်း ဤလူ၏တပည့်ကို စော်ကားရန် အမှန်တကယ် ဝန်လေးမိသည်။ လင်းရှီ ဟုခေါ်သော လူငယ်လေးက သူ့ဆရာကို ပြန်တိုင်လိုက်မည် ဆိုပါက သူ၏ နတ်ဘုရားခါတ်ကြွင်းများ ရနိုင်သော အရင်းအမြစ် အားလုံး လုံးဝ ဆုံးရှုံးသွားလိမ့်မည်။

နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်း အရင်းအမြစ်များပင် ဆုံးရှုံး သွားနိုင်သည်။ ဝမ်ပေါင်လေလံ အိမ်တော်က ထိုလူ၏ အရင်းအနှီးနှင့် ကျော်ကြားမှုကို လိုချင်ပါက ထိုလူ၏ တပည့်ကို စော်ကားရန် မဖြစ်နိုင်ချေ။

ထန်ရှုသည် ခေါင်းထဲတွင် ခက်ခက်ခဲခဲ ရှန်းကန် စဉ်းစားပြီးနောက် နောက်ဆုံး၌ စိတ်ပိုင်းဖြတ် လိုက်သည်။ နတ်ဘုရားတစ်ပိုင်းအဆင့် ဝိညာဉ်သလင်းကျောက်ကို လက်လွှတ် လိုက်တော့မည်။

စင်ပေါ်တွင်…

ယွမ်မေအာက တတိယထပ် [S-7] အခန်းမှ လင်းလာသည်ကို သတိထားမိလျှင် ချက်ချင်း တုံ့ပြန်လိုက်သည်။

“VIP [S-7] အခန်းမှ ဧည့်သည်က အလယ်အလတ်အဆင့် နတ်ဘုရားတစ်ပိုင်း လေးခါတ်ကြွင်းနဲ့ ဈေးပေးထားပါတယ် ..ဈေးတိုး ပေးချင်တဲ့လူ ရှိသေးလား..”

ယွမ်မီအာက လူတိုင်းကို တစ်ချက် ဝေ့ကြည့်လိုက်လျှင် ဈေးပေးမည့်လူ မရှိကြောင်း တွေ့လိုက်ရသည်။.

"ငါ သိတဲ့ အတိုင်းဆိုရင် နတ်ဘုရားတစ်ပိုင်း အဆင့် ဝိညာဉ်သလင်းကျောက်ကို အဖွဲ့ခွဲ (၃) သမိုင်းမှာ ပထမဦးဆုံး လေလံပစ်တာပဲ.. ဒီဝိညာဉ် သလင်းကျောက်ကို ရရှိတဲ့လူက အဖွဲ့ခွဲ(၃) လေလံပွဲသမိုင်းမှာ သမိုင်း ရေးထိုးနိုင်လိမ့်မယ်.."

လူတော်တော် များများသည် သူမ ကြေငြာချက်ကို ကြားသောအခါ စိတ်လှုပ်ရှား သွားသော်လည်း

စိတ်သွားတိုင်း ကိုယ်မပါနိုင် ဖြစ်နေကြသည်။ လေလံဆွဲရမည့် အခြေအနေ စံနှုန်းက အလွန်တင်းကျပ်လွန်း၏။ သူတို့သည် လင်းဟွမ်နှင့် ယှဉ်နိုင်ရန် နည်းလမ်း မရှိပေ။

ယွမ်မီအာသည် စကားပြောပြီးသည်နှင့် ခေတ္တစောင့်လိုက်သည်။ အခြားမည်သူမျှ လေလံဈေးတိုးပေးခြင်း မရှိတော့သည်ကို မြင်လျှင် ဒုတိယမြောက် လေလံဆွဲမည့်သူ မရှိတော့ကြောင်း သူမ သိလိုက်သည်။

နောက်ဆုံး၌ နတ်ဘုရားတစ်ပိုင်း လေးခါတ်ကြွင်း ဆိုသည်မှာ အကန့်အသတ် ရှိသော အရာ ဖြစ်နေသည်။ သူမက နောက်ထပ် အချိန် မဖြုန်းတော့ပေ။

"ဈေးပိုပေးမယ့် လူ မရှိတော့ဘူး ဆိုရင် နတ်ဘုရားတစ်ပိုင်း အဆင့် ဒီဝိညာဉ် သလင်းကျောက်ကို အခုပဲ (VIP [S-7]) က ဧည့်သည် ပိုင်သွားပါပြီ.."

# အခန်း(၉၂၂) - ထန်ရှု၏ လက်ဆောင်

ဗွီအိုင်ပီ (S – 7) အခန်းထဲတွင်..

ရီရီယွီသည် လင်းဟွမ်ကို မျက်လုံးပြူးပြီး ကြည့်နေသည်။ လွန်ခဲ့သော သုံးနှစ်ခန့်က သံအဆင့်ပင် မရှိသေးသော ဤကလေးငယ်လေးက ယခုအခါ နတ်ဘုရား ခေတ်ကြွင်းများကိုပင် ရောင်းဝယ် ဖောက်ကားနေသည်။ ဒါကို မယုံကြည် နိုင်ဖြစ်နေသည်။

ရီကျန်းသည် လွန်ခဲ့သော နှစ်ဝက်ကတည်းက နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်း ရောင်းဝယ်ဖောက်ကားနေသော လင်းဟွမ်ကို မြင်ထားရသဖြင့် ယခုတစ်ကြိမ်၌ အံ့အားသင့်ခြင်း မရှိတော့ချေ။

ရီရီယွီကမူ သူမ အစ်ကိုထက် အခြားလူတစ်ယောက်က ပိုတော်နေကြောင်း တွေးမိပြီးနောက် စိတ်ထဲတွင် မကျေမနပ်ဖြစ်လာသည်။

လင်းဟွမ်သည် ပစ္စည်းကို အောင်မြင်စွာ လေလံဆွဲပြီးနောက် အချိန် မဆိုင်းတော့ဘဲ

အလယ်အလတ်အဆင့် နတ်ဘုရား တစ်ပိုင်းလေးခါတ်ကြွင်းနှင့် ပစ္စည်း လဲလှယ်ရန် ဝန်ထမ်းကို လှမ်းခေါ်လိုက်သည်။

ဒါသည် အနက်ရောင် မြား (၁၂) ချောင်းပါသော ရောမ ရွှေရောင် လေးတစ်လက် ဖြစ်သည်။

ရီရီယွီသည် လေးကို မြင်သောအခါ ဝင်မပြောဘဲ မနေနိုင် ဖြစ်သွားသည်။

“ခါး ဒါမှမဟုတ် ချပ်ဝတ်တန်ဆာလိုမျိုး ခါတ်ကြွင်းတွေနဲ့ လဲဖို့ ဘာဖြစ်လို့ မသိမ်းထားတာလဲ....”

ရီကျန်းက သူ့ဘေးတွင် ထိုင်နေသော ညီမဖြစ်သူကို စာနာစိတ်နှင့် လှမ်းကြည့်လိုက်သည်။ သူ့ထံတွင် ထိုမေးခွန်းအတွက် အဖြေရှိပြီးသားပင်။

မျှော်လင့်ထားသည့် အတိုင်း လင်းဟွမ်က ချက်ချင်း ပြန်ပြောလာသည်။

"ငါ့ဆီမှာလိုအပ်တဲ့ နတ်ဘုရားတစ်ပိုင်း ခေတ်ကြွင်းတွေအကုန် ရှိနေပြီ"

ထိုအချိန်တွင် ရီရီယွီ တစ်ယောက် စကား မပြောနိုင်ဘဲ အကြောင်သားလေး ငေးကြည့်နေသည်။ သူမ လှည့်ကြည့်လိုက်သောအခါ ရီကျန်းက

ဘာမှမမြင်သလို အရှူးကွက် နင်းနေသည်။ သူမ အစ်ကိုကို လူသတ်ချင်သော မျက်လုံးများနှင့် စိုက်ကြည့်နေသည်။ ရီကျန်းက ဤအကြောင်းကို အစကတည်းက သိနေသည်မှာ ထင်ရှားသည်။

ထိုအချိန် အစောပိုင်းက သူမ ပြောခဲ့သော အဖွဲ့ခွဲ(၃) တွင် လင်းဟွမ်တစ်ယောက် တော်တော်လေး အဆင်ပြေနေသည် ဟူသော မှတ်ချက်ကို နားလည်သွားခြင်း ဖြစ်ကြောင်း ရုတ်တရက် ခံစားလိုက်ရသည်။

သူမသည် အဖွဲ့ခွဲ (၃) ကို ရောက်လာသည်မှာ ရက်ပိုင်းမျှသာ ရှိသေးသော်လည်း အဖွဲ့ခွဲ (၃) မှ ကျင့်ကြံသူများ၏ တိုက်ခိုက်ရေး အင်အားနှင့် အသုံးစရိတ်များ၏ အခြေခံကို နားလည်နေပြီ ဖြစ်သည်။

ထိပ်တန်းအဆင့် အင်ပါယာ တန်ခိုးရှင်များတွင် နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်းနှစ်ခု ရှိနေပါက တော်တော်လေး အထင်ကြီးစရာ ကောင်းနေပြီဟု ပြောရမည်။ ကိုယ်တိုင် အသုံးပြုရန် နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်း တစ်ခုနှင့်

နောက်တစ်ခုက ရောင်းဝယ် ဖောက်ကားရန် အရန်ဆောင်ထားခြင်း ပင် ။

ထိုအရာ တစ်ခုတည်းနှင့် နှိုင်းယှဉ်၍ သုံးသပ်ကြည့်လျှင်ပင် လင်းဟွမ်၏ ကံကြမ္မာက နတ်ဘုရားတစ်ပိုင်းအဆင့် တန်ခိုးရှင်များနှင့်ပင် ယှဉ်နိုင်နေပြီ။

'ဒါတောင် တစ်နှစ်ပဲ ရှိသေးတယ်၊ ငါတို့နဲ့ အဆင့်တူအောင် ကြီးထွားလာပြီ။ ဒီကိစ္စရဲ့ နောက်ကွယ်က ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ကြောင့် ဖြစ်နေမလား'

လွန်ခဲ့သော ရက်ပိုင်းအတွင်းတွင် ရီရီယွီသည် အားလပ်ချိန်များ၌ ပါရမီရှင်သမဂ္ဂနှင့် ပက်သက်သော အကြောင်းအရာများကို ရီကျန်းအား မေးမြန်းနေခဲ့ပြီး ကောင်းကင်ဘုံ မဟာမိတ် အဖွဲ့အစည်းက ပါရမီရှင် သမဂ္ဂထဲတွင် နံပါတ် (၁) အဖွဲ့အစည်း ဖြစ်ကြောင်း သိရှိထားသည်။

လင်းဟွမ်၏ တိုးတက်မှုက ကောင်းကင်ဘုံ မဟာမိတ် အဖွဲ့အစည်းနှင့် ဆက်စပ်နေလိမ့်မည်ဟု တွေးမိပြီးနောက် ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ ထဲဝင်ရန် မစောင့်နိုင်အောင် ဖြစ်လာသည်။

ထုံးစံအတိုင်း လင်းဟွမ်နှင့် ရီကျန်းတို့က သူမဘာတွေ တွေးနေမှန်း မသိပေ။

မကြာခင် အရောင်းတာဝန်ခံ ဝန်ထမ်းက တံခါးခေါက်လာသည်။

လင်းဟွမ်က တံခါး ဖွင့်လိုက်ရာ ဝမ်ပေါင်လေလံအိမ်တော် ပိုင်ရှင် ထန်ရှူ ဖြစ်နေကြောင်း သိလိုက်ရသည်။

လင်းဟွမ်သည် ထန်ရှူနှင့် အမြဲတစေ ဆက်သွယ်ခဲ့သော်လည်း လင်းရှီ၏ဆရာ နတ်ဘုရားတစ်ပိုင်း အနေဖြင့်သာ...... ။

"အကဲဖြတ်သူနဲ့ မတွဲဘဲ ဘာလို့ တစ်ယောက်တည်း လာတာလဲ"

လင်းဟွမ်က ထန်ရှုကို မသိသလို ဟန်ဆောင်ပြီး မေးလိုက်သည်။

"ငါက အကဲဖြတ်သူ ပါ၊ ဒီ ဝမ်ပေါင်လေလံအိမ်တော်ရဲ့ ပိုင်ရှင်ဆိုလည်း မမှားဘူး”

ထန်ရှုက သူ့အထောက်အထားကို တိုက်ရိုက် ထုတ်ဖော်လိုက်သည်။

လင်းဟွမ် စိတ်ထဲထစ်သွားသည်။ ဤနေရာကို ထန်ရှူကိုယ်တိုင် ရောက်လာသောကြောင့် ဝိညာဉ် သလင်းကျောက်ကို ပြန်သိမ်းနိုင်ရန် နည်းမျိုးစုံနှင့် စည်းရုံးနေတော့မည်။

သို့သော်လည်း လင်းဟွမ်က ဘာမှမသိသလို ဟန်ဆောင်လိုက်ပြီး.....

“အိုး ပိုင်ရှင် ကိုယ်တိုင်လား။ ငါ ရိုင်းစိုင်းသွားတဲ့ အတွက် တောင်းပန်ပါတယ်"

"ကောင်လေး ၊ မင်းငါ့ကို မသိပေမယ့် မင်းကိုတော့ ငါ သိတယ်"

ထန်ရှုက ပြုံးပြီး ပြောလိုက်သည်။

"မင်းရဲ့ဆရာက ငါတို့ရဲ့ ဖောက်သည်ကြီးပဲ။ ဒီတစ်ကြိမ် လေလံပွဲမှာ လေလံပစ်တဲ့ နတ်ဘုရားဓါတ်ကြွင်း နှစ်ခုက မင်း ဆရာအပိုင်လေ။ ဒါကို မင်းလည်း သိမှာပါ"

ထန်ရှု ဤကဲ့သို့ ပြောရသည့် အကြောင်းအရင်းမှာ လင်းဟွမ်သည် လွန်ခဲ့သော ရက်အနည်းငယ်အတွင်းက လေလံဆွဲရာတွင် ပါဝင်ခဲ့ခြင်း မရှိခဲ့သောကြောင့်ပင် ။ ဤနေရာကို သူရောက်ရှိနေခြင်းမှာ လေလံပွဲရလဒ်ကို

စောင့်ကြည့်ရန်နှင့် သူ့ဆရာ စုဆောင်းမှု ပစ္စည်းများကို စောင့်ကြည့်နေခြင်း ဖြစ်သည်။

"ကျွန်တော် သိပါတယ်"

လင်းဟွမ်က ပြောလိုက်သည်။

"အဲဒီနတ်ဘုရား ဓါတ်ကြွင်းနှစ်ခု အပြင်၊ ဒီလေလံပွဲမှာ ရောင်းချတဲ့ နတ်ဘုရားတစ်ပိုင်း ဓာတ်ကြွင်း (၁၂) ခုထဲမှာ (၁၀) ခုက မင်းဆရာ အပိုင်။ ကျန်တဲ့ နှစ်ခုကိုတော့ ငါတို့ ထည့်ထားတာကွ။"

နောက်ဆုံးတွင် ထန်ရှု ပြောချင်သည့် အကြောင်းအရာ ရောက်လာသည်။

"မင်းကို ဒီလိုပြောတဲ့အတွက် မရယ်နဲ့နော်။ တကယ်တော့ ငါက အရေအတွက်တွေ ဖန်တီးဖို့ဆိုပြီး မိသားစုဆီကနေ နတ်ဘုရားတစ်ပိုင်း အဆင့် ဝိညာဉ်သလင်းကျောက်ဌားပြီး လေလံ ပစ်လိုက်တာ။ တကယ် လေလံပစ်ဖို့ တစ်ခါမှ မစဉ်းစားခဲ့ဖူးဘူး။ ဒါကြောင့်လည်း ဒီလို တင်းကျပ်တဲ့ လေလံဈေးနှုန်းကို သတ်မှတ်ခဲ့တာပေါ့"

“နောက်ပြီးတော့ မင်းဆီမှာ ဒီလိုမျိုး နတ်ဘုရားတစ်ပိုင်းအဆင့် လေးခါတ်ကြွင်း ရှိနေမယ်လို့လည်း မထင်ထားခဲ့မိဘူး”

ထန်ရှုက အနည်းငယ် ရှက်ရွံ့နေသော ဟန်အမူအရာနှင့် ပြောလိုက်ပြီး လင်းဟွမ်နောက်က စားပွဲပေါ်ရှိ လေးခါတ်ကြွင်းကို လှမ်းကြည့် လိုက်သည်။

"သူဌေး မင်းက သဘောတူညီချက် ဖျက်ချင်လို့ ဒီကို ကိုယ်တိုင်လာတာလား”

လင်းဟွမ်က မျက်ခုံးပင့်ပြီး မေးလိုက်သည်။ ထန်ရှု၏ စကားများသည် စောစောက သူမှန်းထားသည့် အတိုင်း ဖြစ်နေသည်။

"ကောင်လေး၊ ငါ့ကို ဘယ်လိုလူလို့ ထင်နေတာလဲ"

ထန်ရှုက တစ်ချက်ပြုံးပြီး လက်ကို ဝှေ့ယမ်းလိုက်ကာ အစောပိုင်းတွင် လေလံတင်ခဲ့သော နတ်ဘုရားတစ်ပိုင်းအဆင့် ဝိညာဉ်သလင်းကျောက်ကို သိုလှောင် လက်စွပ်ထဲမှ ထုတ်ယူလိုက်သည်။

"ငါတို့ရဲ့ ဝမ်ပေါင်လေလံပွဲက ကြီးကြီးမားမား မဟုတ်ဘူး။ အကောင်းဆုံး ဂုဏ်သတင်းမရှိဘူး ဆိုပေမဲ့ ငါတို့က လေလံတင် ရောင်းချခဲ့တဲ့ ပစ္စည်းတွေကို ကတိဖျက်ပြီး ပြန်သိမ်းတတ်တဲ့ အထဲတော့ မပါပါဘူး”

"ကောင်လေး...နတ်ဘုရား တစ်ပိုင်းအဆင့် ဒီဝိညာဉ် သလင်းကျောက်က မင်းနဲ့ တော်တော်လေး ရေစက်ပါတယ်လို့ ငါထင်တယ်။ မင်းကို မိတ်ဖြစ်ဆွေဖြစ် လက်ဆောင် ပေးလိုက်မယ်”

ထန်ရှုသည် ရင်နာနေသော်လည်း အံ့ကြိတ်ပြီး ဆုံးဖြတ်ချက် ချလိုက်သည်။

ဤဆုံးဖြတ်ချက်ကို ထန်ရှု ချမှတ်ရသည့် အကြောင်းရင်းမှာ သာမန် အခြေအနေတွင် နတ်ဘုရားတစ်ပိုင်းအဆင့် အောက်ရှိ လူများက ဤနတ်ဘုရားတစ်ပိုင်း အဆင့် ဝိညာဉ်သလင်းကျောက်ကို လုံးဝ အသုံး မပြုနိုင်သောကြောင့် ပင်။ အင်ပါယာ ရွှေခရမ်းရောင်အဆင့် ရှိနေသည့်လူများပင် ထိုအဆင့် ဝိညာဉ်သလင်းကျောက်၏ အကျိုးသက်ရောက်မှုကို

ခံနိုင်စွမ်း မရှိပေ။ နတ်ဘုရားတစ်ပိုင်းများသာ အသုံး ပြုနိုင်သည်။

ထို့ကြောင့် လင်းဟွမ်က သူ့ဆရာအတွက်သာ ဤနတ်ဘုရားတစ်ပိုင်း အဆင့် ဝိညာဉ်သလင်းကျောက်ကို ဝယ်ယူခြင်း ဖြစ်လိမ့်မည်ဟု သူက ကောက်ချက်ချလိုက်သည်။

အမှန်တကယ်ဆို ထန်ရှူ ပြသခဲ့သော ကြင်နာမှုသည် လင်းဟွမ်ကို ရည်ရွယ်ခြင်း မဟုတ်ဘဲ သူ့ကို အရင်းအမြစ်များ ထောက်ပံ့နေသည့် နတ်ဘုရားတစ်ပိုင်းကို ဦးတည်နေခြင်း ဖြစ်သည်။

သူက သူတို့၏ လေလံအိမ်တော်ကို နတ်ဘုရားတစ်ပိုင်း ခေတ်ကြွင်းများနှင့် နတ်ဘုရား ခေတ်ကြွင်းများကို ပုံမှန် ထောက်ပံ့နေသရွေ့ ဝမ်ပေါင်လေလံပွဲ၏ ကျော်ကြားမှုသည် အချိန်ကြာလာသည်နှင့်အမျှ တိုးမြင့်လာမည်။

ရေရှည်အကျိုးအမြတ်ကို ကြည့်၍ နတ်ဘုရားတစ်ပိုင်းအဆင့် စိတ်ဝိညာဉ် သလင်းကျောက်မဆိုထားနှင့် လေလံပွဲတစ်ခု သို့မဟုတ် နှစ်ခု၏ စုစုပေါင်း အမြတ်ပမာဏကိုပင် ရင်းနိုင်သည်။

သို့သော်လည်း လင်းဟွမ်၏ တိုက်ခိုက်ရေး ဝိညာဉ်များကို နတ်ဘုရား ခန္ဓာကိုယ် ဖြစ်နေကြောင်း သူ မသိခဲ့ပေ။ တိုက်ခိုက်ရေး ဝိညာဉ်များက ဤနတ်ဘုရားတစ်ပိုင်းအဆင့် ဝိညာဉ် သလင်းကျောက်ကို မဆိုထားနှင့် နတ်ဘုရားအဆင့် ဝိညာဉ်သလင်းကျောက်ကိုပင် မျိုချ နိုင်စွမ်း ရှိနေသည်။

"မင်း ငါ့ကို အလကား ပေးချင်တာ သေချာလား"

လင်းဟွမ်က မျက်လုံးမှေးပြီး မေးလိုက်သည်။

ထန်ရှူက သူ့ဆရာနှင့် ပိုမို နီးကပ်လာစေရန်၊ နောင်တွင် နတ်ဘုရားတစ်ပိုင်း ခေတ်ကြွင်းများနှင့် နတ်ဘုရား ခေါတ်ကြွင်း အရင်းအမြစ်များ ပိုမို ရရှိစေရန် အမ်းနေခြင်း ဖြစ်ကြောင်း သူ ကောင်းကောင်း သိ၏။

"တကယ်လို့ မင်းက လေလံတင် ရောင်းချမယ်ဆိုရင် ဒီနတ်ဘုရားတစ်ပိုင်းအဆင့် ဝိညာဉ်သလင်းကျောက်ကို အနည်းဆုံး ကံကြမ္မာ သလင်းကျောက် ဘီလီယံ (၁၀၀) နဲ့ ရောင်းချနိုင်တယ်နော်။ ဒါက အလယ်အလတ်အဆင့်

နတ်ဘုရားတစ်ပိုင်း ခေတ်ကြွင်း နှစ်ခု ဝယ်ဖို့ လုံလောက်တယ်"

"လူတိုင်းက အမြဲတမ်း ငွေရှာနေကြတာပဲ။ ဒါပေမယ့် ငါ့အတွက်ကတော့ ငွေထက်စာရင် ခင်မင်ရင်းနှီးမှုက ပို အရေးကြီးတယ်။"

ထန်ရှုက ဝိညာဉ်သလင်းကျောက်ကို လင်းဟွမ် လက်ထဲ အတင်းထည့်ပေးရင်း ပြောလိုက်သည်။

'တော်တော်လေး စကားပြော ကောင်းတဲ့လူပဲ။ စီးပွားရေးသမားတွေက လူတစ်ယောက်ကို

ဖင်ခံချင်စိတ် ပေါက်လာအောင် ပြောနိုင်တယ်ဆိုတာ အမှန်ပဲ”

“မင်းက ဒီလို ပြောနေမှာတော့ ငါလည်း အားနာမနေတော့ဘူး။ ”

လင်းဟွမ်က ဝိညာဉ်သလင်းကျောက်ကို လှမ်းယူပြီး ပြုံးကာ ခေါင်းညိတ်လိုက်သည်။

" သူဌေး ထန်ရှု၊ ဒီလက်ဆောင်အတွက် ကျေးဇူးတင်ပါတယ်။ ဒါကို မှတ်ထားလိုက်ပါ့မယ်"

“ဒါဆိုလည်း မင်းကို မနှောင့်ယှက်တော့ဘူး ကောင်လေး။ မင်းတို့တွေ လေလံပွဲကို ပျော်ပျော်ပါးပါး ဆက်လက် ဆင်နွှဲကြပါ”

ထန်ရှူက သူ့ရည်ရွယ်ချက် အောင်မြင်သွားပြီ ဖြစ်သောကြောင့် ပြုံးကာ ခေါင်းညိတ်လိုက်သည်။ လင်းဟွမ်နှင့် လက်ဆွဲ နှုတ်ဆက်ပြီးနောက် မထွက်ခွာသွားခင် ရီကျန်းနှင့် ရီရီယွီတို့ကို လက်ပြ နှုတ်ဆက်ခဲ့သေးသည်။

"သူဌေးထန်က အရမ်း ရက်ရောတာပဲ။ ကံကြမ္မာသလင်းကျောက် ဘီလီယံချီတန်တဲ့ ပစ္စည်းတစ်ခုကိုတောင် ဒီအတိုင်း ပေးသွားတာလား"

ရီရီယွီ၏ မျက်နှာပြင် တစ်ခုလုံးတွင် အားကျစိတ်များ အထင်းသား ပေါ်နေပြီး အော်ပြောလိုက်သည်။

"လင်းဟွမ်၊ ဒီလေလံပွဲထဲမှာ ရောင်းချတဲ့ နတ်ဘုရား ဓါတ်ကြွင်းနှစ်ခုက မစ္စတာဖူးဆီကလား"

တစ်စုံတစ်ရာက ရီကျန်း၏ အာရုံကို ဖမ်းစားနေခဲ့သည်။

"ဆရာဆိုတာ သူ့ကို ပြောချင်တာ မဟုတ်ဘူး။ တခြားတစ်ယောက်ကို ပြောတာ"

လင်းဟွမ်က ရီကျန်းကို ရိုးရိုးရှင်းရှင်း ပြန်ဖြေပြီးနောက် ဝိညာဉ်သလင်းကျောက်ကို သူ့လက်စွပ်ထဲ ထည့်လိုက်သည်။

ရီကျန်းသည် လင်းဟွမ်က ဤအကြောင်း မပြောချင်ကြောင်း သိလိုက်သဖြင့် ထပ် မမေးတော့ပေ။ လင်းဟွမ်တွင် သူ့ကိုယ်ပိုင် ဆရာ နောက်တစ်ယောက် ရှိသေးသည်ဟု သူ ထင်နေသည်။

ရီရီယွီကလည်း ထိုကဲ့သို့ မေးချင်နေသည်မှာ ထင်ရှားသည်။ လင်းဟွမ်က သူမ မေးတော့မည်ကို သတိထားမိပြီး လေသာဆောင်သို့ တန်းတန်းမတ်မတ် လျှောက်သွားပြီး ထိုင်လိုက်သည်။

"လာ.... လေလံပွဲကို ပျော်ပျော်ပါးပါးလေး ဆက်ကြည့်လိုက်ရအောင်......."

## အခန်း(၉၂၃) - အဖွဲ့ခွဲ (၃) မှာ သူဌေးကြီးတွေ တော်တော်များတာပဲ

ညနေ ငါးနာရီ ထိုးခါနီးပြီ ဖြစ်သောကြောင့် လေလံပွဲ ပြီးဆုံးတော့မည်။

လေလံပွဲ တင်ဆက်သူ ယွမ်မေအာက ရှေးဟောင်း ပစ္စည်းတစ်ခုကို လေလံတင်ရောင်းချ ပြီးသောအခါ နောက်တစ်ကြိမ် ပြုံးလိုက်သည်။

"နောက်လာမယ့် တစ်ခုကတော့ ဒီလေလံပွဲမှာ လူတိုင်း မျှော်လင့် တောင့်တနေတဲ့ နောက်ဆုံး ပစ္စည်း (၂) မျိုးပဲ"

သူမ ပြောပြီးသည်နှင့် လူအုပ်ကြီး စိတ်လှုပ်ရှား သွားသည်။

အကြောင်းအရင်းမှာ နောက်လာမည့် စုဆောင်းမှု ပစ္စည်းများမှာ လက်ကျန် နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်း ခုနစ်ခုနှင့် နတ်ဘုရားဓာတ်ကြွင်း နှစ်ခု ဖြစ်ကြောင်း လူတိုင်း သိနေကြသည်။

ဒုတိယနှင့် တတိယ အထပ်ရှိ ဗွီအိုင်ပီ အခန်းများမှ ညှော်သည် အားလုံးနီးပါးသည် သူတို့ လုပ်လက်စ အလုပ်အားလုံး ရပ်တန့်လိုက်ပြီး လေလံပွဲ၏ အထွတ်အထိပ် အခြေအနေကို စောင့်ဆိုင်းရင်း စင်ပေါ်သို့ အာရုံစိုက်နေကြသည်။

"ကောင်လေးတွေ၊ ဒီနေ့ရဲ့ ပထမဦးဆုံး နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်းကို ယူလာခဲ့ကြ"

ယွမ်မေအာက အမိန့် ပေးလိုက်သည်နှင့် အနက်ရောင် ဝတ်စုံ ဂုတ်ဆင်ထားသော

လူနှစ်ယောက်က အနီရောင် သေတ္တာတစ်လုံးကို စင်မြင့်ပေါ် သယ်ဆောင်လာကြသည်။

" ဒါက ဒီနေ့အတွက် ပထမဦးဆုံး နတ်ဘုရားတစ်ပိုင်း ခါတ်ကြွင်းပဲ။ ဒီလေလံပွဲရဲ့ ဒုတိယမြောက် နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်းဆိုလည်း မမှားဘူး။ ကဲ ဘာဖြစ်မလဲ ဆိုတာ ငါလည်း သိချင်နေပြီ"

ယွမ်မေအာက အနီရောင် ပိတ်စ၏ အစွန်းတစ်ဖက်ကို ကိုင်ထားရင်း ပြုံးလိုက်သည်။ ခေတ္တရပ်တန့်ပြီး လူအုပ်ကြီးကို အကဲခတ်သည်။

အားလုံးက မျက်စိကျနေကြောင်း သိလိုက်လျှင် လက်ကောက်ဝတ်ကို အနည်းငယ် အားစိုက်ကာ အနီရောင်ပိတ်စကို ဖယ်ရှားလိုက်သည်။

ဖောက်ထွင်းမြင်ရသော အိတ်ထဲတွင် အောက်ဘက်သို့ ညွှန်ပြနေသော ခေါးရှည်တစ်ချောင်း ရှိနေသည်။ လေထုအလယ်တွင် လွင့်မျောနေပြီး ခေါးဖျားက အောက်သို့ စိုက်ကျနေသည်။

မြင်နေရသော အကျိုးသက်ရောက်မှုအရ ဒြပ်ဆွဲအား ဆန့်ကျင်သော တံဆိပ်နှင့် ဟန်ချက်ထိန်း

လျှောင်အိမ်တို့ကြောင့် ဤကဲ့သို့ ဖြစ်နေကြောင်း လူတိုင်း သိကြသည်။

“ဒါက နတ်ဘုရားတစ်ပိုင်းအဆင့် ခါးရှည်ခါတတ်ကြွင်းပါ။ သူ့နာမည်က မိန်းမနာမည်ပဲ. ဟုန်ယန်တဲ့...။ တကယ်တော့ ဒါက ရှေးခေတ် ခါးသမား ဂုယုံလို့ ခေါ်တဲ့ နတ်ဘုရားတစ်ပိုင်း ခါးသမားတစ်ယောက် ပိုင်ဆိုင်ခဲ့တဲ့အရာပဲ။ သူက တကယ့်ကို ချစ်တတ်လွန်းတဲ့ လူတစ်ယောက်ပေါ့။ ကွယ်လွန်သွားတဲ့ သူ့ဇနီးနာမည်ကို ခါးမှာ ပေးခဲ့တယ်"

"ဟုန်ယန်က အလယ်အလတ်အဆင့် နတ်ဘုရားတစ်ပိုင်းအဆင့် ခါးခါတ်ကြွင်း ဆိုပေမယ့် ငါတို့ဖတ်ဖူးတဲ့ သမိုင်းအချက်အလက်တွေ အရ ဂုယုံက သူ့အသက်ရှင်နေသေးတဲ့ အချိန်မှာ ဒီခါးနဲ့ အနည်းဆုံး နတ်ဘုရားတစ်ပိုင်းအဆင့် မွန်းစတား (၁၃) ကောင် သတ်ခဲ့ဖူးတယ်။ ဒီခါးက ခါးသမားတစ်ယောက် ပိုင်ဆိုင် ထားသင့်တဲ့ အကောင်းဆုံး လက်နက်တစ်ခုလို့ ကျွန်မ ထင်တယ်"

ယွမ်မေအာက ညွှ့်သည် အားလုံးကို ခေးရှည်အကြောင်း နားလည် သဘောပေါက်

နိုင်စေရန် အကြမ်းဖျင်း ရိုးရှင်းသော စကားဖြင့် မိတ်ဆက် ပေးပြီးနောက် ဈေးနှုန်း ဖွင့်လိုက်သည်။

"ဟုန်ယန် အတွက် အဖွင့်ဈေးက ကံကြမ္မာသလင်းကျောက် ဘီလီယံ (၄၀)။ ဈေးတစ်ခါတိုးရင် ကံကြမ္မာသလင်းကျောက် (၂)ဘီလီယံ တိုးရမယ်"

သူမ စကားပြောပြီးသည်နှင့် ဒုတိယအထပ်တွင် ဖန်သားပြင်များ ဆက်တိုက် လင်းလာသည်။

“ဗွီအိုင်ပီ အခန်း (A – 2) က (၄၂) ဘီလီယံ...."

“ဗွီအိုင်ပီ အခန်း (A – 11) က (၄၄) ဘီလီယံ..."

“ဗွီအိုင်ပီ အခန်း (A – 23) က (၄၈) ဘီလီယံ....”

"ဗွီအိုင်ပီ အခန်း (A – 41) က (၅၀) ဘီလီယံ ကမ်းလှမ်းထားပါတယ်"

ယွမ်မေအော ကြေငြာပြီးသည်နှင့် လေးလံ ဈေးနှုန်းလေးခု ဆက်တိုက် ပေါ်လာသဖြင့် လူအုပ်ကြီးက အံ့အားသင့်စွာ အော်ဟစ်ကြသည်။ ဆယ်စက္ကန့် မပြည့်ခင် အချိန်လေးမှာပင် နတ်ဘုရားတစ်ပိုင်း ခေတ်ကြွင်းက ဘီလီယံ ဆယ်နှင့်ချီပြီး ဈေးများ မြင့်တက်လာခဲ့သည်။

"ဒီလို လေလံပွဲထဲမှာ စောက်ရမ်းချမ်းသာတဲ့ လူတွေများမှန်း အခုမှ သိလိုက်ရတယ်...."

“အဲဒါတွေက (A) အဆင့် ဗွီအိုင်ပီ အခန်းတွေရဲ့ လေလံဈေးတွေပဲ ရှိသေးတယ်။ တတိယထပ်က (S)အဆင့် ဗွီအိုင်ပီ အခန်းထဲက သူဌေးကြီးတွေ လေလံစစ်ပွဲထဲ မပါသေးဘူး”

"နတ်ဘုရားတစ်ပိုင်း ခေတ်ကြွင်းကို ယှဉ်လုဖို့ အရည်အချင်း ပြည့်မီတဲ့လူတွေက အနည်းဆုံး အင်ပါယာအဆင့် တန်ခိုးရှင်တွေပဲ ဖြစ်ရမယ်”

“ဒါက သူတို့ အတွက်တော့ ပုံမှန်ပဲလေ...”

“ဗွီအိုင်ပီ အခန်း (A – 53) က (၅၂) ဘီလီယံ ပေးထားတယ်"

“ဗွီအိုင်ပီ အခန်း (S – 1) က ဘီလီယံ (၆၀) ပေးထားတယ်"

"ဗွီအိုင်ပီ အခန်း (S – 2) က (၇၀) ဘီလီယံနဲ့ ကမ်းလှမ်းထားပါတယ်"

...

(S) အဆင့် ဗွီအိုင်ပီ အခန်းထဲမှ သူဌေးကြီးနှစ်ယောက်က လေလံ ဝင်ဆွဲသည်နှင့် လူများက ဝိုင်းအော်ကြသည်။

"တတိယထပ်က သူဌေးကြီးတွေ နောက်ဆုံးတော့ သူတို့ရဲ့ ကျည်ဆံတွေကို ထုတ်သုံးပြီ"

"သူတို့ ဈေးပေးချက်က ရူးချင်စရာ ကောင်းလိုက်တာ....."

"အဲဒါမှ သူဌေးကြီးတွေလို့ ခေါ်ထိုက်တာ။ တစ်ခါ ဈေးတိုးလို့ကတော့ ရှစ်ဘီလီယံ၊ ဆယ်ဘီလီယံပဲ....."

"ဒုတိယ အထပ်က သူဌေးကြီးတွေကလည်း လက်လျှော့မယ့်ပုံစံ မရှိသေးဘူး။ သူတို့ရှိတာ ထုတ်ပြလိမ့်"

...

တတိယအထပ်မှ သူဌေး နှစ်ယောက်က လေလံပွဲထဲ ဝင်ပါလာသဖြင့် ဒုတိယထပ်မှလူများ တိတ်ဆိတ်သွားသည်။ သူတို့ထဲမှ တစ်ဦးကသာ (၇၅)ဘီလီယံဖြင့် ဈေးနှုန်း ကမ်းလှမ်းခဲ့သည်။ သို့သော်လည်း ဗွီအိုင်ပီ အခန်း (S – 2) မှ သူဌေးကြီးက (၈၅) ဘီလီယံနှင့် ချက်ချင်း ပိတ်ရိုက်ခဲ့သည်။ ထို့နောက် (A) အဆင့် ဗီအိုင်ပီ အခန်းမှလူက ဈေး ထပ်မခေါ်တော့ပေ။

"ဗွီအိုင်ပီ အခန်း (S -1) က ညှော့သည်က ထပ်ပြီး ကမ်းလှမ်းပါတယ်။ (၉၀) ဘီလီယံ....."

ယွမ်မေအာက လေလံဈေး ကြေငြာပြီးသည်နှင့် ဗွီအိုင်ပီ အခန်း (S – 2) ရှိ ဖန်သားပြင်က ပြန်လင်းလာသည်။

"ဘီလီယံ (၁၀၀) ၊ ဗွီအိုင်ပီ အခန်း (S – 2) မှ ညှော့သည်က နောက်ထပ် ဆယ်ဘီလီယံ ထပ်တိုး ပါတယ်။ ဟုန်ယန်ကို သူ့လက်ထဲ အပ်ရမယ်ဆိုတာ သိသာနေပါပြီ။"

ဗွီအိုင်ပီ အခန်း (S – 7) တွင် ရှိနေသော လင်းဟွမ်က သွားရှစ်ချောင်း ပေါ်အောင် ပြုံးနေသည်။

" ဗွီအိုင်ပီ အခန်း (S – 2) က ညှော်သည်က တော်တော်လေး သွေးဆူနေတဲ့ပုံပဲ"

ဘေးနားတွင် ထိုင်နေသော ရီကျန်းက သူ့ထင်ကြေးကို ထုတ်ဖော် ပြောဆိုလိုက်သည်။

ဗွီအိုင်ပီ အခန်း (S – 2) က ဘီလီယံ တစ်ရာ ကမ်းလှမ်းပြီးနောက် ရလဒ် အတည်ဖြစ်သွားပြီဟု လူတိုင်းက ထင်နေခဲ့ကြသည်။

ယွမ်မေအောပင် နောက်ဆုံးရလဒ်ကို ကြေညာရန် အသင့်ပြင်နေသည်။

သို့သော် ဗွီအိုင်ပီ အခန်း (S – 1) သည် ရုတ်တရက် ဈေးပေးလိုက်သည်။

ယွမ်မေအောပင် ခတ္တမျှ အံ့အားသင့်သွားသည်။ သူမမှားနေပြီဟု ထင်မိသော်လည်း မကြာခင် သူမ၏ အာရုံများ ပြန်လည် ရရှိလာသည်။

“ဗွီအိုင်ပီ အခန်း (S – 1) က ဧည့်သည်က ထပ်ပြီး လေလံဆွဲပါတယ်။ (၁၀၅) ဘီလီယံ လုံးဝကို အလျှော့မပေးဘဲ ပါဝါမကူ ရေမရှူ ဆင်နွှဲနေပါတယ်"

ဘီလီယံ (၁၀၀) စျေးနှုန်းကို ကျော်တက်သွားခြင်းသည် သာမန် နတ်ဘုရားတစ်ပိုင်း၏ အမြင့်ဆုံး စျေးနှုန်းထက် ကျော်လွန်သွားခြင်း ဖြစ်သည်။ ထို့ထက် ပိုပေးမည်သူ မရှိတော့ဘူးဟု လူတိုင်းက ထင်နေကြသည်။

"အဖြေ ထွက်သွားပြီ"

လူတိုင်းနီးပါးက ထိုကဲ့သို့ တွေးနေကြသည်။

ထိုစဉ် ဗွီအိုင်ပီ အခန်း (S – 2) ရှိ ဖန်သားပြင်သည် နောက်တစ်ကြိမ် လင်းလာသည်။

ယွမ်မေအာ၏ မျက်လုံးများ ပြူးကျယ်သွားသည်။

ဗွီအိုင်ပီ အခန်း (S – 2) မှ ဧည့်သည်သည် ဤဈေးရှည်ကို မရ၊ ရအောင် ယူရန် စိတ်ပိုင်း ဖြတ်ထားပုံ ရသည်။

"ဗွီအိုင်ပီ အခန်း (S – 2) က ဧည့်သည်က ထပ်ပြီး လေလံဆွဲပါတယ်။ ဆယ်ဘီလီယံ ထပ်တိုးပြီး အခု လေလံဈေးနှုန်းက (၁၁၅) ဘီလီယံ ရှိနေပါပြီ"

"ထပ်တိုး ပေးချင်တဲ့ လူရှိသေးလား။ ဒီလို မဟုတ်ရင် ဒီ ဟုန်ယန်ကို ဗွီအိုင်ပီ အခန်း (S – 2) က ဧည့်သည် ပိုင်ဆိုင်ပါတော့မယ်နော်""

...

တတိယထပ်ရှိ ဗွီအိုင်ပီ အခန်း (S- 2) တွင် ဗလတောင့်တင်းပြီး ဆံပင်တိုသော အမျိုးသမီးက "ဒီခါးကို ငါရအောင် ယူပြမယ်" ဟု ခပ်ပြင်းပြင်း အော်ဟစ်လိုက်သည်။

(၁၁၅) ဘီလီယံက အလယ်အလတ်အဆင့် နတ်ဘုရားတစ်ပိုင်း ခါတ်ကြွင်း၏ အမြင့်ဆုံး ဈေးနှုန်း ဖြစ်သည်မှာ ထင်ရှားနေသည်။ နောက်ဆုံးတွင် ဗွီအိုင်ပီ အခန်း (S -1) မှ ညှော့သည်က နောက်တစ်ကြိမ် လေလံ မဆွဲတော့ချေ။

လေလံပွဲ နောက်ဆုံးနေ့၏ ပထမဦးဆုံး နတ်ဘုရားတစ်ပိုင်း ခါတ်ကြွင်းကို ဗွီအိုင်ပီ အခန်း (S –2) မှ အမျိုးသမီးက ရှူးသွပ်သော ဈေးနှုန်း (၁၁၅)ဘီလီယံနှင့် လေလံအောင်သွားသည်။

ပထမဦးဆုံး နတ်ဘုရားတစ်ပိုင်း ခါတ်ကြွင်း၏ လေလံစစ်ပွဲက အခြေအနေ တစ်ခုလုံးကို သွေးဆူ၍ လုံးဝ လောင်ကျွမ်းသွားစေခဲ့သည်။

လူများက နောက်လာမည့် အဖြစ်အပျက်များအတွက် ကြိုတင်ပြီး စိတ်လှုပ်ရှား နေကြသည်။

ထိုအချိန်တွင် ဗွီအိုင်ပီ အခန်း (S – 7) တွင် ရှိနေသော ရီရီယို့ တစ်ယောက် လုံးဝကို အံ့အော မှင်သက်နေသည်။

"အဖွဲ့ခွဲ (၃) က လူတွေက အရမ်း ချမ်းသာတာပဲ။ အလယ်အလတ်အဆင့် နတ်ဘုရားတစ်ပိုင်း ခေတ်ကြွင်းကိုတောင် (၁၁၅) ဘီလီယံနဲ့ လေလံဆွဲတယ်"

"အဖွဲ့ခွဲ (၃) တစ်ခုတည်း မဟုတ်ဘူး။ အဖွဲ့ခွဲ (၁) နဲ့(၂) က သူဌေးကြီးတွေလည်း ဒီလေလံပွဲထဲ ရောက်နေတာကိုး"

ရီကျန်းက စကား ပြင်ပေးလိုက်သည်။

လင်းဟွမ်က ပြုံးနေရင်း

"ဒီလူတွေမှာ ဒီလောက်ဈေးကြီးတဲ့ ပစ္စည်းတစ်ခုကို လေလံဆွဲဖို့ အကြောင်းပြချက်တွေ အများကြီး ရှိတယ်။ ဒါပေမဲ့ အဓိက အကြောင်းရင်းက ဗွီအိုင်ပီ အခန်း (S – 1) နဲ့ (S -2) ထဲက ဧည့်သည်တွေက ဟုန်ယန်ကို အရ လိုချင်နေကြတော့ လေလံပွဲထဲမှာ သူတို့နှစ်ယောက်ကြား ပွတ်တိုက်မှု ဖြစ်တာ ပုံမှန်ပဲ...."

"အထူးသဖြင့် ဗွီအိုင်ပီ အခန်း (S – 2) က ဧည့်သည်ဆို သွေးဆူနေတာ ထင်ရှားတယ်။ တခြား ဧည့်သည်တွေ စျေးနှုန်း ဘယ်လောက်ပဲပေးပေး အမြဲတမ်း ဆယ်ဘီလီယံ တိုးပြီးပေးခဲ့တယ်။ သူ့သာ ဒီပုံစံနဲ့ လေလံမဆွဲခဲ့ရင် နောက်ဆုံး လေလံစျေးက ဒီလောက် မြင့်မှာမဟုတ်ဘူး"

"တကယ်တော့ (၁၀၅) ဘီလီယံက ဗွီအိုင်ပီ အခန်း(S – 1) ပေးချင်တဲ့ အမြင့်ဆုံးစျေးနှုန်း ဖြစ်လိမ့်မယ်လို့ ငါ ထင်တယ်။ ဗွီအိုင်ပီ အခန်း (S – 2) မှ ဧည့်သည်က သူ့စိတ်သူ ထိန်းနိုင်ရင် ဗွီအိုင်ပီ အခန်း (S – 1) မှ ဧည့်သည်ထက်

နှစ်ဘီလီယံလောက် ထပ်တိုးပေးရုံပဲ။ ဒီခါးကို (၁၀၇)ဘီလီယံနဲ့ လေလံဆွဲလို့ ရနိုင်တာကို ကံကြမ္မာသလင်းကျောက် ရှစ်ဘီလီယံလောက် ဖြုန်းတီးပစ်လိုက်တယ်"

ပထမဦးဆုံး နတ်ဘုရား တစ်ပိုင်းခါတ်ကြွင်းသည် မည်သူမှ မမျှော်လင့်ထားသည့် မြင့်မားသော ဈေးနှုန်းနှင့် လေလံတင် ရောင်းချနိုင်ခဲ့သည်။

ယွမ်မေအာသည် အဖွဲ့ခွဲ (၃) အလယ်အလတ်အဆင့် နတ်ဘုရားတစ်ပိုင်း ခါတ်ကြွင်း၏ လေလံဈေးနှုန်း စံချိန်ကို

ချိုးဖျက်နိုင်ခဲ့သည့်အတွက် ဝမ်းသာနေသော်လည်း ထိုကိစ္စကြောင့် သူမအလုပ်ကို နှောင့်နှေးခြင်း မရှိခဲ့ပေ။ မကြာခင်မှာပင် သူမက ဒုတိယမြောက် နတ်ဘုရားတစ်ပိုင်း ခါတ်ကြွင်းကို ယူလာရန် ဝန်ထမ်းများအား အကြောင်းကြား လိုက်သည်။

## အခန်း(၈၂၄) - ကျောက်စိမ်းနက်

ဒုတိယမြောက် နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်းမှာ ဓါးတစ်ချောင်း ဖြစ်သည်။ လင်းဟွမ်က ဤဓါးကို လေလံတင် ရောင်းချရသည့် အကြောင်းအရင်းမှာ ၎င်းက အဆင့်နိမ့် နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်း ဖြစ်နေသောကြောင့် ပင်။

သူနှင့်အတူ နတ်ဘုရားတစ်ပိုင်း ဓါးဓါတ်ကြွင်းပေါင်း (၁၃)ခု ရှိနေပြီး ထိုအထဲမှ (၅) ခုမှာ အလယ်အလတ်အဆင့် နတ်ဘုရားတစ်ပိုင်း

ခါးခါတ်ကြွင်းများ ဖြစ်ကာ (၁)ခု က အဆင့်မြင့် နတ်ဘုရားတစ်ပိုင်း ခါးခါတ်ကြွင်း ဖြစ်သည်။

နတ်ဘုရားတစ်ပိုင်း ခါး ခါတ်ကြွင်းများသည် အဆင့်မြင့်လာသည်နှင့်အမျှ အသုံးပြုနေစဉ်အတွင်း လိုအပ်သော ကံကြမ္မာစွမ်းအားက ပိုမိုများပြား လာသည်။ သို့သော်လည်း ယင်းအချက်က လင်းဟွမ်အတွက် စိုးရိမ်စရာ မဟုတ်ပေ။ သူ၏ နတ်မီးလျှံကြောင့် သူ့ခန္ဓာကိုယ်ထဲရှိ ကံကြမ္မာ စွမ်းအားများက အဆုံးမရှိပေ။

ထို့ကြောင့် အင်ပါယာအဆင့်ကို တက်လှမ်းလိုက်သည်နှင့် အဆင့်မြင့် နတ်ဘုရားတစ်ပိုင်း ဓါးခါတ်ကြွင်းကို တစ်ခါတည်း အသုံး ပြုနိုင်သည်။ အများဆုံးမှ အလယ်အလတ်အဆင့် နတ်ဘုရားတစ်ပိုင်း ဓါးတစ်လက် သို့မဟုတ် နှစ်လက်ကို အရံဆောင်ထားပြီး ကျန်သည့် အရာများကို ရောင်းချမည်သာ။

စင်ပေါ်တွင် အနီရောင် ဝတ်စုံဝတ်ထားသော ယွမ်မေအာက မတ်တပ်ရပ်နေသည်။ ထို့နောက် အေးစက်၍ နက်မှောင်နေသော ဓါးတစ်ချောင်းကို

လှူတိုင်းရှေ့တွင် ပြသလိုက်သည်။ ဒါသည် အနက်ရောင် ကျောက်စိမ်း တစ်ချောင်းနှင့် တူနေသည်။

ထိုဓါးကို မြင်ရသည့် အခိုက်အတန့်တွင် လှူတိုင်းထံမှာ အံ့အောသင့်သွားသော အာမေဋ္ဌိတ် အသံများ ထွက်ပေါ်လာသည်။

သူတို့က အလယ်အလတ်အဆင့် ဤနတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်းကို မြင်လိုက်သည့် အခိုက်အတန့်၌ အစောပိုင်းက မြင်ရခဲ့သော

တုံ့ပြန်မှုထက် ပိုမို ပြင်းထန်သော တုံ့ပြန်မှုကို တုံ့ပြန်လာကြသည်။

"အရမ်းလှတာပဲ.."

"ဒီဓါးက အနုပညာ လက်ရာတစ်ခုနှင့်တောင် တူနေသေးတယ်"

"ငါလည်း ညှော့ခန်းထဲမှာ အလှဆင်ထားရင် ကောင်းမယ်လို့ တွေးနေမိတာ.. သုံးထားတဲ့ ပစ္စည်းတွေက သတ္တုတစ်ခုနဲ့ မတူဘူး.. တိုက်ပွဲထဲမှာ သုံးရင် ကျိုးပဲ့ မသွားနိုင်ဘူးလား.."

တတိယထပ် VIP အခန်း (S-7) အခန်းထဲတွင် ရီရီယွီက.....

"ငါက ခါးသမားတစ်ယောက် မဟုတ်ပေမယ့် ဒီခါးကို မြင်လိုက်တော့ အရမ်း ဝယ်ချင်လာတယ်"

ဤစကားလုံးသည် ခါး၏ အသွင်အပြင်ကြောင့် ဆင်းသက်လာခြင်း ဖြစ်ပြီး မည်သည့်အရာနှင့်မှ သက်ဆိုင်ခြင်း မရှိပေ။

"ခါးသမားတွေကြားမှာ ကြမ်းတမ်းတဲ့ ရန်ပွဲတစ်ခု ဖြစ်လာမှာ သေချာတယ်.."

ရီကျန်းကလည်း ခေါင်းညိတ်ပြီး ထောက်ခံလိုက်သည်။ လင်းဟွမ်ကို လှည့်ကြည့်လိုက်ရာ ခံစားချက် အပြောင်းအလဲ မရှိကြောင်း သတိထား လိုက်မိသည်။ ထို့ကြောင့် လင်းဟွမ်၏ ခံစားချက်ကို မပြောနိုင်ပေ။

အမှန်ဆို လင်းဟွမ်လည်း ဤခါးကို အလွန်နှစ်သက် သဘောကျခဲ့ပြီး နောက်ဆုံး၌ ခက်ခက်ခဲခဲ ဆုံးဖြတ်ကာ ရောင်းချရန် ဆုံးဖြတ်ခဲ့ခြင်းပင် ။

သူသည် လုမင်ကဲ့သို့ မဟုတ်ပေ။ ဓါးများကို စုဆောင်းတတ်သည့် အလေ့အကျင့် မရှိချေ။ သူ့အတွက်မူ လက်နက်တစ်ခု၏ လက်တွေ့ သုံးဝင်မှုကသာ အဓိကအရေးပါသည်။ မည်မျှပင် အံ့ဩဖွယ်ကောင်းပါစေ၊ အလယ်အလတ်အဆင့် ဓါးခါတ်ကြွင်းများသည် အဆင်မြင့် ဓါးခါတ်ကြွင်းများထက် လက်တွေ့ အသုံးဝင်မှု နိမ့်ကျသောကြောင့် ထိန်းသိမ်းထားစရာ အကြောင်း မရှိချေ။

စင်ပေါ်မှ ယွမ်မေအာက ချက်ချင်း စကား မပြောသေးပေ။ ထိုအစား လူအုပ်ကြီးကို ကြည့်ပြီး

လူတိုင်းက ဓါးပေါ် မျက်စိကျနေသည်ကို မြင်လျှင် ဖြည်းဖြည်းချင်း ပြောလိုက်သည်။

"ဒီဓါးရဲ့ နာမည်က ကျောက်စိမ်းနက်.. ဒီဓါးကို ထွင်းထုထားတဲ့ ပစ္စည်းက သတ္တုမဟုတ်ဘူးလို့ လူတော်တော်များများ ခန့်မှန်းကြမှာ သေချာတယ်။ ဓါးကို နတ်ဘုရားတစ်ပိုင်း အဆင့် နဂါးမျိုးစပ်ရဲ့ ကျောရိုးနဲ့ ပြုလုပ်ပြီး သလင်းအနှစ်ကျောက် အနှစ်သာရနဲ့ အလှ ဆင်ထားတာပဲ။ ဒီဓါးက လှပတယ်လို့ လူတိုင်းက ထင်ကောင်းထင်နိုင်ပေမယ့် တကယ်က ညဖက် အလင်းရောင်တွေ ထိုးဖောက်

ဝင်ရောက်လာချိန်ဆို ခါးရဲ့ အနှစ်သာရ အပြည့်အဝကို ပို ခံစားမိစေမှာပါ ..”

ယွမ်မေအာက ထိုစကားကို ပြောလိုက်ချိန်မှာပင် လက်ခုပ်ပါ တပြိုင်နက် တီးလိုက်သည်။

ဖြောင်း…ဖြောင်း…..

လေလံခန်းမ တစ်ခုလုံး ရုတ်တရက် မှောင်ကျ သွားသည်။ တစ်ချိန်တည်းမှာပင် တောက်ပသော အဖြူရောင် အလင်းတန်းတစ်ခုက ထွင်းဖောက် မြင်နေရသော ခါးကို လှမ်းထိုးလိုက်သည်။ ဖြူဖွေးနေသော ရောင်ခြည်တန်းက ခါးကိုယ်ထည်ထဲ

ဝင်ရောက်သွားသည်နှင့် ခါးက တဖျတ်ဖျတ်လက်၍ တောက်ပလာသည်ကို လူတိုင်း မြင်လိုက်ရသည်။ မသိပါက ကောင်းကင်ပေါ်တွင် မှိတ်တုပ်မှိတ်တုပ် ကြယ်ကလေးများ ပြည့်နှက်နေသကဲ့သို့ပင်......

လူတိုင်း ရုတ်ရုတ်သဲသဲ ဖြစ်ကုန်သည်။ ထိုအထဲမှ လူတော်တော်များများက အင်ပါယာနှလုံးသား လက်စွပ်မှ ကင်မရာကို ထုတ်ပြီး ဓါတ်ပုံများ တဖျတ်ဖျတ် ရိုက်နေကြသည်။

တတိယထပ်ရှိ VIP အခန်း (S-7) အခန်းထဲမှ လင်းဟွမ်ပင် အံ့ဩမှင်သက်နေသည်။

"ဒီလူတွေ တကယ်ပဲ အားစိုက်ထားတာပဲ.."

"သမိုင်း အချက်အလက်ကို ကြည့်ရရင် ဒီကျောက်စိမ်းနက်က ရှေးဟောင်း လက်နက်သခင် အိုယောင်မင်းရဲ့ အစောပိုင်း လက်ရာတွေထဲက တစ်ခုပါ။ အစောပိုင်း လက်ရာတွေထဲမှာ ဆရာအိုရဲ့ လက်ရာက အလွန်လက်ရာမြောက်တယ် ဆိုတာ လူတိုင်း သိပါတယ်။ ကျောက်စိမ်းနက်က အဆင့်နိမ့် နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်းတစ်ခု ဆိုပေမယ့် နာမည်ကျော် လက်နက်စုဆောင်းသူ ထဲမှာ နာမည်ဆိုးနဲ့ ကျော်ကြားတဲ့ လီကွမ်ဟောင်က မိုးလောက်မြင့်တဲ့ ဈေးပေးပြီး ဝယ်ချင်တဲ့

လက်နက်တစ်ခုပါ။ လီကွမ်ဟောင် ဆိုတဲ့နာမည်ကို လူတိုင်း သေချာပေါက် သိကြမှာပါ။ သူက ရှေးခေတ် သမိုင်းစာအုပ်တွေထဲမှာ မှတ်တမ်းတင်ထားတဲ့ နံပါတ်(၁) စုဆောင်းသူပဲ။ ဒါပေမယ့် သူက အတုယောင်နတ်ဘုရားတစ်ပါး ဖြစ်တဲ့ကြောင်းကို လူသိပ်မသိကြပါဘူး”

“ဆရာကြီး လီကွမ်ဟောင်က ကျောက်စိမ်းနက်ကို ဝယ်ပြီး သူ့အိမ်မှာ အလှဆင်ခဲ့တယ်လို့ ဆိုတယ်။ နှစ်အနည်းငယ်ကြာတော့ သူ့တူက လီကွမ်ဟောင် အိမ်ကို အလည်သွားတဲ့ အချိန်မှာ ကျောက်စိမ်းနက်ကို

တွေ့ခဲ့တာ ဖြစ်ပါတယ် ။ ကျောက်စိမ်းနက်ကို မြင်မြင်ချင်း သဘောကျသွားပြီး သူ့ဦးလေးကို ပြောလိုက်တာကတော့”

“လက်နက်တစ်ခုဆိုတာ ရန်သူရဲ့ သွေးကို သောက်ရမယ်.. ဒါ သူ့ရဲ့ကံကြမ္မာပဲ။ အခန်းထဲမှာ အရုပ်တစ်ခုလို အလှဆင် ထားတာက နတ်ဘုရားပေးတဲ့ လက်ဆောင်ကို ဖြုန်းတီးနေတာပဲ။ အမှန်တကယ် စုဆောင်းချင်တယ် ဆိုရင် တိုက်ပွဲတွေ အများကြီး အနိုင်ယူပြီး အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေ လုပ်ပြီးတော့ ဒီဓါးရဲ့ကံကြမ္မာကို ဖြည့်ဆည်းပေး သင့်တယ်။

ခါးကို သွေးသောက်ခိုင်းပြီးရင် ဦးလေးဆီ ပြန်လာပို့ပေးမယ်....”

“ဆရာကြီး လီကွမ်ဟောင်ကလည်း သူ့တူကို ကျောက်စိမ်းနက်ခါး ပေးလိုက်တယ်။ ဒီခါးနဲ့ အသတ်ခံရတဲ့ နတ်ဘုရားတစ်ပိုင်း မွန်းစတား အနည်းဆုံး အကောင် (၂၀)လောက်နဲ့ နတ်ဘုရားတစ်ပိုင်း အဆင့်အောက် မွန်းစတားတွေကတော့ ရေတောင် မရေတွက်နိုင်ဘူး။ နောက်ပိုင်းကျတော့ သူ့တူလည်း စစ်ပွဲတစ်ခုထဲမှာ သေဆုံးသွားခဲ့တယ်”

“ဆရာကြီး လီကွမ်ဟောင်က ခါးကို ပြန်ယူရမယ့်အစား သူ့တူ အလောင်းနဲ့အတူ မြေမြှုပ်ပေးခဲ့တယ် .....”

“ကျောက်စိမ်းနက်က အဆင့်နိမ့် နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်းတစ်ခုပဲ ဆိုပေမယ့် သူရဲ့တန်ဖိုးက အဆင့်မြင့် နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်းတွေထက် အများကြီး မြင့်မားတယ်။ အဆင့်မြင့်ဆုံး အထွတ်အထိပ် နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်းနဲ့တောင် ယှဉ်နိုင်တယ်။ တစ်ကမ္ဘာလုံးမှာ ဒီတစ်ချောင်းတည်း ရှိတဲ့အတွက် ဒီအခွင့်အရေးကို လူတိုင်း ဆုပ်ကိုင်နိုင်မယ်လို့ မျှော်လင့်ပါတယ်။”

" ဒီတစ်ကြိမ် လွဲချော်သွားရင် နောက်တစ်ကြိမ်ဆိုတာ မရှိလာနိုင်တော့ပါဘူး။ ကျောက်စိမ်းနက်ရဲ့ အဖွင့်ဈေးက ကံကြမ္မာသလင်းကျောက် ဘီလီယံ(၃၀)၊ ဈေးနှုန်း တစ်ခါတိုးတိုင်း အနည်းဆုံး (၁)ဘီလီယံခွဲ တိုးရမယ်.."

ယွမ်မေအာက လေလံဈေးကို ကြေငြာလိုက်သည်နှင့် တပြိုင်နက် ဒုတိယထပ်နှင့် တတိယထပ်ရှိ VIP အခန်းများ၏ မျက်နှာပြင်များက ဆက်တိုက် လင်းလာသည်။

“VIP အခန်း (A – 32) က ဘီလီယံ (၄၀)”

“VIP အခန်း (A-1) က ဘီလီယံ (၅၀)”

“VIP အခန်း (S-3) က ဘီလီယံ (၆၀)”

“VIP ခန်း (S-6) က ဘီလီယံ (၈၀)”

……

ဈေးနှုန်းများ အဆက်မပြတ် တိုးမြင့်လာသည်ကို မြင်လျှင် လူအုပ်ကြီးသည် စောင့်ကြည့်ရင်း စိတ်လှုပ်ရှား လာကြသည်။

“မြင့်မြတ်တဲ့ နွားကြီးပဲ..”

(ဘာသာပြန် မှတ်ချက်။ ။ ချမ်းသာခြင်းကို တင်စားပြောဆိုသည်)

"အဆင့်နိမ့် နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်း တစ်ခုက အလယ်အလတ်အဆင့် နတ်ဘုရားတစ်ပိုင်း ဈေးနှုန်းကို ကျော်တက်ပြီးတော့ အဆင့်မြင့် နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်းရဲ့ ကြမ်းခင်းဈေးလောက် တန်းရောက်သွားတာပဲ."

"ဝမ်ပေါင် လေလံပွဲက အစကတည်းက ဒီဓါးကို အဆင့်နိမ့် နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်းလို့

မသတ်မှတ်ထားဘူး.. နောက်ပြီးတော့ အဖွင့်စျေးနှုန်းကကို ဘီလီယံ (၃၀) ဖြစ်နေပြီ”

“ဒီနေရာမှာ ချမ်းသာတဲ့လူတွေ အများကြီးပဲ..။ သူတို့တွေက အရူးတွေလိုပဲ အဆင့်နိမ့် ဓါတ်ကြွင်း တစ်ခုအတွက်နဲ့ ပြိုင်နေကြတယ်..”

. . .

VIP (S – 7) အခန်းထဲတွင် လင်းဟွမ်သည် ဤအချင်းအရာနှင့် ပက်သက်ပြီး နားမလည်နိုင် ဖြစ်နေသည်။ ဒါသည် အဆင့်နိမ့် နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်းတစ်ခုမျှသာ ဖြစ်သည်။ သဘောတရား

အရဆိုလျှင် အများဆုံး ဘီလီယံ(၃၀)နှင့် သာ ရောင်းချသင့်သည်။ သို့သော်လည်း ယခုအခါတွင် ဘီလီယံ (၈၀) ရှိနေပြီ။ တစ်ချိန်တည်းမှာပင် လေလံဆက်ဆွဲနေသည့် လူများလည်း ရှိနေသေးသည်။

"ချမ်းသာလွန်းတဲ့ လူတွေက ငွေပေါလွန်းလို့ မိုက်ရူးရဲ ဆန်ရဲတယ်.."

ရီရီယွီက နှုတ်ခမ်းလေးစူပြီး ပြောလိုက်သည်။

"သူဌေးတွေရဲ့ အပျော်က မင်းစိတ်ကူး နိုင်တာထက်တောင် ကျော်နေသေးတယ်"

ရီကျန်းက တောက်ပစွာပြုံးပြီး စကားပြင်ပေးလိုက်သည်။

ပြင်းထန်သော လေလံစစ်ပွဲကြီး ပြီးဆုံးသွားပြီးနောက် ကျောက်စိမ်းနက်ကို VIP အခန်း(S – 8) မှ ညွှန့်သည်က ကံကြမ္မာသလင်းကျောက် ဘီလီယံ (၁၆၀) နှင့် လေလံအောင်သွားသည်။ ဈေးနှုန်းသည် အဆင့်မြင့် နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်းနှင့် အတူတူ ဖြစ်နေသည်။

ယွမ်မေအာက အပြုံးလွန်ပြီး မျက်လုံး တစ်ဝိုက်တွင် အရေးအကြောင်းများပင် ပေါ်နေသည်။ သူမ ရောင်းခဲ့ဖူးသည့် သမိုင်း တစ်လျှောက်လုံးတွင် အဆင့်နိမ့် နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်း၏ အမြင့်ဆုံး ဈေးနှုန်းနှစ်ဆနှင့် ရောင်းချနိုင်ခဲ့သောကြောင့် ယနေ့မှာပင် ဒုတိယမြောက် စံချိန် ထပ်ချိုးသွားသည်။ ရာစုနှစ်ပေါင်းများစွာ အတွင်း၌ ဤစံချိန်ကို မည်သူမှ ချိုးနိုင်တော့မည် မဟုတ်ပေ။

လာမည့် ရာစုနှစ်များအတွင်းတွင် လေလံပွဲအကြောင်း လေ့လာကြသည့် လူတိုင်းက

အဆင့်နိမ့် နတ်ဘုရားတစ်ပိုင်း ခါတ်ကြွင်းတစ်ခုကို ကံကြမ္မာသလင်းကျောက် ဘီလီယံ (၁၆၀) နှင့် လေလံတင် ရောင်းချခဲ့သည့် လေလံတင်ဆက်သူ ယွမ်မေအာ နာမည်ကို မှတ်မိနေကြလိမ့်မည်။

ကျောက်စိမ်းနက် ခါးကို လေလံတင် ရောင်းချပြီးနောက် နတ်ဘုရားတစ်ပိုင်း ခါတ်ကြွင်းများကို စင်ပေါ်သို့ တစ်ခုပြီးတစ်ခု ပို့ဆောင်လာခဲ့သည်။ အဆင့်နိမ့်နှင့် အလယ်အလတ်အဆင့် နတ်ဘုရားတစ်ပိုင်း ခါတ်ကြွင်းများပင် ပါဝင်သည်။

နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်း နောက်ငါးခုကို ကံကြမ္မာ သလင်းကျောက် (၉၈) ဘီလီယံ၊ ကံကြမ္မာသလင်းကျောက် (၃၇) ဘီလီယံ၊ ကံကြမ္မာ သလင်းကျောက် (၉၅) ဘီလီယံ၊ ကံကြမ္မာသလင်းကျောက် (၃၅) ဘီလီယံ နှင့် ကံကြမ္မာသလင်းကျောက် (၁၁၀)ဘီလီယံ အသီးသီး ရောင်းချနိုင်ခဲ့သည်။

အလယ်အလယ်အဆင့် နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်းသုံးခု ပါဝင်သော်လည်း သူတို့၏ ဈေးနှုန်းက ကျောက်စိမ်းနက်ထက် ပိုဈေးကြီးခြင်း၊ ပိုဈေးများအောင် ရောင်းချနိုင်ခဲ့ခြင်း မရှိခဲ့ပေ။

နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်း (၇) ခုကို ဆက်တိုက် ရောင်းချပြီးနောက် နောက်ထပ် အလှည့်ကျရောက်လာသည်မှာ နတ်ဘုရား ဓါတ်ကြွင်းနှစ်ခု ဖြစ်သောကြောင့် လေလံပွဲ၏ စိတ်လှုပ်ရှားမှုသည် အထွတ်အထိပ် အမြင့်ဆုံး အခြေအနေသို့ ရောက်ရှိသွား၏။

## အခန်း(၉၂၅) - ပထမဦးဆုံး နတ်ဘုရား ဓါတ်ကြွင်း.....

စင်ပေါ်တွင် ရှိနေသော ယွမ်မေအာသည် အလွန် စိတ်လှုပ်နေသည်။

သူမဘဝတွင် နတ်ဘုရား ဓါတ်ကြွင်းများကို ပထမဦးဆုံးအကြိမ် ရောင်းချဖူးခြင်းပင် ။ ထို့အပြင် ဤတစ်ကြိမ် ရောင်းချမည့် နတ်ဘုရားဓါတ်ကြွင်းက နှစ်ခု ဖြစ်နေသေးသည်။

ဒါသည် နှစ်ပေါင်း (၂၀၀) အတွင်း၌ အဖွဲ့ခွဲ (၃)တွင် ရှိနေသော လေလံ တင်ဆက်သူများ အတွက် အထူးဝမ်းမြောက် ဂုဏ်ယူစရာ ကိစ္စတစ်ခု ဖြစ်သည်။

ထို့အပြင် စုဆောင်းသူများက ဤပစ္စည်း နှစ်ခုအတွက် မျှော်လင့် စောင့်စားနေကြောင်း သူမ ရှင်းရှင်းလင်းလင်း သိနေသည်။

“မင်းတို့အားလုံးလည်း ငါနဲ့ ထပ်တူ ခံစား နေရမယ်လို့ ယုံကြည်ပါတယ်”

“ကဲ.. နောက်ဆုံးပစ္စည်း နှစ်ခု အလှည့် ကျရောက်လာပြီဆိုတော့ ငါတို့ အားလုံးရဲ့ ရင်ခုန်သံတွေ မြန်နေကြမှာပေါ့”

“ရိုးရိုးသားသား ပြောရရင် ငါလည်း နည်းနည်းလေး စိတ်ပူနေတယ်။ ဒါက လေလံတင်ဆက်သူ အနေနဲ့ လုပ်လာတဲ့ (၁၆) နှစ်တာ ကာလအတွင်းမှာ ဒုတိယအကြိမ်မြောက် စိတ်ပူတာပဲ။ ပထမအကြိမ်က လွန်ခဲ့တဲ့ (၁၆) နှစ် ပထမဦးဆုံးအကြိမ် လေလံ တင်ဆက်သူ လုပ်ခဲ့တဲ့အချိန်ပဲ”

"တကယ်ဆိုရင် ပြီးခဲ့တဲ့လမှာ ဒီလေလံပွဲ ကျင်းပမယ်လို့ သူဌေးက ငါ့ဆီ ဆက်သွယ်လာတဲ့ အချိန် ငါတကယ်ပဲ မယုံကြည်နိုင်ခဲ့ဘူး။ စာရင်းသွင်းတဲ့ အခါမှာလည်း ငါ့ကိုယ်ငါ အရွေးချယ် ခံရလိမ့်မယ်လို့ မမျှော်လင့်ခဲ့မိဘူး"

" ဘာဖြစ်လို့လဲ ဆိုတော့ ဒီလေလံပွဲရဲ့ နောက်ဆုံးပစ္စည်းနှစ်ခုက ဘယ်လောက် ထူးခြားနေလဲ ဆိုတာ လူတိုင်း သိကြမှာပါ။ အတွေ့အကြုံကြွယ်ဝတဲ့ စီနီယာတွေ အများကြီးက ဒီဝမ်ပေါင် လေလံပွဲအတွက် စာရင်း တင်သွင်းကြတယ်။ အဖွဲ့ခွဲ (၃) နဲ့ အဖွဲ့ခွဲ (၁) မှာ

နာမည် ကျော်ကြားနေကြတဲ့ စီနီယာ တစ်ချို့တောင် ဒီလေလံပွဲကို မျှော်လင့်ချက်ကြီးကြီး ထားပြီး စာရင်းသွင်းခဲ့ကြတယ်”

“ဘာဖြစ်လို့လဲ မသိဘူး.....၊ နောက်ဆုံးမှာ သူဌေးထန်က ငါ့ကို ရွေးချယ်ခဲ့တယ်။ ဒီနေ့ အထိလည်း ငါ နားမလည်သေးဘူး။ ဒါပေမယ့် ငါ့အပေါ်ထားတဲ့ သူ့ယုံကြည်မှု စိတ်မပျက်သွားစေဖို့ ငါ အကောင်းဆုံး ကြိုးစားမယ်”

ဝန်ထမ်းများက ပစ္စည်းများ သယ်ယူရန် ပြင်ဆင်နေသည့် အချိန်တွင် ယွမ်မေအာက

သူမရင်ထဲမှ စကားလုံးများကို ထုတ်ဖော်ပြောဆိုလိုက်သည်။

လူအုပ်ကြီးကလည်း သူမကို အော်ဟစ်အားပေးကြသည်။

"အခု ငါ့အဖွဲ့လည်း အသင့် ဖြစ်နေပြီဆိုတော့ ဒီနေ့အတွက် ပထမဦးဆုံး ပစ္စည်းကို အတူတူကြည့်လိုက်ရအောင်"

သူမ စကားပြောပြီးသည်နှင့် ဝန်ထမ်းလေးယောက်က မှန်လှောင်အိမ်တစ်ခုကို စင်ပေါ်သယ်ဆောင်လာသည်။

ဖုံးအုပ်ထားသော ပိတ်စကို မဖယ်ရှားရသေးခင် လူများကလည်း သူတို့ အချင်းချင်း စတင်ဆွေးနွေးနေကြသည်။ အခန်းတစ်ခုလုံး လှုပ်ရှားအသက်ဝင်ကာ ဆူညံ ပွက်လောရိုက်နေသည်။

"ဘာဖြစ်လို့ မှန်လှောင်အိမ်ကြီးက အရမ်းကြီးနေရတာလဲ။ သယ်လာတဲ့ ဝန်ထမ်းတွေကလည်း တော်တော်လေး အားစိုက်နေတဲ့ပုံပဲ"

"ဟော့ကောင်တွေ ကြည့်စမ်း.. တော်တော်လေးမယ့်ပုံပဲ.."

"ငါကတော့ လုံ ဖြစ်မယ်လို့ ခန့်မှန်းတယ်.."

"ခန့်မှန်းစရာ မလိုဘူး.. အဲ့တာ ဆေဘာပဲ ဖြစ်နိုင်တယ်.."

နှစ်သစ်ကူး မတိုင်ခင်က ထန်ရှုသည် နတ်ဘုရားခါတ်ကြွင်းနှစ်ခုကို လေလံတင် ရောင်းချမည့်အကြောင်း ကြေငြာခဲ့ပြီး ယခုတစ်ကြိမ် လေလံတင် ရောင်းချမည့် နတ်ဘုရားခါတ်ကြွင်း နှစ်ခုက ဖြစ်သည့်ပစ္စည်း ဖြစ်ကြောင်းကိုလည်း မပြောခဲ့ပေ။ နတ်ဘုရားခါတ်ကြွင်းနှစ်ခု ဆိုသည့်မှတစ်ပါး အခြား မည်သည့် အကြောင်းအရာမှကို ထုတ်ဖော် ပြောဆိုခြင်း မရှိခဲ့ပေ။

ထို့ကြောင့် နတ်ဘုရား ခါတ်ကြွင်းနှစ်ခု၏ ပုံပန်းသဏ္ဍာန်ကို မည်သူမှ မသိကြပေ။

ဝန်ထမ်းများက အနီရောင် ပိတ်စကို ဖြည်းဖြည်းချင်း ဖယ်ရှားလိုက်ကြသည်။

လူအများက အသက်ရှူအောင့်ပြီး စိုက်ကြည့် နေကြသည်။ ဒုတိယထပ်နှင့် တတိယထပ် (VIP) အခန်းထဲရှိ လူများအပါအဝင် လူတိုင်းက ထိုအရာကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေကြသည်။

VIP အခန်း (S-2) ထဲတွင်ရှိနေသော ရီရီယွီက ..

"လင်းဟွမ်.. ဒီနတ်ဘုရား ဓါတ်ကြွင်းနှစ်ခုက ဘယ်လိုပုံစံလဲ ဆိုတာ နင်သိတယ် မဟုတ်လား.."

လင်းဟွမ်က လှည့်ကြည့်ကာ မျက်ခုံးပင့်လိုက်ပြီး..

"ခန့်မှန်းကြည့်ပါလား.."

"သွားစမ်း.."

ရီကျန်းက သူတို့နှစ်ယောက်ကို တိတ်တဆိတ် စိုက်ကြည့်လိုက်ပြီး ပရောပရည် လုပ်နေသည် ဟူသော စိတ်ထဲမှ မှတ်ချက် ပေးလိုက်သည်။

"အဝတ်စ ဖယ်လိုက်ရင် သိမှာပေါ့.."

စင်ပေါ်တွင် လေလံပွဲတင်ဆက်သူ ယွမ်မေအာက အနီရောင်ပိတ်စ တစ်ဖက်ကို ဆွဲကိုင်ပြီး လူတိုင်းကို ပြုံးပြလိုက်သည်။

"အိုး.. အားလုံးကို ကြည့်ရတာ စိတ်လှုပ်ရှားနေတဲ့ ပုံပဲ.. အားလုံးရဲ့ ခန့်မှန်းချက်နဲ့ ကိုက်ညီရဲ့လားဆိုတာ ငါလည်း သိချင်နေပြီ.."

သူမက စကား ပြောပြီးသည်နှင့် အနီရောင်ပိတ်စကို ဆွဲဖယ်လိုက်သည်။ ထွင်းဖောက်မြင်နေရသော မှန်လုံအိမ်ထဲတွင် ကြီးမားသော လုံကြီးတစ်ချောင်းကို ချထားသည်။ လုံ၏

စုစုပေါင်းအရှည်မှာ အနည်းဆုံး (၅) မီတာ ခန့်ရှိပြီး လုံအသွားက အပြာရောင် သမ်းနေကာ ကတော့ချွန် ပုံစံ ရှိသည်။ သို့သော်လည်း စင်းလုံးချော ဖြစ်နေရမည့်အစား ခရုပတ် ဝက်အူရစ်ပုံစံ ဖြစ်နေသည်။

အပေါ်ဘက်တွင် ကျဉ်းမြောင်းပြီး အောက်ရောက်လာသည်နှင့်အမျှ လက်ကိုင်၏ အောက်ခြေက ပိုမိုထူထဲလာသည်။ လုံထိပ်ဖျားက အလွန်ပါးလွှာကာ ပန်းထိုးအပ်တစ်ခု နီးပါးစာပင် ကျဉ်းမြောင်းသွား၏။

ရန်သူများကို တံကျင်နှင့် ထိုးစိုက်သကဲ့သို့ ထိုးစိုက်နိုင်သလို ရန်သူများကို အသားပြားများကဲ့သို့ ပြားပြား ကပ်သွားအောင် ဤလုံ၏ လေးလံသော အလေးချိန်ကိုလည်း အသုံးပြုနိုင်သည်။

"ရောင်းချသူရဲ့ ပြောစကားအရ ဒီလုံရဲ့နာမည်က ပိုင်ဟောင်။ အလယ်ခေတ် မတိုင်ခင်ကတည်းက တည်ရှိနေခဲ့တော့ အချိန် တော်တော်လေး ကြာနေပြီ ပြောရမှာပဲ။ ငါတို့သမိုင်းနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို လှန်လှော ရှာဖွေပေမယ့် လုံနဲ့ပတ်သက်တဲ့ အချက်အလက်တွေကို ရှာ မတွေ့ခဲ့ဘူး"

"ဒါပေမယ့် အလယ်အလတ် ခေတ်တုန်းက မှတ်တမ်းတင်ထားတဲ့ စာရွက်စာတမ်း တစ်ခုတော့ ရှိခဲ့တယ်။ အပြာ ရဲတိုက်၊ (၆) မီတာရှည်တဲ့ လှံတစ်ချောင်းလို့ ရေးထားတယ်။ အဲ့ဒါက ဒီလှံကို ရည်ညွှန်းတယ်လို့ အကြမ်းဖျင်းတော့ ခန့်မှန်းလို့ ရတယ်"

"စာရွက် စာတမ်းတွေရဲ့ ဖော်ပြချက်အရတော့ အစောပိုင်း ကာလမှာ နဂါးသူရဲကောင်း တစ်ကောင်က လှံကို လက်ထဲကိုင်ဆွဲပြီး ပေါ်လာခဲ့တယ်။ နဂါးသူရဲကောင်းရဲ့ နာမည်ကိုတော့ အတိအကျ မှတ်တမ်း မတင်ထားပေမယ့်

စာရွက်စာတမ်းတွေ အရတော့ သူက အတုယောင် နတ်ဘုရားအဆင့် တိုက်ခိုက်ရေးအစွမ်း ရှိတယ်။ ပြီးတော့ သူနဲ့အတူ အတုယောင်နတ်ဘုရား အဆင့်မြင့် အဆင့် နဂါးမျိုးစပ် (၃) ကောင်လည်း ရှိသေးတယ်။ အဲ့ခေတ်မှာတော့ ဒီလူက အစစ်အမှန် နတ်ဘုရား အဆင့်အောက်က နံပါတ်တစ် ဖြစ်လုနီးပါး ပဲ”

“နောက်ပိုင်းတော့ စစ်ပွဲတွေ ဖြစ်လာပြီး စစ်ပွဲထဲမှာပဲ သူ့ရဲ့ နဂါးမျိုးစပ် (၃) ကောင်နဲ့ သူလည်းသေသွားတယ်၊ လုံလည်း ပျောက်ကွယ်သွားခဲ့တယ်။ ဒါ ငါတို့သိတဲ့

တစ်ခုတည်းသော အချက်အလက်ပဲ။ ဒါကြောင့် ဒီအချက်အလက်တွေက မှန်လား၊ မမှန်ဘူးလား ဆိုတာ အတည် မပြုနိုင်သေးဘူး”

ယွမ်မေအာက ဆက်ပြောလိုက်သည်။

“မင်းတို့က ဒါကို ပုံပြင်တစ်ခုအနေနဲ့ မှတ်ယူနိုင်တယ်။ ကဲ.. ဒီလုံအကြောင်း ပြောရအောင်.. အမှန်တကယ်တော့ ဒီလုံကြီးရဲ့ပုံစံက သူ့ရဲ့ တကယ့်ပုံစံ အမှန် မဟုတ်သေးဘူး။ ဒါက ထိပ်ချွန်ကတော့ပုံစံရှိပြီး အရှည်ကို နောက်ထပ် (၂) မီတာ ထပ်ပြီး ဆန့်ထုတ် နိုင်သေးတယ်။

လှုံ့ထိပ်ဖျားကိုလည်း ထက်မြတဲ့ ဓါးသွားအဖြစ် ပြောင်းလဲနိုင်ပြီးတော့ အဲ့ဒီအချိန်မှာ အလေးချိန်က အလွန် ပေါ့ပါးနေမယ်။”

“ မူရင်းပုံစံက စစ်ပွဲတွေမှာ တိုက်ခိုက်ဖို့ သင့်တော်တယ်။ ချွန်ထက်တဲ့ ပုံစံကတော့ တခြားလူတစ်ယောက်ကို အမဲလိုက်တာ၊ တစ်ယောက်ချင်း တိုက်ခိုက်တဲ့ နေရာတွေမှာ သင့်တော်တယ်။ နတ်ဘုရားစွမ်းအားနဲ့ပဲ အသက်သွင်းနိုင်လို့ ငါတို့မှာ ဒါကို သရုပ်ပြပေးနိုင်မယ့် နည်းလမ်း မရှိဘူး”

ယွမ်မေအာက သူမ၏ လက်ချောင်းများကို ကူကယ်ရာမဲ့စွာ ဆန့်တန်းပြီး ပြောလိုက်သည်။

နှစ်ကူးမတိုင်ခင်က ထန်ရှုသည် လေလံပွဲထဲတွင် ဒီနတ်ဘုရားဓါတ်ကြွင်း နှစ်ခုကို သရုပ်ပြပေးရန် သူ့မျိုးနွယ်စုထဲက ဘိုးဘေးများကို တောင်းဆိုခဲ့သည်။

သို့သော်လည်း အဖွဲ့ခွဲ (၁) တွင် ဟင်းလင်းပြင် အပျက်အစီးအသစ် ပေါ်လာသောကြောင့် ထန်မျိုးနွယ်မှ ဘိုးဘေးများသည် ဤပွဲ တက်ရောက်ရန် မအားတော့ပေ။ ထို့ကြောင့်

သရုပ်ပြချင်သည့် စိတ်ကူးကို ဘေးဖယ်ထားလိုက်ရသည်။

ယွမ်မေအာ စကားပြောနေစဉ် VIP (S – 2) အခန်းထဲမှ အသံတစ်ခု ထွက်ပေါ်လာသည်။

“ငါ မင်းတို့ အားလုံးအတွက် အလကား သရုပ်ပြပေးမယ်..”

ယွမ်မေအာသည် ထိုကမ်းလှမ်းမှုကို ကြားလျှင် အံ့အားသင့်သွားသည်။ ထို့နောက် စင်အောက်မှာ ရှိနေသော ထန်ရှူကို မေးချင်သော မျက်လုံးများနှင့် လှမ်းကြည့်လိုက်သည်။

ထန်ရှုသည် တစ်စက္ကန့်မျှ တုံ့ဆိုင်းသွားပြီးနောက် ခေါင်းညိတ်ပြလိုက်သည်။ သူမက နတ်ဘုရားတစ်ပိုင်း ဖြစ်နေသောကြောင့် လုံ့ကိုယူပြီး တစ်ခါတည်း ထွက်သွားမည်ကို စိုးရိမ်နေခဲ့သည်။ သို့သော်လည်း သေသေချာချာ တွေးတော ပြီးနောက် လူမြင်ကွင်းတွင် ထိုကဲ့သို့ ပြုလုပ်လိမ့်မည် မဟုတ်ဘူးဟု တွေးလိုက်မိသည်။ သတင်းများ ပျံ့နှံ့သွားသည်နှင့် တပြိုင်နက် သူမ၏ဂုဏ်သိက္ခာက လုံးဝ ဆုံးရှုံးသွားလိမ့်မည်။

“ရပါတယ်.. ကျေးဇူးပြုပြီး သရုပ်ပြပေးပါ ဆရာမ..”

ထန်ရှုထံမှ ခွင့်ပြုချက်ရပြီးနောက် ယွမ်မေအာက အပေါ်ထပ်မှ အခန်းဘက်သို့ လှမ်းကြည့်ပြီး ပြုံးကာ ခေါင်းညိတ်လိုက်သည်။

သူမစကား ဆုံးသွားသည်နှင့် စင်ပေါ်တွင် ပုံရိပ်တစ်ခု ဖျတ်ခနဲ ပေါ်လာသည်။ ဆံပင်တိုတိုနှင့် ဖိုသီဖတ်သီ ဖြစ်နေသော အမျိုးသမီး တစ်ယောက်ပင်။ သူမက ယောကျ်ားဆန်ဆန် အနက်ရောင် ကုတ်အင်္ကျီနှင့် အပြာရောင်ဂျင်းစကပ် အတို ဝတ်ဆင်ထားသည်။ သူမ၏ လက်မောင်းများက ကြွက်သားများကြောင့် ဖောင်းထစ်နေသည်။

လင်းဟွမ်သည် သူမလက်များက သူ့ပေါင်လောက် ရှိသည်ဟု တွေးလိုက်မိသည်။

နတ်ဘုရားတစ်ပိုင်း အမျိုးသမီးသည် သူ့ကိုယ်သူ မိတ်ဆက်ခြင်းပင် မရှိ။ သူမ၏လက်ကို မှန်လှောင်အိမ်ထဲ တိုက်ရိုက် ထည့်သွင်းကာ လှံကိုကိုင်ပြီး ဆွဲထုတ်လိုက်သည်။

"သေသေချာချာ ကြည့်.. ငါ တစ်ကြိမ်ပဲ သရုပ်ပြမယ်.."

နတ်ဘုရားတစ်ပိုင်း အမျိုးသမီးက သူမ၏ နတ်ဘုရား စွမ်းအားများကို လှံထဲ ထည့်သွင်း

လိုက်ချိန် လုံ့မျက်နှာပြင်ပေါ်တွင် စူးရှသော အပြာရောင် အလင်းစက်များ ဖြစ်ပေါ်လာသည်။

ခဏအကြာ အမျိုးသမီးက သာမန်မျက်စိနှင့် မြင်နိုင်သောနှုန်းဖြင့် လုံ့ကို ဖွေ့ယမ်းလိုက်သည်။ (၃)စက္ကန့်၊ (၄) စက္ကန့်အတွင်းမှာပင် အရှည် (၅) မီတာကျော်ရှိသော လုံ့သည် (၂) မီတာ ထပ်ရှည်လာပြီး နက်ပြာရောင် ဖြစ်လာသည်။ လုံ့၏အချင်းက (၅) စင်တီမီတာအထိ ပါးလွှာသွားသဖြင့် အပေါ်မှ ခါးပြားသည် ချွန်ထက်သော ဓါးမြှောင်နှင့် ပိုတူနေသည်။

နတ်ဘုရားတစ်ပိုင်း အမျိုးသမီးက ပေါ့ပေါ့ပါးပါး ဖော့ယမ်းပြီးနောက် တောက်ပစွာ ပြုံးလိုက်သည်။

"တကယ် ပိုပေါ့သွားတာပဲ.."

သူမက သရုပ်ပြပြီးနောက် လှံကို မှန်လှောင်အိမ်ထဲ ပြန်ထည့်ကာ VIP အခန်းထဲ ပြန်ဝင်သွားသည်။

"ကောင်းပြီ.. VIP ခန်း (S-2) မှ ဆရာမက လှံရဲ့ပြောင်းလဲနိုင်တဲ့ ပုံစံကို သရုပ်ပြပြီးပြီ။ အခုပဲ လေလံပွဲကို တရားဝင် စတင်လိုက်ရအောင်။ အဖွင့်ဈေးနှုန်းက နတ်ဘုရားရုပ်တု နှစ်ခု၊ တစ်ကြိမ်

စျေးတိုးတိုင်း နတ်ဘုရားတစ်ပိုင်း အဆင့်ထက် မနိမ့်တဲ့ ပစ္စည်းတစ်ခု တိုးပေးရမယ်”

# အခန်း(၉၂၆) - ဝယ်ပါ့မလား...

"အဖွင့်စျေးက နတ်ဘုရားရုပ်ထု နှစ်ခု... လေလံစျေး တစ်ကြိမ် တိုးပေးတိုင်း နတ်ဘုရားတစ်ပိုင်း အဆင့်ထက် မနိမ့်ကျတဲ့ ပစ္စည်းတစ်ခု တိုးပေးရမယ်..."

ယွမ်မေအာ၏ လေလံပွဲ စတင်ကြောင်း ကြေညာချက်ကို ကြားလျှင် လူတိုင်းနီးပါး အံ့အားသင့်ပြီး ကြောင်သွားကြသည်။

"နတ်ဘုရား ရုပ်ထုက ဘာကြီးလဲ..."

လူတိုင်း၏ စိတ်ထဲတွင် တူညီသော မေးခွန်းများ ပေါ်လာသည်။

ပရော်ဖက်ရှင်နယ် လေလံတင်ဆက်သူ ယွမ်မေအာပင် လွှန်ခဲ့သော ရက်အနည်းငယ်ကမှ နတ်ဘုရား ရုပ်ထုအကြောင်းကို ကြားဖူးရုံမျှ ကြားခဲ့ခြင်း သာ.......

အမှန်တကယ်ဆို နတ်ဘုရားတစ်ပိုင်းများမှ လွဲ၍ မည်သူကမှ နတ်ဘုရားရုပ်ထု အကြောင်းကို မသိကြပေ။

အစောပိုင်းက လေလံသတင်း ဖြန့်ဝေသည့်အချိန်၌ ထန်ရှုသည် လေလံဆွဲရမည့် အခြေအနေကို မကြေညာခဲ့ပေ။ သို့သော်လည်း နတ်ဘုရားဓါတ်ကြွင်းများကို ဝယ်ယူရန် စိတ်ဝင်စားသော နတ်ဘုရား တစ်ပိုင်းများက ထန်မျိုးနွယ်ကို ဆက်သွယ် လာသောကြောင့် အဖွင့်စျေးနှုန်းမှာ နတ်ဘုရားရုပ်ထု နှစ်ခုဖြစ်ကြောင်း သိရှိခဲ့ကြသည်။

ထိုအချိန်တွင် ဒုတိယအထပ် VIP အခန်းများထဲက လူအများစု၏ မျက်နှာတစ်ခုလုံးတွင် စဉ်းစားမရသော အမူအရာများ ရှိနေကြ၏။

ကံကြမ္မာ သလင်းကျောက်များနှင့် နတ်ဘုရား ခါတ်ကြွင်းများကို အရောင်းအဝယ် မလုပ်ကြောင်း သူတို့ထဲက တော်တော်များများ သိပြီးသားပင်။ လေလံဆွဲရမည့် အခြေအနေ တင်းကြပ်နိုင်သည်ကို လက်ခံပြီးသား ဖြစ်သော်လည်း ယခုမူ လဲလှယ်ရမည့်ပစ္စည်းက နတ်ဘုရားရုပ်ထု ဖြစ်ကြောင်းကိုတော့ တစ်ကြိမ်တစ်ခါမှ မကြုံဖူးပေ။

VIP (S – 7) အခန်းထဲရှိ ရီကျန်းနှင့် ရီရီယွီတို့ နှစ်ယောက်လုံး အံ့သြမှင်သက် နေကြသည်။

"နတ်ဘုရား ရုပ်ထုက ဘာကြီးလဲ..."

ရီရီယွီက သူမအစ်ကိုကို မေးလိုက်သည်။

"ငါလည်း မသိဘူး..."

ရီကျန်းက လင်းဟွမ်ကိုသာ လှမ်းကြည့်လိုက်ရသည်။

"လင်းဟွမ်... မင်းသိတယ် မဟုတ်လား..."

လင်းဟွမ်က ပြုံးစိစိလုပ်ပြီး ခေါင်းညိတ်လိုက်သည်။

"နတ်ဘုရားရုပ်ထုဆိုတာ တကယ်တော့ နတ်ဘုရားတစ်ပါးရဲ့ အကြွင်းအကျန်ပဲ..."

"နတ်ဘုရားတစ်ပါးရဲ့ အကြွင်းအကျန်... အဲ့ဒါက ဘယ်လို အသုံးပြုတာလဲ... ရုပ်သေးလုပ်ဖို့လား..."

ယခုမှပင် ရီရီယွိ တစ်ယောက် ပို၍ပင် ခေါင်းရှုပ်သွားသည်။

"ဒါက နတ်ဘုရားတစ်ပိုင်း ဒါမှမဟုတ် အတုယောင် နတ်ဘုရားတွေက တိုက်ခိုက်ရေးဝိညာဉ် သိုလှောင်တဲ့ ပစ္စည်းတွေအနေနဲ့ အသုံးပြုနိုင်တယ်... တိုက်ခိုက်ရေးဝိညာဉ်က နတ်ဘုရားရုပ်ထုကို

မောင်းနှင် နိုင်ပြီးတော့ လူတစ်ယောက်ရဲ့ ပကတိခန္ဓာကိုယ်နဲ့ မခြားတဲ့ ခန္ဓာကိုယ်ကို ရရှိနိုင်တယ်...”

လင်းဟွမ်က အမှန်တရားကို ဖုံးကွယ်ထားချင်စိတ် မရှိပေ။

“ဒါဆိုရင် နတ်ဘုရား စွမ်းအားနဲ့မှ အသက်သွင်းလို့ ရမှာပေါ့...”

ယခုမှ ရီကျန်းက ပိုမို နားလည်လာသည်။

"ပိုပြီး တိတိကျကျ ပြောရရင် နတ်ဘုရားအဆင့် စွမ်းအားရှိတဲ့ ဘယ်လိုအရာမဆို အဲ့ဒါကို အသက်သွင်းနိုင်တယ်..."

လင်းဟွမ်က အတည်ပြု ပြောကြားလိုက်သည်။

"တိုက်ခိုက်ရေး ဝိညာဉ်ရဲ့ သွေးသားကိုပဲ မြှင့်တင်ပေးနိုင်တာဆိုရင် တိုက်ခိုက်ရေး ဝိညာဉ်ရဲ့ အလုံးစုံစွမ်းရည်ကို မြှင့်တင်ပေးဖို့ဆို တော်တော်လေး ကန့်သတ်ချက် များမှာပဲ။ ဒီပစ္စည်းက တော်တော် အသုံးမကျတဲ့ပုံပဲ။ နတ်ဘုရား ဓါတ်ကြွင်း တစ်ခုကို နတ်ဘုရားရုပ်ထု နှစ်ခုနဲ့

ရောင်းတာက ရောင်းတဲ့ လူဘက်က အရှုံးများတယ်လို့ ထင်တယ်”

ချက်ချင်း ဆိုသလို ရီရီယွိက နတ်ဘုရား ရုပ်ထုများကို စိတ်မဝင်စားတော့ချေ။

“ဘာပဲပြောပြော နတ်ဘုရားရုပ်ထုက နတ်ဘုရားအဆင့် ပစ္စည်းဖြစ်ပြီး အရေအတွက်ကလည်း အကန့်အသတ်နဲ့ပဲ ရှိတာ။ နတ်ဘုရားဓါတ်ကြွင်း တစ်ခုကို နတ်ဘုရားရုပ်ထု နှစ်ခုနဲ့ ရောင်းတာက တော်တော်လေး စိန်ခေါ်မှု များနေပြီ”

လင်းဟွမ်က ခေါင်းခါပြီး ပြုံးလိုက်သည်။

……

စင်ပေါ်တွင် ယွမ်မေအာက ငြိမ်ငြိမ်လေး စောင့်ဆိုင်းနေသည်။ ဒုတိယအထပ်နှင့် တတိယအထပ်ရှိ မျက်နှာပြင်များ မလင်းလက်လာသည်ကို မြင်လျှင် အနည်းငယ် စိုးရိမ် လာသည်။ သို့သော်လည်း သူမသည် အတွေ့အကြုံရှိသော လေလံတင်ဆက်သူ တစ်ယောက် ဖြစ်သောကြောင့် ချက်ချင်း အချိန်ဆွဲလိုက်သည်။

"နတ်ဘုရားရုပ်ထုက ဘာလဲဆိုတာ လူတော်တော်များများ မသိကြဘူး။ ကောင်းပြီ... ငါမင်းတို့ကို ရိုးရိုးလေး ရှင်းပြမယ်။ နတ်ဘုရား ရုပ်ထုဆိုတာ နတ်ဘုရားအဆင့် ပစ္စည်းတစ်ခုပဲ။ တိတိကျကျ ပြောရရင် နတ်ဘုရားတစ်ပါး သေဆုံး သွားပြီးနောက် ကြွင်းကျန်ခဲ့တဲ့ အကြွင်းအကျန် တစ်ခုပေါ့..."

ယွမ်မေအောက တစ်မိနစ်၊ နှစ်မိနစ်ခန့် အချိန်ပေးပြီး ရှင်းပြခဲ့သော်လည်း မည်သူကမှ ဈေးမပေးခဲ့ပေ။ ဤနတ်ဘုရားဓါတ်ကြွင်းကို

ဝယ်မှဝယ်နိုင်ပါ့မလားဟု သူမ စိတ်ထဲ တွေးလာမိသည်။

"ဒီနတ်ဘုရား ခါတ်ကြွင်းလုံ ပိုင်ဟောင်ရဲ့ အဖွင့်ဈေးနှုန်းက နတ်ဘုရားရုပ်ထု နှစ်ခု။ ဈေးနှုန်း တစ်ခါတိုးတိုင်း နတ်ဘုရားတစ်ပိုင်း အဆင့် ခါတ်ကြွင်းထက် မနိမ့်ကျတဲ့ပစ္စည်း ဖြစ်ရမယ်။ ဘယ်သူမှ လေလံမဆွဲရင် ဒီပစ္စည်းကို လေလံ ပြန်သိမ်းပါမယ်"

"ခဏနေဦး..."

ထိုအချိန်တွင် တတိယထပ် VIP အခန်း (S – 4) မှ အသံတစ်ခု ထွက်ပေါ်လာသည်။

"ဘယ်သူမှ လေလံ မဆွဲတော့ရင် လေလံဆွဲလို့ရမယ့် အခြေအနေ ဖြစ်အောင် ပြောင်းလဲပေးဖို့အတွက် ရောင်းချသူ ဆီကို ဆက်သွယ်ပြီး မေးပေးလို့ရမလား။ ငါ့ဆီမှာ နတ်ဘုရားရုပ်ထု မရှိဘူးဆိုတာ အမှန်ပဲ…"

"ကျေးဇူးပြုပြီး ခဏလောက် စောင့်ပေးပါဆရာ။ သူဌေးနဲ့ စကားပြောကြည့် လိုက်ပါဦးမယ်"

နောက်ဆုံးတွင် ယွမ်မေအာသည် အခြေအနေ ပြောင်းလဲသွားသောကြောင့် ရင်ထဲမှ အပူလုံးကြီး ကျသွားသည်။ လေလံပွဲ ပထမတန်းတွင် ထိုင်နေသော ထန်ရှုသည် စင်မြင့်ပေါ် လမ်းလျှောက်သွားပြီး ယွမ်မေအာနှင့် ဆွေးနွေးနေသည်။

VIP (S – 7) အခန်းထဲတွင် လင်းဟွမ်က သူ့လက်ချောင်းပေါ်တွင် ဝတ်ဆင်ထားသော နာမည်မဲ့ အင်ပါယာ နှလုံးသားလက်စွပ်ကို တိတ်တဆိတ် ချွတ်ပြီး သိုလှောင်လက်စွပ်ထဲ ပစ်ထည့်လိုက်သည်။

ခဏအကြာ ထန်ရှုက စင်ပေါ်မှဆင်းလာပြီး လင်းဟွမ်၏ နတ်ဘုရားတစ်ပိုင်း ဆရာနှင့် ဆက်သွယ်ရန် ကြိုးစားလိုက်သည်။ သို့သော်လည်း ဆက်သွယ်၍ မရကြောင်း သဘောပေါက်သွားသည်။ ထိုအခါ ကူကယ်ရာမဲ့သွားပြီး လင်းဟွမ်ထံ ဖုန်းလှမ်းခေါ်သည်။

လင်းဟွမ်က ဖုန်းကိုင်လိုက်သည်နှင့်

"ကောင်လေးရေ… မင်းဆရာနဲ့ ဆက်သွယ်ပေးလို့ ရမလား…"

ထန်ရှူက စိုးရိမ်တကြီး မေးလိုက်သည်။ သူ စိုးရိမ်ရသည့် အကြောင်းအရင်းမှာ VIP (S – 4) မှ ညှော်သည်ကြောင့် ဖြစ်ပြီး တိုက်ဆိုင်စွာပင် နတ်ဘုရားတစ်ပိုင်း ချန်ယု ဖြစ်နေသည်။ ထိုလူက ထန်မျိုးနွယ် ဘိုးဘေးနှင့် အတော်လေး ရင်းနှီးနေသောကြောင့်ပင်။

“ဆရာက ဒီရက်ပိုင်းအတွင်း သူ့အလုပ် ရှုပ်နေတယ်လို့ ကျွန်တော့်ကို မှာထားတယ်… မင်း ဖုန်းခေါ်လို့မရရင် ငါလည်း ရမှာမဟုတ်ဘူး…”

လင်းဟွမ်က ထိုအတိုင်း ပြန်ဖြေလိုက်သည်။

"ဒါဆိုရင် လေလံဆွဲတဲ့ အခြေအနေကို ပြောင်းလဲပေးလို့ ရမလား..."

ထန်ရှူက ထပ်မေးသည်။

"အဲ့ဒါက ငါ့ဆရာအပိုင်း။ သူက အဲ့ဒီပစ္စည်း တစ်မျိုးတည်းပဲ လိုချင်တယ်လို့ ပြောထားရင် တခြားပစ္စည်းတွေနဲ့ လဲဖို့ လက်ခံမှာ မဟုတ်ဘူး"

လင်းဟွမ်က ခေါင်းခါပြီး ချက်ချင်း ငြင်းလိုက်သည်။

"တောင်းပန်တယ်... ငါလည်း တကယ် မကူညီနိုင်လို့ပါ..."

ထန်ရှုသည် အမှန်တရားကို ကူကယ်ရာမဲ့စွာ လက်ခံလိုက်ရသည်။ ဖုန်းချပြီးနောက် စင်မြင့်ပေါ်သို့ ကြောက်စရာကောင်းသော ပုံစံနှင့် လမ်းလျှောက်သွားသည်။

“ VIP (S – 4) က ဆရာ့ကို တကယ် တောင်းပန်ပါတယ်။ ကျွန်တော်တို့ ဆက်သွယ်ပြီးပါပြီ။ ဒါပေမယ့် သူက လေလံဆွဲမယ့် အခြေအနေ ပြောင်းပေးဖို့ လက်မခံဘူး…”

“ဒါဆိုလည်း ကောင်းပြီလေ…”

နတ်ဘုရားတစ်ပိုင်း ချန်ယုက ရလဒ်ကို လက်ခံခဲ့သည်။ ထို့အပြင် သူက ဤအခြေအနေနှင့် ပက်သက်၍ တွန်းအား မပေးခဲ့ချေ။ ကိစ္စသေးသေးလေးကို ကျော်ဖြတ်ပြီးနောက် လေလံပွဲကို ဆက်လက် ကျင်းပနေခဲ့သည်။

ယွမ်မေအောသည် အပေါ်ယံတွင် ပြုံးနေသော်လည်း စိတ်ထဲတွင် ကျိတ်ငိုနေသည်။ သူမ လေလံတင် ရောင်းချသည့် ပထမဦးဆုံး နတ်ဘုရားဓါတ်ကြွင်းကို ဝယ်ယူရန် မျှော်လင့်နေသည်။

“နတ်ဘုရားဓါတ်ကြွင်း လုံ (ပိုင်ဟောင်) အတွက် နတ်ဘုရားရုပ်ထု နှစ်ခု တစ်ကြိမ်....”

“ဘယ်သူမှ လေလံမဆွဲရင် လေလံပစ္စည်း ပြန်သိမ်းတော့မှာ ဖြစ်ပါတယ်”

“နတ်ဘုရား ဓါတ်ကြွင်း လုံ (ပိုင်ဟောင်) အတွက် နတ်ဘုရား ရုပ်ထု နှစ်ကြိမ်”

“နောက်ဆုံး အကြိမ်... နတ်ဘုရားဓါတ်ကြွင်း လုံ ပိုင်ဟောင်ကို လေလံ ပြန်သိမ်းပါတော့မယ်...”

ကျယ်လောင်သော ခေါ်သံ၏ အဆုံးတွင် လူအုပ်ကြီး ရုတ်ရုတ်သဲသဲ ဖြစ်သွား၏။

"ဘာလဲ... ပြန်သိမ်းတာလား။ ဝယ်ရခက်တဲ့ အခြေအနေနဲ့ နတ်ဘုရား ဓါတ်ကြွင်းကိုရောင်းတာ ငါမယုံနိုင်ဘူး"

"ဒီရက်ပိုင်းအတွင်း ငါတို့ အဖွဲ့ခွဲ (၃) မှာ သူဌေးတွေ အများကြီး ရှိတယ်လို့ ထင်နေခဲ့တာ.. ဒါပေမယ့် အခုကြည့်ရတော့ ဒီလူတွေက သူဌေးကြီးလို ဟန်ဆောင်ထားတဲ့ ဖွတ်တွေပဲ.."

"လေလံဆွဲရမယ့် အခြေအနေက အရမ်း တင်းကျပ်လွန်းလို့ပဲ ဖြစ်လိမ့်မယ်။ နတ်ဘုရားရုပ်ထုလို့ ခေါ်တဲ့အရာကို အရင်က

တစ်ခါမှမကြားဖူးဘူး။ နတ်ဘုရားတစ်ပိုင်းတွေက လွဲရင် ဘယ်သူမှ မသိဘူး ထင်တယ်”

“ဒုတိယမြောက် လေလံပစ်မယ့် နတ်ဘုရား ဓါတ်ကြွင်းကလည်း ဒီအခြေအနေပဲဆိုရင် ဝယ်သူမရှိဘဲ ပြီးသွားမှာ မဟုတ်ဘူးလား…”

VIP (S – 7) အခန်းထဲတွင် လင်းဟွမ်သည် လငပုပ်ဖမ်းထားသလို မျက်မှောင်ကြုတ်နေသည်။

အစပိုင်းတွင် ထန်ရှူက ဝယ်ယူသူ ရှိကောင်း ရှိနိုင်သည်ဟု ပြောခဲ့သော်လည်း ယခု မြင်ကွင်းကို မြင်ရသောအခါ တော်တော်လေး စိတ်ပျက်

သွားသည်။ ထို့အပြင် တူညီသော လေလံအဖွင့် ဈေးနှုန်း ပေးထားသောကြောင့် ဒုတိယမြောက် နတ်ဘုရားဓါတ်ကြွင်းကိုလည်း ဝယ်ယူသူ တစ်ယောက်မှ မရှိမည်ကို စိုးရိမ်နေခြင်းပင်။

"ပြန်သိမ်းရတယ်ဆိုတာ မယုံနိုင်ဘူး..."

ရီရီယွီ၏ မျက်နှာပေါ်တွင် အံ့အောသင်နေမှုများ အတိုင်းသား ပေါ်နေသည်။

"အဖွဲ့ခွဲ (၃) မှာ နတ်ဘုရား တစ်ပိုင်းတွေ အများကြီး မရှိဘူး... တကယ်လို့ ဒီလေလံပွဲကို

အဖွဲ့ခွဲ (၁) မှာ ကျင်းပမယ်ဆို လွယ်လွယ်နဲ့ ရောင်းထွက်နိုင်တယ်.....”

ဘေးတွင် ထိုင်နေသော ရီကျန်းက ပြောလိုက်သည်။

သို့သော်လည်း လင်းဟွမ်က ခေါင်းခါလိုက်သည်။

“အဖွဲ့ခွဲ (၁) မှာ လေလံပစ်လည်း အခြေအနေ အတူတူပဲ... ဒါက ဌာနခွဲနဲ့ သိပ်မဆိုင်ဘူး... ပုံမှန် အခြေအနေဆိုရင် ဒီလိုအဆင့် လက်နက်တွေ ပေါ်လာတာနဲ့ နတ်ဘုရား တစ်ပိုင်းတွေက လေလံပွဲကို အလွတ်ပေးမှာ မဟုတ်ဘူး။ ခုတော့

ဒီလေလံပွဲ မတိုင်ခင်ကမှ အဖွဲ့ခွဲ (၁) မှာ အဆင့် (၇) ဟင်းလင်းပြင် အပျက်အစီး ပေါ်လာလို့ နတ်ဘုရားတစ်ပိုင်းတွေရဲ့ (၇၀) ရာခိုင်နှုန်း ကျော်လောက်က အဲ့ဒီဟင်းလင်းပြင် အပျက်အစီးထဲ ဝင်ပြီး စူးစမ်းရှာဖွေရေးတွေ လုပ်နေကြတယ်။ ဒါကြောင့် ဒီတစ်ကြိမ် လေလံပွဲ ရောက်လာတဲ့ နတ်ဘုရားတစ်ပိုင်း အရေအတွက်က သိသိသာသာ လျော့နည်းသွားတာပဲ"

"ဟုတ်လား..."

နောက်ဆုံးတွင် ရီကျန်းနှင့် ရီရီယွီတို့သည် နတ်ဘုရားဓါတ်ကြွင်း လေလံ ပြန်သိမ်းရသည့် အကြောင်းအရင်းကို နားလည်သွားသည်။

စင်မြင့်ပေါ်တွင် ယွမ်မေအာသည် သူမ၏ ပုံမှန်အမူအရာကို ထိန်းသိမ်း ထားသော်လည်း စိတ်ထဲတွင် ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေသည်။

'ဒုတိယမြောက် နတ်ဘုရားပစ္စည်းကို ဝယ်ကြပါစေ... ဒီလိုမှ မဟုတ်ရင် ငါ့ရဲ့ လေလံတင်ဆက်သူ သမိုင်းကတော့ ဟာသကြီး ဖြစ်တော့မှာပဲ...'

ယွမ်မေအာသည် စိတ်ငြိမ်သွားအောင် အသက်ခပ်ပြင်းပြင်းလေး ရှူလိုက်ပြီးနောက် အောက်က ဝန်ထမ်းများကို ခေါင်းညိတ်ပြလိုက်သည်။

"ဒီနေ့ရဲ့ နောက်ဆုံး ပစ္စည်းကို ယူခဲ့ကြပါ..."

## အခန်း(၉၂၇) - နောက်ဆုံး လေလံပစ္စည်း....

မကြာခင် ဝန်ထမ်းနှစ်ယောက်က နောက်ဆုံး သေတ္တာကို စင်မြင့်ပေါ် သယ်ဆောင်လာကြသည်။

ယွမ်မေအာသည် စိတ်ထဲ၌ ကြိတ်ပြီး ထိတ်လန့်သွားသည်။ သို့သော် သူမက လေလံပွဲ အတွေ့အကြုံ ဆယ်နှစ်ကျော် ရှိနေသောကြောင့် သူမ၏ ခံစားချက်များကို ကောင်းမွန်စွာ ဖုံးကွယ်ထားနိုင်ပြီး မည်ကဲ့သို့ ခံစားနေသည်ကို မည်သူမှ မပြောနိုင်ပေ။

"ဒါက ဒီနေ့အတွက် စုဆောင်းထားတဲ့ နောက်ဆုံးပစ္စည်းပါ။ ဒီတစ်ကြိမ် လေလံပွဲရဲ့ နောက်ဆုံးပစ္စည်းဆိုလည်း ဟုတ်ပါတယ်။ ဒီနေ့ ဒီနေရာကို ရောက်နေကြတဲ့ နတ်ဘုရားတစ်ပိုင်း အနည်းငယ်ကလည်း ဒီပစ္စည်းကြောင့်လို့ ငါယုံကြည်တယ်။ ကဲ အချိန်မဖြုန်းတော့ဘူး။ ဒီနေ့ရဲ့ ဒုတိယမြောက် နတ်ဘုရားခေတ်ကြွင်းကို ပြသလိုက်ရအောင်..."

ယွမ်မေအာက ပြောပြီးသည်နှင့် အနီရောင် ပိတ်စကို ဆွဲဖယ်လိုက်သည်။

သေတ္တာထဲ၌ အရည်အသွေး အလွန်ကောင်းမွန်သော ဓါးတစ်ချောင်း ရှိနေပြီး လူတိုင်းရှေ့တွင် ပေါ်လာသည်။

ဓါးအိမ် မပါသော ဓါးတစ်လက်ဖြစ်ပြီး အရှည် တစ်မီတာခန့် ရှိ၏။

လက်ကိုင်ကို သစ်သားဖြင့် ပြုလုပ်ထားပြီး ရောယှက်နေသော နဂါးနှစ်ကောင်ပုံစံ ထွင်းထုထားသည်။ တစ်ဖက်ရှိ အကာအရံသည် ရွှေရောင်ဖြစ်ပြီး လက်ဖဝါး တစ်ဝက်

အရွယ်အစားခန့် ရှိ၏။ ၎င်းအပေါ်တွင် နဂါး တစ်ကောင်ကို ကျောက်စိမ်းတုံးနှင့် ထွင်းထုတ္ထူသည်။

ခါးက အလွန်တောက်ပပြီး (၇၅) စင်တီမီတာ ရှည်သည်။ ပစ္စည်းကို ကြည့်ရသည်မှာ သံမဏိ မဟုတ်ပေ။ ထိုအစား ငွေနှင့်တူသည်။

ခါးတစ်ဖက်တွင် နဂါးပုံစံများ ထွင်းထုထားပြီး နောက်ကျောဘက်တွင် ရှုပ်ယှက် ခတ်နေသော ရှေးဟောင်း စာသားများနှင့် ကဗျာတစ်ပုဒ် ထွင်းထုထားသည်။

"ညှော့်သည် သုံးထောင်၊ ပန်းပေါင်းတစ်ထောင် ပွင့်လန်း၍ အေးစက်နေသော ဓါးတစ်ချောင်းက ကမ္ဘာကြီးကို အောင်နိုင်ခဲ့ပြီ...."

၎င်း၏ အသွင်အပြင်သည် အလွန်လှပသော ကျောက်စိမ်းနက်နှင့် မယှဉ်နိုင်သော်လည်း လှပသော ဓါးတစ်လက် ဖြစ်နေသေးသည်။ ထူးခြား ဆန်းကြယ်သော ဆွဲဆောင်မှုတစ်ခု သယ်ဆောင် လာကြောင်းကို မည်သူမှ မငြင်းနိုင်ပေ။

ကြည့်ရှုသူ အတော်များများ အံ့အား သင့်သွားသည်။

"ဒီခါးကို နှင်းခဲခါးလို့ ခေါ်ပါတယ်။ အစောပိုင်းခေတ်က နာမည်ကြီး ခါးတစ်လက်ပါ။ နှင်းခဲဓားလို့ အမည်ပေးထားပေမယ့် နှင်းခဲဂုဏ်သတ္တိနဲ့ ဘာမှ မဆိုင်ဘူး"

ယွမ်မေအာက ဇာတ်လမ်းကို စတင်ပြောပြလိုက်သည်။

"ဒီခါးကို ဖန်တီးတဲ့ ပန်းပဲဆရာက အလွန်အစွမ်းထက်တဲ့ ပန်းပဲသမားလို့ ဒဏ္ဍာရီထဲမှာ ဆိုထားတယ်။ သူ့မိန်းမက မွန်းစတားတွေ

အလုံးအရင်းနဲ့ ကျူးကျော်လာတဲ့ စစ်ပွဲမှာ ဒဏ်ရာအပြင်းအထန်ရပြီး မကြာခင် သေဆုံးသွားခဲ့တယ်”

“သူ့မိန်းမ ဆုံးသွားတဲ့နေ့မှာ သူ့အိမ်ဘေးက အေးခဲနေတဲ့ ရေကန်မှာ အဖြူရောင် နှင်းပန်းပွင့်လေးတွေ ပွင့်နေတယ်။ သူကလည်း သူ့မိန်းမ ဆုံးပါးသွားကတည်းက ရေကန်ဘေးမှာ အရက် အမြဲသောက်နေခဲ့ပြီး အဲဒီကတည်းက နှစ်ပေါင်းများစွာ လက်နက်တွေ မပြုလုပ်တော့တာ ကြာခဲ့ပြီ။ “

“ (၁၁) နှစ်ကြာပြီးတဲ့ ဆောင်းရာသီ တစ်ခုမှာ ရေကန်က အေးခဲသွားခဲ့တယ်။ ဇနီးဖြစ်သူ ကွယ်လွန်တဲ့ နှစ်ပတ်လည်နေ့က ရေကန်ပေါ်မှာ နှင်းခဲပန်းလေးတွေ ပွင့်လာတယ်။ နောက်ဆုံးတော့ ဒါကို သူ တောင့်မခံ နိုင်တော့ဘူး၊ (၁၁) နှစ်ကြာအောင် မြိုသိပ်ခဲ့ရတဲ့ သူ့ရင်ထဲက ခံစားချက်တွေက လုံးဝ ပေါက်ကွဲထွက်သွားတယ်။ ရေကန်ဘေးမှာ ဒူးထောက်ရင်း ဇနီးဖြစ်သူရဲ့ နာမည်ကို အထပ်ထပ် အခါခါ အော်ခေါ်ပြီး ငိုကြွေးနေခဲ့တယ်။ တစ်နေ့တာလုံး သူ့ခံစားချက်တွေ အားလုံးကို လွှတ်ချပြီးတဲ့ နောက်မှာ သူ့မိန်းမ

အရင်က ပြောခဲ့တဲ့ စကားတစ်ခွန်းကို ရုတ်တရက် ပြန် သတိရသွားတယ်။”

'မင်းလုပ်ထားတဲ့ ခေါးတွေအားလုံးက ယောက်ျားတွေ အတွက်ပဲ...။ အရမ်း ရုပ်ဆိုးတယ်။ ငါ့အတွက် ဘယ်တော့ စိတ်ကြိုက်လုပ်ပေးမှာလဲ။ မြင်မြင်ချင်း ချစ်ဖို့ကောင်းမယ့် ခေါးတစ်ချောင်းလောက်လေ'

“သူ့မိန်းမအတွက် ခေါးတစ်ချောင်း အကြွေး တင်နေသေးတာကို ပြန်သတိရသွားပြီး အဲဒီနေ့မှာပဲ ပန်းပဲဆရာက ခေါးတစ်ချောင်း စလုပ်တယ်။ ဒီခါးကို

ပြီးစီးအောင်လုပ်ဖို့ တစ်နှစ်လောက် အချိန်ယူခဲ့တယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ ဓားထုလုပ်လို့ ပြီးဆုံးတဲ့နေ့က ဇနီးဖြစ်သူ သေဆုံးတဲ့ နှစ်ပတ်လည်နေ့ ဖြစ်နေတယ်။”

“ ရေကန် တစ်ခုလုံးမှာ နှင်းခဲပန်းလေးတွေ ထပ်တွေ့လို့ ဒီဓားကို နှင်းခဲဓါးလို့ နာမည်ပေးခဲ့တာပဲ။ နောက်ပိုင်းတော့ မွန်းစတားတွေ အလုံးအရင်းနဲ့ ကျူးကျော်လာတဲ့ စစ်ပွဲထဲမှာ ဒီဓါးနဲ့ တိုက်ခိုက်ရင်း သေဆုံးသွားခဲ့တယ်။ အဲဒီနောက် နှင်းခဲဓါးက အခြားလူအနည်းငယ်ရဲ့ လက်ထဲ

ကျရောက်သွားခဲ့ပြီး နောက်ဆုံး ကိုင်ခဲ့တဲ့လူက အမျိုးသမီး ဓါးသမား နန်းကုန်းရှင်ပဲ”

“ဒီဓါးက သူမကို ဘဝတစ်ခု ပေးခဲ့တယ်။ နန်းကုန်းရှင်ဟာ ဓားတာအိုနတ်ဘုရား ဖြစ်ပြီး အမျိုးသား ဓါးသမားအားလုံးကို အနိုင်ယူခဲ့တယ်လို့ ဆိုကြတယ်။ သူ့ခေတ် သူ့အခါမှာတော့ အစွမ်းထက်ဆုံး ဓါးသမားတစ်ယောက် ဖြစ်ခဲ့တယ်။ နှင်းခဲဓါးကြောင့် သေဆုံးခဲ့ရတဲ့ အတုယောင် နတ်ဘုရားအဆင့် အယောက် (၂၀) လောက် ရှိတယ်။ နောက်ပြီးတော့ ဒီဓါးကြောင့် သေဆုံးသွားတဲ့

နတ်ဘုရားအဆင့် မွန်းစတားတစ်ကောင်လည်း ရှိသေးတယ်။"

" နန်းကုန်းရှင်ရဲ့ အံ့မခန်း မှတ်တမ်းက နှင်းခဲခါးကို ကျော်ကြားတဲ့ ခါးတစ်လက် ဖြစ်စေခဲ့ပြီး သမိုင်းမှာ မှတ်တမ်းတင်နိုင်ခဲ့တယ်။ ဒီခါးက အမျိုးသမီးတွေအတွက် ပြုလုပ်ထားတယ် ဆိုပေမဲ့ လက်တွေ့မှာ ယောကျ်ားရော၊ မိန်းမရော အသုံးပြုနိုင်တယ်"

ယွမ်မေအာသည် နှင်းခဲ့ခါး၏ ဇာတ်လမ်းကို ပြောပြီးနောက် ခါး၏ အသေးစိတ် အချက်အလက်များကို စတင် ပြောပြသည်။

"ခါးရဲ့ စုစုပေါင်းအရှည်က (၁.၈) မီတာဖြစ်ပြီး ဗျပ်က (၇၅) စင်တီမီတာနဲ့ အကျယ်က ငါးစင်တီမီတာ ရှိပြီး နေရာတိုင်းမှာ နဂါးပုံစံတွေ ထွင်းထုထားတယ်။ အဖွင့်စျေးက နတ်ဘုရားရုပ်တု နှစ်ခု။ စျေးနှုန်းတစ်ခါ တိုးတိုင်း နတ်ဘုရား တစ်ပိုင်းအဆင့်ထက် မနိမ့်တဲ့ ပစ္စည်းတစ်ခု ဖြစ်ရမယ်။"

လေလံဈေး အခြေအနေ ကြေညာပြီးသောအခါ လေလံပွဲတစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်လာပြန်သည်။

"လေလံ အခြေအနေကတော့ အရင်အတိုင်း ပဲလား။ ဒါဆို လေလံ ပြန်သိမ်းမှာလား.."

"ပြောရ ခက်တယ်။ လုံ့ကျင့်ကြံသူတွေ ထက်စာရင် ဓါးကျင့်ကြံသူတွေ ပိုများတယ်"

"ဒီတစ်ခေါက် လေလံပြန်သိမ်းရင် ရယ်စရာ ဖြစ်လိမ့်မယ်။ တကယ်လို့ ဖြစ်လာရင်တော့ နတ်ဘုရားရုပ်တုနှစ်ခု ဈေးနှုန်းနဲ့

နတ်ဘုရားဓါတ်ကြွင်း တစ်ခုမှ မရောင်းရတော့ဘူးပေါ့”

လင်းဟွမ်လည်း စိုးရိမ် ပူပန်နေမိသည်။

နတ်ဘုရား တစ်ပိုင်းများ ဟင်းလင်းပြင် အပျက်အစီးထဲ ပြန်ထွက်လာသည့် အခါကျမှသာ ဤနတ်ဘုရား ဓါတ်ကြွင်းများကို လေလံတင် ရောင်းချနိုင်သည်။ ထို့ကြောင့် ပြန်သိမ်းရမည် ဆိုလျှင်လည်း အရေးမကြီးပေ။ သို့သော်လည်း သူ၏ နတ်ဘုရားရက်တု တိုက်ခိုက်ရေး ဝိညာဉ်များကို

မြှင့်တင်ရန်အတွက် နတ်ဘုရားရုပ်တုများကို ဖြစ်နိုင်သမျှ အမြန်ဆုံး ရယူချင်နေသည်။

စင်ပေါ်မှ ယွမ်မေအာလည်း စိုးရိမ်နေသည်။ ဒုတိယမြောက် နတ်ဘုရားခေတ်ကြွင်းကို မည်သူမှ မဝယ်ဘဲ ပြန်သိမ်းရမည်ကို သူမ အလွန် စိုးရိမ်နေသည်။

ကံကောင်းသည်မှာ တတိယထပ်ရှိ ဗွီအိုင်ပ အခန်း (S- 1) ဖန်သားပြင်က လင်းလာသောကြောင့် ရင်ထဲမှ အပူလုံးကြီး ကျသွားသည်။

“နတ်ဘုရား ရုပ်တုနှစ်ခု ကမ်းလှမ်းတယ်။ တကယ်လို့ ဒီနေရာမှာ လေလံဆွဲမယ့် အခြေအနေနဲ့ ကိုက်ညီတဲ့ပစ္စည်းတွေ မရှိရင် ဒီနှင်းခဲခါးက ငါ့အပိုင်ပဲ..”

ဗွီအိုင်ပီ အခန်း (S – 1) မှ အဘိုးအို စကား ပြောပြီးသည်နှင့် ဗွီအိုင်ပီ အခန်း (S – 2) ၏ မျက်နှာပြင်က ရုတ်တရက် လင်းလာသည်။

"ငါက နတ်ဘုရားရုပ်တု နှစ်ခုရယ် အလယ်အလတ်အဆင့် နတ်ဘုရားတစ်ပိုင်း ခါးခေတ်ကြွင်းရယ်နဲ့ လေလံဆွဲတယ်" "

"ဗွီအိုင်ပီ အခန်း (S – 1) က အဘိုးကြီး၊ ဒီတစ်ကြိမ်မှာ နတ်ဘုရားရုပ်တုတွေကို ဘယ်သူမှ မယူလာဘူးလို့ တကယ် ထင်နေတာလား။ အဖွင့်စျေးလေး ပေးရုံနဲ့ ပစ္စည်းကို အိမ်ပြန် ယူနိုင်မယ် ထင်နေတာလား။"

ဗွီအိုင်ပီ အခန်း (S – 2) ရှိ ဆံပင်တိုတို၊ ဗလတောင့်တောင့်နှင့် အမျိုးသမီးက ချက်ချင်း အပြစ်တင် ရှုတ်ချလိုက်သည်။

"ဟီးဟီး၊ ငါက အေးစက်တဲ့ အခြေအနေကို ချိုးဖျက်လိုက်တာပဲ.....၊ အမျိုးသမီးလု

အချိန်တွေတောင် တော်တော်လေး ကြာနေပြီ မင်းက အရင်အတိုင်းပဲနော်"

ဗွီအိုင်ပီ အခန်း (S – 1) မှ အဘိုးအိုက ထိုအမျိုးသမီးကို သိသည်မှာ ရှင်းနေသည်။

"အဘိုးကြီး၊ ငါမင်းကို တကယ်မသိဘူး။ ငါ့ဖင်ကို နမ်းဖို့မကြိုးစားနဲ့"

သူတို့နှစ်ယောက် စကားပြောနေစဉ် ဗွီအိုင်ပီ အခန်း (S – 8) ပေါ်ရှိ ဖန်သားပြင်က ရုတ်တရုတ် လင်းလာသည်။

"နတ်ဘုရားရုပ်တု နှစ်ခုနဲ့ နတ်ဘုရားတစ်ပိုင်း အလယ်အလတ်အဆင့် ခါတ်ကြွင်း သုံးခု။ နတ်ဘုရားတစ်ပိုင်း အလယ်အလတ်အဆင့် ခါတ်ကြွင်း သုံးမျိုးထဲမှာ မင်းကြိုက်တဲ့ ချပ်ဝတ်တန်ဆာကို ရွေးချယ်နိုင်သေးတယ်။ အရမ်းရှားရင်တောင် မင်းအပိုင်ပဲ..."

ဗွီအိုင်ပီ အခန်း (၄ - ၈) မှ ညှော့သည်၏ စကားက ချက်ချင်း ရပ်တန့်သွားသည်။ တခြားသူများနှင့် ဆက်သွယ်ရန် အစီအစဉ်မရှိဘူး ဆိုသည်မှာ အထင်အရှားပင်။

"နတ်ဘုရားရုပ်တု နှစ်ခုနဲ့ နတ်ဘုရားတစ်ပိုင်း အလယ်အလတ်အဆင့် ခေတ်ကြွင်း ငါးခု"

ဗွီအိုင်ပီ အခန်း (S – 1) မှ အဘိုးအိုက ဈေးထပ်ပေးသည်။

“ဗွီအိုင်ပီ အခန်း (S – 8) နဲ့ အတူတူပဲ။ နတ်ဘုရားတစ်ပိုင်း အလယ်အလတ်အဆင့် ခေတ်ကြွင်းငါးခုထဲမှာ ကြိုက်တဲ့ ပစ္စည်း ရွေးလို့ရတယ်”

“အဘိုးကြီး၊ မင်းက ဒီလောက် ရက်ရောတာ တော်တော်လေး ရှားတယ်နော်”

ဗွီအိုင်ပီ အခန်း (S – 2) မှ အမျိုးသမီးက လှောင်ပြောင်ကာ

“နတ်ဘုရားရုပ်တု နှစ်ရုပ်နဲ့ အလယ်အလတ်အဆင့် နတ်ဘုရားတစ်ပိုင်း ခေတ်ကြွင်း ဆယ်ခု... ကြိုက်တာ ရွေး"

"အမျိုးသမီး လု၊ မင်းက ငါနဲ့ လာရှုပ်နေတာပဲ"

ဗွီအိုင်ပီ အခန်း (S – 1) မှ အဘိုးအိုက ကူကယ်ရာမဲ့စွာ ပြောလိုက်သော်လည်း လေလံဈေးနှုန်းကို နောက်တစ်ကြိမ် မြှင့်တင်လိုက်သေးသည်။

"နတ်ဘုရားရုပ်ထု နှစ်ခုနဲ့ အလယ်အလတ်အဆင့် နတ်ဘုရားတစ်ပိုင်း ခတ်ကြွင်း (၂၀)၊ ကြိုက်တာ ရွေးလို့ ရတယ်"

ဗွီအိုင်ပီ အခန်း (S – 8) ရှိ ဖန်သားပြင်သည် တစ်ဖန် ပြန်လင်းလာသည်။

"နတ်ဘုရားရုပ်တု နှစ်ခု၊ အဆင်မြင့် နတ်ဘုရားတစ်ပိုင်း ခတ်ကြွင်း နှစ်ခု၊ အလယ်အလတ်အဆင့် နတ်ဘုရားတစ်ပိုင်း ခတ်ကြွင်း (၁၀) ခု။ ဘယ်နတ်ဘုရားတစ်ပိုင် ခတ်ကြွင်းမဆို ကြိုက်တာ ရွေးနိုင်တယ်"

ဗွီအိုင်ပီ အခန်း (S – 1) နှင့် (S – 2) အခန်းမှ မျက်နှာပြင်များ ချက်ချင်း ပိတ်ကျသွားသည်။ အဆင့်မြင့် နတ်ဘုရားတစ်ပိုင်း ဓာတ်ကြွင်းကို ရရှိရန် အလွန်ခက်ခဲ၏။

လေလံပွဲ ကြည့်ရှုနေသူများသည် သူတို့ အချင်းချင်း ဆွေးနွေးနေကြသည်။

"ဒီကောင် အရမ်း ချမ်းသာတာပဲ။ သူက အဆင့်မြင့် နတ်ဘုရားတစ်ပိုင်း ဓာတ်ကြွင်းကိုတောင် ငွေကြေးအနေနဲ့ သဘောထားတာ ဆိုတော့"

"သူက အဆင့်မြင့် နတ်ဘုရားတစ်ပိုင်း ခါတ်ကြွင်းတွေကိုတောင် ထုတ်ပေးနိုင်တယ် ဆိုတော့ တကယ့် သူဌေးကြီးပဲ ဖြစ်ရမယ်”

" ဗွီအိုင်ပီ အခန်း (S – 8) က သူဌေးကြီးက အဖွဲ့ခွဲ(၃) က မဟုတ်မှာဘဲ ကြောက်မိတယ်....."

ဗွီအိုင်ပီ အခန်း (S–7) တွင် လင်းဟွမ်သည် အနည်းငယ် ကျေနပ်သွားသည်။ သူ့တွင် နတ်ဘုရားတစ်ပိုင်းအဆင့် ဓာတ်ကြွင်း (၄၀၀) ခန့်ရှိသော်လည်း ထိုအထဲတွင် အဆင့်မြင့် နတ်ဘုရားတစ်ပိုင်း ဓာတ်ကြွင်း ဆယ်ခုသာ ပါရှိပြီး

သူ့အတွက် သင့်တော်သည့် ပစ္စည်းက ဓါးတစ်ချောင်းသာ ရှိ၏။

"ဗွီအိုင်ပီ အခန်း (S – 8) မှ ညွှေ့သည်က နတ်ဘုရားရုပ်တု နှစ်ခု၊ အဆင့်မြင့် နတ်ဘုရား တစ်ပိုင်း ဓါတ်ကြွင်း နှစ်ခု၊ အလယ်အလတ်တန်းအဆင့် နတ်ဘုရားတစ်ပိုင်း ဓာတ်ကြွင်း (၁၀) ခုနဲ့ ကမ်းလှမ်းထားပါတယ်။ ဈေးပိုပေးမယ့်သူ ရှိသေးလား"

ဗွီအိုင်ပီ အခန်း (S – 1) နှင့် (S – 2) တို့က တိတ်ဆိတ်နေသည်ကို သတိထားမိလျှင် ယွမ်မေအာက ထပ်ပြောလိုက်သည်။

သူမ စကားပြောပြီးသည်နှင့် တပြိုင်နက် ဗွီအိုင်ပီအခန်း (S – 2) မျက်နှာပြင်က ပြန်လင်းလာသည်။

“နတ်ဘုရားရုပ်တု နှစ်ရုပ်၊ အဆင့်မြင့် နတ်ဘုရားတစ်ပိုင်းကြွင်း သုံးခု၊ အလယ်အလတ်အဆင့် နတ်ဘုရားတစ်ပိုင်း ခေတ်ကြွင်း အခု (၂၀)”

ဗလတောင့်သော အမျိုးသမီးက ပြင်းထန်စွာ အော်ဟစ်လိုက်သည်။ သူမလက်ထဲတွင် ရှိရှိသမျှ အကုန်လုံးနီးပါး ပေးကမ်းနေသည်ဟု ထင်ရသည်။

ထိုအချိန် ဗွီအိုင်ပီ အခန်း (S – 8) ရှိ မျက်နှာပြင် နောက်တစ်ကြိမ် ပြန်လင်းလာသည်။

"နတ်ဘုရားရုပ်တု နှစ်ခု၊ အထွတ်အထိပ် နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်း တစ်ခု၊ အဆင့်မြင့် နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်း သုံးခုနဲ့ အလယ်အလတ် နတ်ဘုရားတစ်ပိုင်း ဓာတ်ကြွင်း အခု(၂၀)"

ဤတစ်ကြိမ် လေလံဈေးပေးရာတွင် အထွတ်အထိပ် နတ်ဘုရား တစ်ပိုင်း ခေါင်ကြွင်းတစ်ခု ပါဝင်လာသည်။

ဗလတောင့်တင်းသော အမျိုးသမီးက ထိုလူကို အနိုင်မယူနိုင်ကြောင်း သေချာပေါက် သိလိုက်သည်။ သူမတွင် အထွတ်အထပ် ခေါင်ကြွင်း မရှိသောကြောင့် တစ်ဖက်လူကို လုံးဝ မယှဉ်နိုင်ပေ။

အခြား အဆင့်မြင့်အဆင့် နတ်ဘုရားတစ်ပိုင်း ခေါင်ကြွင်း သို့မဟုတ် အလယ်အလတ်အဆင့်

ခေတ်ကြွင်းများကို ထပ်ထည့်လိုက်လျှင်ပင် အချည်းနှီး ဖြစ်လိမ့်မည်။

ဗွီအိုင်ပီ အခန်း (S – 1) မှ ညေ့သည်သည် ယခုအခါ လုံးဝ တိတ်ဆိတ်နေ၏။ ဤကမ်းလှမ်းမှုသည် သူ့မျှော်လင့်ချက်အတွင်း မပာတ်ကြောင်း ရှင်းရှင်းလင်းလင်း သိလိုက်ပြီး လုံးလုံးလျားလျား စွန့်လွှတ်ရန် ဆုံးဖြတ်ခဲ့သည်။

ဗွီအိုင်ပီ အခန်း (S–7) အခန်းတွင် လင်းဟွမ်သည် လေလံစျေနှုန်းအတွက် ကျေနပ်နေသည်။

သူ့လက်ထဲတွင် ရှိနေသော နတ်ဘုရားရုပ်တုနှင့် ပေါင်းလိုက်ပါ အင်မော်တယ် အဆင့် (၇) အထိ သူ၏တိုက်ခိုက်ရေး အဆင့်ကို မြှင့်တင်ရန် လုံလောက်နေသည်။ ဒါသည် အဆင့်မြင့် အင်မော်တယ်အဆင့်ကို တရားဝင် တက်လှမ်းနိုင်လိမ့်မည်။

ပိုင်နှင့် ကျန်သည့်မွန်းစတားများက ၎င်းတို့၏ တိုက်ခိုက်ရေး အဆင့်များ အင်ပါယာ ရွှေကြက်သွေးရောင် အဆင့်အထိ မြင့်တက်လာမည့် အကျိုးကျေးဇူးကို ခံစားရလိမ့်မည်။

“မမျှော်လင့်ထားတဲ့ အဖြစ်အပျက်သာ မဖြစ်လာခဲ့ရင် ဒါ နောက်ဆုံးကမ်းလှမ်းမှုပဲ ဖြစ်လိမ့်မယ်။ ဗွီအိုင်ပီ အခန်း (S – 8) မှ ဧည့်သည်က အထွတ်အထိပ်အဆင့် ခေတ်ကြွင်းနဲ့ လေလံဆွဲခဲ့တာဆိုတော့ အဖွဲ့ခွဲ (၃) က မဟုတ်ဘူး ထင်တယ်”

ရီကျန်းသည် အဖွဲ့ခွဲ (၃) တွင် နှစ်ဝက်ကြာအောင် နေခဲ့ပြီ ဖြစ်သောကြောင့် အဖွဲ့ခွဲ (၃) ရှိ နတ်ဘုရားတစ်ပိုင်းများ အကြောင်းကို သိနေသည်။

"ဘာလို့လဲ၊ အဖွဲ့ခွဲ (၃) မှာ အထွတ်အထိပ်အဆင့် နတ်ဘုရားတစ်ပိုင်း ခေတ်ကြွင်း မရှိဘူးလား။"

ရီရီယွီက မနေနိုင်ဘဲ မေးလိုက်သည်။

“အဖွဲ့ခွဲ (၃) မှာ နတ်ဘုရားတစ်ပိုင်း အရေအတွက် အရမ်း နည်းတယ်။ ငါ သိသလောက်တော့ သူတို့ထဲမှာ သုံးယောက်ကပဲ အထွတ်အထိပ် နတ်ဘုရားတစ်ပိုင်း ခေတ်ကြွင်း ပိုင်တာ။ သူတို့လက်ထဲမှာလည်း အထွတ်အထိပ်အဆင့် နတ်ဘုရားတစ်ပိုင်း

ခါတ်ကြွင်းက တစ်ခုစီပဲ ရှိတာဆိုတော့ ဝယ်ဖို့ဆိုတာ လုံးဝ မဖြစ်နိုင်ဘူး”

လင်းဟွမ်က ရှင်းပြလိုက်သည်။

“ဗွီအိုင်ပီ အခန်း (S – 8) ညွှ်သည်က အဖွဲ့ခွဲ(၁)က ဖြစ်နိုင်တယ်”

ဗွီအိုင်ပီ အခန်း (S – 8) မှ ညွှ်သည်သည် ဒေသခံနေထိုင်သူ မဖြစ်နိုင်ဘူးဟု လူအများက ထင်မြင် ယူဆနေကြသည်။

"သူက အဖွဲ့ခွဲ (၁) ဒါမှမဟုတ် (၂) က သူဌေးကြီးလို့ ငါတော့ထင်တယ်”

"အဖွဲ့ခွဲ (၁) နဲ့ (၂) ယှဉ်ရင် ငါတို့ရဲ့ သူဌေးကြီးတွေက အာပလာတွေပဲ"

"ငါတို့ အဖွဲ့ခွဲက နတ်ဘုရားတစ်ပိုင်းတွေကို သနားမိတယ်။ ပြန်လည် ခုခံနိုင်စွမ်းတောင် လုံးဝ မရှိဘဲ တစ်ခါတည်း ဖိနှိပ်ခံနေရတယ်"

လေလံပွဲ အတွေ့အကြုံ ကြွယ်ဝသော ယွမ်မေအာက ယခုလက်ရှိ ဈေးနှုန်းမှာ နောက်ဆုံးဈေးနှုန်း ဖြစ်ကြောင်း ထုံးစံအတိုင်း သိနေ၏။

"ဗွီအိုင်ပီ အခန်း (S – 8) မှ ညှော့်သည်က နတ်ဘုရားရုပ်တု နှစ်ခု၊ အထွတ်အထိပ်အဆင့် နတ်ဘုရားတစ်ပိုင်းခေတ်ကြွင်း တစ်ခု၊ အဆင့်မြင့်အဆင့် နတ်ဘုရားတစ်ပိုင်း ခေတ်ကြွင်း သုံးခုနဲ့ အလယ်အလတ်အဆင့် နတ်ဘုရားတစ်ပိုင်း ခေတ်ကြွင်း အခု (၂၀) နဲ့ ကမ်းလှမ်းထားပါတယ်"

"တစ်ကြိမ်...."

"နှစ်ကြိမ်...."

"ကန့်ကွက်မဲ့လူ မရှိရင် ဒီနေရဲ့ နောက်ဆုံး နတ်ဘုရားခေတ်ကြွင်းကို ဗွီအိုင်ပီ အခန်း (S – 8) မှ ညော့သည်က ပိုင်ဆိုင်ပါတော့မယ်နော်"

"ကောင်းပြီး၊ သုံးကြိမ်"

"ရောင်းလိုက်ပါပြီ..."

လေလံပွဲ၏ တရားဝင် တူထုသံထွက်ပေါ် လာပြီးနောက် နောက်ဆုံးပစ္စည်းကို တရားဝင် ရောင်းချလိုက်သည်။

## အခန်း(၉၂၈) - နတ်ဘုရား ရုပ်တုနှစ်ခုကို ရရှိခြင်း။

ငါးရက်ကြာ လေလံပွဲ ပြီးဆုံးသွားသောအခါ လင်းဟွမ်စိတ်ထဲမှ ဝန်ထုပ်ဝန်ပိုးများ ပြုတ်ကျသွားသည်။

နတ်ဘုရားခေတ်ကြွင်း နှစ်ခုအနက် တစ်ခုသာ ရောင်းချခဲ့ရသော်လည်း လုံလောက်သည်။

နတ်ဘုရားရုပ်တု နှစ်ခုနှင့် သူပိုင်ဆိုင်ထားသော နတ်ဘုရားရုပ်တုများကို ပေါင်းစပ်လိုက်ပါက

အင်မော်တယ် အဆင့် (၇) အထိ ရောက်ရှိရန် လုံလောက်သည်။ လင်းဟွမ်၏ တိုက်ခိုက်ရေး အဆင့်သည် အဆင့်မြင့် အင်မော်တယ် အဆင့်သို့ ရောက်သွားသည်နှင့် တပြိုင်နက် ပိုင်တို့၏ တိုက်ခိုက်ရေး အဆင့်သည် အင်ပါယာ ရွှေကြက်သွေးရောင် အဆင့်ကို ရောက်ရှိ သွားကြလိမ့်မည်။

ဒါသည် လင်းဟွမ်၏ အလုံးစုံ စွမ်းရည်က နောက်တစ်ဆင့် မြင့်တက်သွားသည်ဟု ဆိုလိုခြင်းပင်….။

ထို့အပြင် အံ့သြဖွယ် ဆုလာဘ်တစ်ခု အဖြစ် နတ်ဘုရားတစ်ပိုင်း အဆင့် ဝိညာဉ် သလင်းကျောက်လည်း ရရှိခဲ့သေးသည်။

ဤကဲ့သို့သော နတ်ဘုရား တစ်ပိုင်းအဆင့် ဝိညာဉ်သလင်းကျောက်သည် သူ၏ နတ်ဘုရား ရုပ်ထု တိုက်ခိုက်ရေး ဝိညာဉ်များကို အင်ပါယာ ရွှေဖြူရောင်အဆင့်မှ အင်ပါယာ ရွှေခရမ်းရောင်အဆင့်အထိ မြှင့်တင်ရန် လုံလောက်သည်။

ညဘက်ရောက်သာအခါ လင်းဟွမ်သည် အမည်မဲ့ အင်ပါယာ နှလုံးသားလက်စွပ်ကို ဝတ်ဆင်လိုက်ပြီးနောက် ထန်ရှူထံမှ ပေးပို့ထားသည့် မဖတ်ရသေးသော မက်ဆေ့ချ်ကို ဆက်သွယ်ရေး စာမျက်နှာတွင် တွေ့လိုက်ရသည်။

"နတ်ဘုရား ဓါတ်ကြွင်းနှစ်ခုထဲမှာ နှင်းခဲဓားကိုပဲ ရောင်းချခဲ့ရတယ်။ နောက်ဆုံး လေလံအောင်သွားတဲ့ ဈေးက နတ်ဘုရားရုပ်တု နှစ်ခု၊ အထွတ်အထိပ် နတ်ဘုရားတစ်ပိုင်းအဆင့် ဓာတ်ကြွင်း တစ်ခု၊ အဆင့်မြင့် နတ်ဘုရား တစ်ပိုင်းအဆင့် ဓာတ်ကြွင်းသုံးခုနဲ့ အလယ်အလတ် နတ်ဘုရား

တစ်ပိုင်းအဆင့် ခါတ်ကြွင်း အခု (၂၀)။ လိုချင်တဲ့ နတ်ဘုရားတစ်ပိုင်းအဆင့် ခါတ်ကြွင်းများကို (၄၈) နာရီအတွင်း စိတ်ကြိုက် ရွေးချယ်နိုင်တယ်"

လင်းဟွမ်က မက်ဆေ့ချ်ကို ဖတ်ပြီးသည်နှင့် ပြန်ဖြေလိုက်သည်။

"အထွတ်အထိပ် နတ်ဘုရားတစ်ပိုင်းအဆင့် ခါတ်ကြွင်းအတွက် ခါး ယူမယ်။ တကယ်လို့ မရရင် ချပ်ဝတ်တန်ဆာပေါ့။ အဆင့်မြင့် နတ်ဘုရားတစ်ပိုင်းအဆင့် ခါတ်ကြွင်းသုံးခုကို ခါး၊ ဆေဘာ နဲ့ ချပ်ဝတ်တန်ဆာ ယူမယ်။

အလယ်အလတ် နတ်ဘုရားတစ်ပိုင်းအဆင့် ခါတ်ကြွင်းအတွက်ကတော့ ဝယ်လိုအား ပိုများတဲ့ ပစ္စည်းတွေသာ ရွေးလိုက်ပါ......"

ထန်ရှုက ချက်ချင်း ပြန်ဖြေလာသည်။ လင်းဟွမ် မက်ဆေ့ချ်ပို့ပြီး (၃) စက္ကန့်ပင် မကြာလိုက်ချေ။

"နားလည်ပြီ။ ဒီပစ္စည်းတွေကို ဘယ်တော့လောက် ပေးရမလဲဆိုတာ သိပါရစေ ဆရာ.....။ ဒါမှမဟုတ် ဆရာရဲ့တပည့်ဆီ တိုက်ရိုက် ပို့လိုက်ရမလား"

"ငါကိုယ်တိုင် သုံးရက်အတွင်း ရောက်အောင်ခဲ့မယ်"

လင်းဟွမ်က ပြဿနာကို ဤကဲ့သို့ ကိုင်တွယ်ဖြေရှင်းရသည့် အကြောင်းရင်းမှာ ဤပစ္စည်းများ သူ့လက်ထဲ ရှိနေသည့် အကြောင်းကို တစ်ယောက်ယောက် သိသွားခဲ့ပါက ပြဿနာဖြစ်လာနိုင်သည်။ သို့ရာတွင် လူပေါင်းများစွာက ဤပစ္စည်းများအတွက် ကိုယ်တိုင်လာယူသော နတ်ဘုရားတစ်ပိုင်းအဆင့် ပုဂ္ဂိုလ်တစ်ယောက်ကို ဆန့်ကျင် တိုက်ခိုက်ရန် ကြံစည်ကြမည် မဟုတ်ပေ။

လေလံပွဲပြီးဆုံးသွားပြီး နောက်တစ်နေ့ မနက်တွင် လင်းဟွမ်သည် ရီကျန်းတို့ မောင်နှမ

နှစ်ယောက်နှင့်အတူ ဗွီအိုင်ပီအခန်းထဲမှ ထွက်လာခဲ့သည်။

“မနက်ဖြန် ညကျရင် မြေအောက်လေလံပွဲ လုပ်လိမ့်မယ်။ မင်းတို့ စိတ်ဝင်စားရင် သွားလို့ရတယ်။"

လင်းဟွမ်က ဝမ်ပေါင်လေလံပွဲမှ ဖိတ်ကြားချက်ကို ရီကျန်းနှင့် ရီရီယွီတို့ထံပေးရင်း ပြောလိုက်သည်။

" လေသံကို နားထောင်ရတာ မင်း မတတ်တော့ဘူး ပေါ့”

ရီကျန်းက မျက်ခုံးပင့်ကာ မေးလိုက်သည်။

“ငါ စာရင်းကြည့်ပြီးပြီ။ ငါလိုချင်တဲ့ ပစ္စည်း ဘာမှမရှိဘူးဆိုတော့ အချိန်မဖြုန်းတော့ဘူး”

လင်းဟွမ်က ပြုံးရင်း ခေါင်းခါလိုက်သည်။

“ ဒီလိုမြေအောက် လေလံပွဲက တကယ် လေလံပစ်မယ့် ပစ္စည်းစာရင်းရဲ့ တစ်ဝက်လောက်ပဲ ဖော်ပြတတ်တာနော်။ စာရင်းထဲမှာ မပါတဲ့ ပစ္စည်းတစ်ခုခုက မင်းလိုချင်တဲ့အရာ ဖြစ်နေရင် ဘယ်လို လုပ်မလဲ။”

ရှီရှီယွီက မေးလိုက်သည်။

"အခုလောလောဆယ်တော့ ငါ လိုအပ်တဲ့ ပစ္စည်းက နည်းနည်းလေးပဲ ။ ပထမ တစ်မျိုးက နတ်ဘုရားရုပ်တု၊ နောက်တစ်မျိုးက ရှေးဟောင်းအဆင့် ဒါမှမဟုတ် နတ်ဘုရား တစ်ပိုင်းအဆင့် ဝိညာဉ်သလင်းကျောက်။ တတိယတစ်မျိုးက နတ်ဘုရားသတ် အမြှောက်တွေနဲ့ နောက်ဆုံး တစ်မျိုးကတော့ နတ်ဘုရားအဆင့် ဒါမှမဟုတ် နတ်ဘုရားတစ်ပိုင်းအဆင့် စိတ်ဝိညာဉ် လက်နက်တွေပဲ "

လင်းဟွမ်က သူလိုချင်သော ပစ္စည်းများကို ထုတ်ပြောလိုက်သည်။

“ဒီမြေအောက်လေလံပွဲမှ မဟုတ်ဘူး နောက်ပိုင်း မင်းတို့တွေ တခြားလေလံပွဲ သွားမယ်ဆိုလည်း ဒီပစ္စည်းတွေတွေ့ရင် ငါ့အတွက် သတိထားပြီး စောင့်ကြည့်ပေးပါ။ လိုအပ်ရင် လေလံဆွဲပေး ငွေပမာဏကို မင်းတို့ဆီ လွှဲပေးမယ်"

"ကောင်းပြီ.... ငါတို့ စောင့်ကြည့်ပေးထားမယ်။"

ရီရီယွီက ခေါင်းညိတ်လိုက်သည်။

"ဒါဆို အခု မင်းမှာ ဘာအစီအစဉ်ရှိလဲ။ ပါရမီရှင်သမဂ္ဂထဲဝင်ပြီး အမှတ်တွေ ယူမှာလား..."

ရီကျန်းက မနေနိုင်ဘဲ မေးလိုက်သည်။

"လာမယ့် လပိုင်းအတွင်းတော့ ငါရဲ့ တိုက်ခိုက်ရေးအဆင့်ကို မြှင့်တင်သွားမယ်။ ဒါပြီးမှပဲ အမှတ်ယူဖို့ ပါရမီရှင် သမဂ္ဂထဲ ဝင်ရမှာ....."

လင်းဟွမ်က သူ့အစီအစဉ်ကို အကျဉ်းချုံးပြီး ပြောပြလိုက်သည်။

ထိုစကားကို ကြားလျှင် ရီကျန်းတစ်ယောက် စကားမပြောနိုင် ဖြစ်သွားသည်။ လင်းဟွမ်က မကြာခင် တိုက်ခိုက်ရေးအဆင့် နောက်တစ်ဆင့် ထပ်တော့မည်ကို မယုံကြည်နိုင် ဖြစ်နေသည်။

"မင်းတို့ နှစ်ယောက်မှာရော ဘာအစီအစဉ်တွေ ရှိလဲ။ အတူတူ လေ့ကျင့်ဖို့ စိတ်ကူးရှိလား...."

လင်းဟွမ်က ရီကျန်းကို မေးလိုက်သည်။

“မြေအောက်လေလံပွဲ ပြီးတာနဲ့ ရီရီယွီကို အဖွဲ့ခွဲ(၃) နဲ့ ရင်းနှီးသွားအောင် လိုက်ပြဖို့တော့ စဉ်စားထားတယ်။ ငါလည်း အများဆုံး တစ်လပဲ လိုက်ပြပေးနိုင်မှာ။ ဒါပြီးရင်တော့ ကိုယ့်အလုပ် ကိုယ်လုပ်ရအုံးမယ်”

“သူ့မှာ ရည်းစား ရှိနေပြီ”

ရီရီယွီက ရုတ်တရက်ပြောလိုက်သည်။

“ ညီမကို မလိုအပ်တော့ဘူး”

"ဘာတွေ ပေါက်ကရ လျှောက်ပြောနေတာလဲ။ တိုက်ခိုက်ရေး နတ်ဘုရား မဟာမိတ်အဖွဲ့က ချမှတ်ထားတဲ့ တာဝန်တစ်ခု ရှိသေးလို့”

ရီကျန်းက ချက်ချင်း ပြန်ရှင်းပြသည်။

" မင်းအစ်ကိုက ငယ်တော့တာ မဟုတ်ဘူး၊ သူ့ကောင်မလေးနဲ့ နေတာလည်း ပုံမှန်ပဲ။ ဒါကို နားလည်ပေးနိုင်အောင် သင်ယူသင့်တယ်…”

လင်းဟွမ်က ရီကျန်း ရှင်းပြချက်ကို တိုက်ရိုက် လျစ်လျူရှုပြီး ရီရီယွီကို နှစ်သိမ့်ပေးလိုက်သည်။

" ငါက မငယ်တော့ဘူး ဆိုတာ ဘာပြောချင်တာလဲ....။ ငါ့အသက်က (၂၃) နှစ်ပဲ ရှိသေးတယ်"

ရီကျန်း အံ့အားသင့်သွားသည်။

"လူတစ်ယောက်က အသက် (၂၀) ပြည့်တာနဲ့ ဦးလေးတစ်ယောက် ဖြစ်သွားပြီ"

လင်းဟွမ်က ဤကမ္ဘာတွင် အသက် (၁၈) နှစ်သာ ရှိသေးသောကြောင့် သက်တောင့်သက်သာရှိစွာ ပြောလိုက်သည်။

"သူက ဦးလေး တစ်ယောက် ဘယ်ဟုတ်မလဲ… အခုဆို ဦးလေးကြီးတစ်ယောက်တောင် ဖြစ်နေပြီ"

ရီရီယွီက ဆက်ပြောသည်။

ရီကျန်းသည် သူ့အိမ်တွင်လည်း အမှန်တကယ် ဦးလေးကြီး တစ်ယောက် ဖြစ်နေသောကြောင့် ငြင်းခုံခြင်း မပြုနိုင်ပေ။ သူ၏ ဝမ်းကွဲများတွင် သားသမီးများ ရှိနေပြီ ဖြစ်သည်။

"မင်းလည်း အဒေါ်ကြီး တစ်ယောက်ပဲ"

ဟု သူ့ညီမကို ပြန်ပြော လိုက်ချင်သော်လည်း နောက်ဆုံးတွင် သတ္တိမရှိခဲ့ပေ။ သူ လုပ်နိုင်သည်မှာ တိတ်တိတ်လေး ညည်းတွားနေခြင်းသာ...။

"ဘာဖြစ်လို့ တခြားလူတွေရဲ့ ညီမက ချစ်စရာကောင်းအောင် နာခံပြီး နူးညံ့ရတာလဲ"

"ပါရမီရှင် သမဂ္ဂအတွက် မင်းရဲ့လျှောက်လွှာကို စီစဉ်ပေးဖို့ ချန်းသွမ်ကို ဖုန်းခေါ်လိုက်မယ်"

ရီကျန်းက တိုက်ခိုက်ရေး နတ်ဘုရား မဟာမိတ်အဖွဲ့အကြောင်း ပြောသောအခါ လင်းဟွမ် ပြန်သတိရသွားသည်။

"ဒါပေမယ့် အရင်ဆုံး ရှင်းအောင် ပြောထားရမယ်။ ကောင်းကင်ဘုံ မဟာမိတ် အဖွဲ့အစည်းက ပါရမီရှင်သမဂ္ဂထဲမှာ အားကောင်းတဲ့ အဖွဲ့အစည်းတစ်ခု ဆိုပေမဲ့ အဖွဲ့ခွဲ (၃) မှာတော့ သာမန်ပဲနော်။ အရင်းအမြစ် အများကြီး မရှိဘူး။ မင်းလိုချင်ရင် ကိုယ်တိုင် တိုက်ပွဲဝင်ရမှ ရမှာ"

"အခုချိန်မှာ မင်းက အင်မော်တယ် အဆင့် (၁) ပဲ ရှိသေးတော့ မင်းရဲ့ တိုက်ခိုက်ရေးအဆင့်ကို မြှင့်တင်ဖို့နဲ့ တိုက်ပွဲဝင်စွမ်းရည် လေ့ကျင့်ဖို့ပဲ အဓိက ဦးစားပေးသင့်တယ်။ မင်းရဲ့စွမ်းရည်တွေ တိုးတက်လာတဲ့အချိန်ကျမှ အရင်းအမြစ်တွေ

ပိုရအောင် ဟင်းလင်းပြင် အပျက်အစီးတွေနဲ့ လျှို့ဝှက်ဇုန်တွေထဲ ဝင်ပေါ့"

ရီရီယွီက ငြိမ်သက်စွာ ခေါင်းညိတ်လိုက်သည်။ လင်းဟွမ်၏ ပုံစံကူးပြောင်းသွားမှုကို တွေးတောရင်း သူမသည် ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ထဲ ပါဝင်ရန် စိတ်လှုပ်ရှားနေ၏။

မနက်စာ စားပြီးနောက် ဝမ်ပေါင်ဟိုတယ်သို့ ပြန်လာခဲ့ကြသည်။

အခြား တစ်ဖက်တွင်မူ လင်းဟွမ်က ပရော်ဖက်ရှင်နယ် ကျင့်ကြံခြင်းအခန်းတစ်ခုကို ရှာခဲ့သည်။

ဟိုတယ်၏ ပုံမှန် အဆောက်အဦးများသည် အလင်းရောင် အဝင်အထွက် ကောင်းအောင် တည်ဆောက်ထားသဖြင့် ကျင့်ကြံသူများကြောင့် အလွယ်တကူ ပျက်ဆီးသွားနိုင်သည်။ ထို့ကြောင့် ကျင့်ကြံခြင်း အခန်းများက ဟိုတယ်၏ စီးပွားရေး အခွဲများ ဖြစ်လာကြသည်။

ထို့အပြင် ကျင့်ကြံခြင်း အခန်းများကို အထူးပစ္စည်းများနှင့် တည်ဆောက်ထားပြီး အမျိုးမျိုးသော တံဆိပ်များနှင့် ခိုင်ခံ့စေခဲ့သည်။ အခြား တစ်ဖက်တွင်လည်း ထိုအခန်းများက အလွန် အကြမ်းခံသည့်အပြင် ကျင့်ကြံရာတွင်လည်း တိုးတက်စေရန် တစ်စုံတစ်ရာ ထောက်ပံ့မှု ပေးနေသည်။

ရိုးရှင်းသော်လည်း အလွန် ဝင်ငွေကောင်းသော စီးပွားရေး အလုပ် တစ်ခုပင်....

လင်းဟွမ်သည် ထိုကဲ့သို့ ကျင့်ကြံခြင်းအခန်းကို ကြိုတင်မှာယူရသည့် အကြောင်းမှာ အဓိကအားဖြင့် အစစ်အမှန်ဝိညာဉ် စွယ်စုံကျမ်းကို စိတ်ကူးယဉ် မြင်ယောင်ကြည့်ရန် အချိန်အကြာကြီး လိုအပ်ပြီး ထိုအချိန် ကာလအတွင်းတွင် အနှောင့်အယှက်ဖြစ်၍ မရခြင်းကြောင့်ပင်။

ထုံးစံအတိုင်း အခန်းထဲရောက်သည့် ပထမဦးဆုံး နေ့တွင် အစစ်အမှန်ဝိညာဉ် စွယ်စုံကျမ်းကို စိတ်ကူးယဉ် မြင်ယောင်ကြည့်ခြင်း မရှိသေးပေ။ ထိုအစား ဓါးကျင့်စဉ်ကိုသာ လေ့ကျင့်နေခဲ့သည်။ သူ့တွင် သိမ်းဆည်းထားသော နတ်ဘုရားရုပ်တု

နှစ်ခု ရှိနေပြီး ရုပ်ထုအားလုံးကို အတူတကွ စုစည်းပြီးမှ အတူတကွ စိတ်ကူးယဉ် မြင်ယောင်ကြည့်ရန် စီစဉ်ထားသည်။

ည ဆယ်နာရီကျော်သောအခါ လင်းဟွမ်က ထန်ရှုထံ သူ၏ အမည်မဲ့ အင်ပါယာ နှလုံးသားလက်စွပ်ကို အသုံးပြုပြီး မက်ဆေ့ချ် ပေးပို့လိုက်သည်။

"ငါ လမ်းပေါ်ရောက်နေပြီ။ ငါးမိနစ်အတွင်း ရောက်လာမယ်...."

အသွင်ပြောင်းကတ်ကို အသုံးပြုပြီး တစ္ဆေအသွင်ယူက ကျင့်ကြံခြင်း အခန်းထဲမှ တိတ်တိတ်လေး ထွက်လာခဲ့သည်။ လူရှင်းပြီး တိတ်ဆိတ်ငြိမ်သက်သော နေရာတစ်ခုသို့ ရောက်သောအခါ လှည့်စားခြင်းကတ်ကို အသုံးပြုပြီး အသွင်းပြောင်းကာ အနက်ရောင်ဝတ်စုံ ဂုတ်ဆင်ခဲ့သည်။ ထို့နောက် နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းကို ဆင့်ခေါ်ကာ ဝမ်ပေါင်လေလံပွဲ၏ အဝင်ဝတွင် တိုက်ရိုက် ပေါ်လာသည်။

ခန်းမထဲတွင် ထန်ရှူက သူ့ကိုစောင့်နေသည်။

"ဆရာ"

ထန်ရှုက လင်းဟွမ်ရောက်လာသည်ကို မြင်လျှင် ချက်ချင်း ပြေးပြီး ကြိုလိုက်သည်။

“ကျွန်တော် အကုန် ပြင်ဆင်ပြီးပြီ။ ကျေးဇူးပြုပြီး စစ်ဆေးကြည့်ပါ......"

မရောင်းရသေးသော ပစ္စည်းဖြစ်သည့် နတ်ဘုရား ဓါတ်ကြွင်းလုံကို အထင်ရှားဆုံး နေရာတွင် ထားရှိထားသည်။

ကျန်သည့် ပစ္စည်းများမှာ နှင်းခဲဓါးကို ရောင်းဝယ် ဖောက်ကားထားသော ပစ္စည်းများဖြစ်ပြီး

အထွတ်အထိပ် နတ်ဘုရားတစ်ပိုင်း ခတ်ကြွင်း ခါး၊ အဆင့်မြင့် နတ်ဘုရားတစ်ပိုင်း ခတ်ကြွင်း ခါး၊ ဆေဘာ တစ်လက်နှင့် သံချပ်ကာ၊ အလယ်အလတ်အဆင့် နတ်ဘုရားတစ်ပိုင် ခတ်ကြွင်းများမှာ ခါးများ၊ ဆေဘာများ၊ လှံများ၊ သံချပ်ကာများ ဖြစ်ကြသည်။

ထို့နောက် လင်းဟွမ်သည် နတ်ဘုရားရုပ်တု နှစ်ခုကို စေ့စေ့စပ်စပ် ကြည့်လိုက်သည်။ ရုပ်ထုနှစ်ခုတွင် တစ်ခုက ဟိန်းဟောက်နေသော နတ်ဆိုးပုံစံရှိပြီး နောက်တစ်ခုမှာ အပင်တစ်ပင်

ဖြစ်ကြောင်း ထင်ရှားသည်။ လင်းဟွမ်သည် မည်သည့်အပင် ဆိုသည်ကို မပြောနိုင်ပေ။

လင်းဟွမ်က စကားမပြောဘဲ ပစ္စည်းအားလုံးကို သိမ်းဆည်းလိုက်သည်။

ထို့နောက် ထန်ရှုက လက်မအရွယ် ချစ်ပ်ပြား ပေးလိုက်သည်။

"ဒါတွေအားလုံးဟာ လေလံပွဲကနေ ရရှိထားတဲ့ ကံကြမ္မာသလင်း ကျောက်တွေပါ။ ဝန်ဆောင်ခကို ဖြတ်တောက်ပြီး ကျန်တဲ့အရာတွေပါ...."

လင်းဟွမ်က ချစ်ပ်ပြားကိုယူပြီး အမည်မသိ အကောင့်ထဲ လွှဲပြောင်းထည့်လိုက်သည်။ မကြာခင် စာရင်းဇယားများ ပေါ်လာသောအခါ လင်းဟွမ် မျက်ခုံးပင့်သွားသည်။

“(၇၂၂) ဘီလီယံ၊ နတ်ဘုရားရုပ်တုတွေ အတွက် ဝန်ဆောင်ခ မယူခဲ့ဘူးလား”

“ဆရာက ဝမ်ပေါင်လေလံပွဲမှာ နတ်ဘုရား ဓာတ်ကြွင်းတွေကို ရောင်းချခွင့်ပေးခဲ့ပြီး ဆရာရဲ့ ယုံကြည်မှုကို ပြသခဲ့ပါတယ်။ ကျွန်တော် တို့အတွက် နတ်ဘုရား ဓါတ်ကြွင်းတွေကို လေလံတင်

ရောင်းချခွင့်ရတာက လေလံပွဲရဲ့ ကျော်ကြားမှုကို ပိုပြီး တိုးမြင့်စေတယ်။ ဒါကြောင့် ဆရာက ကျွန်တော်တို့ကို အကျိုးအမြတ် အများကြီး ထောက်ပံ့ပေးခဲ့တယ်ဆိုတာ ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ဆီ နတ်ဘုရားဓာတ်ကြွင်းတွေ ယူလာသရွေ့ အခကြေးငွေ မယူပါဘူး”

ထန်ရှူက ပြုံးပြီးပြောလိုက်သည်။ ဝမ်ပေါင် လေလံပွဲ၏ ရေရှည် အကျိုးအမြတ်ကို ရှေးရှု၍ ရေတိုအကျိုးအမြတ်ကို စွန့်လွှတ်ခဲ့ခြင်းသာ။

"မင်းက ကြင်နာလွန်းတာပဲ"

လင်းဟွမ်က စကားအများကြီး မပြောတော့ပေ။ လွန်ခဲ့သော ရက်အနည်းငယ်တွင် ထန်ရှူက သူ့ကို နတ်ဘုရားတစ်ပိုင်း အဆင့် ဝိညာဉ် သလင်းကျောက်ကို အလကား ပေးခဲ့သဖြင့် နောက်ပိုင်း မျက်နှာလွှဲရန် ခက်ခဲကြောင်း သူ သိသည်။ ထို့အပြင် နတ်ဘုရား ဓါတ်ကြွင်းများကို လေလံတင် ရောင်းချရာတွင် နေရာပြောင်းလဲခြင်းက ကြီးကြီးမားမား ကွာခြားမှု မရှိပေ။ အနည်းဆုံးတော့ ယခုအချိန်တွင် ထန်ရှူက ယုံကြည်စိတ်ချရသော

လူတစ်ယောက် ဖြစ်နေသည်။ ထို့ကြောင့် ရေရှည်လက်တွဲ သင့်ပေသည်။

လင်းဟွမ်က ပစ္စည်းများ ယူဆောင်၍ ထွက်ခွာသွားသည့် အချိန်တွင် ထန်ရှူက နောက်တစ်ခေါက် ကျင်းပမည့် လေလံပွဲနှင့် ပတ်သက်၍ ဘာမှမပြောခဲ့ပေ။

## အခန်း(၉၂၉) - အင်မော်တယ် အဆင့် (၇) သို့ တက်လှမ်းခြင်း...

လင်းဟွမ် ကျင့်ကြံရေး အခန်းထဲ ပြန်ရောက်သောအခါ ညနက်သန်းခေါင်ယံ အချိန် ရောက်နေပြီ။

နတ်ဘုရားရုပ်တု သုံးခုကို ထုတ်ယူပြီး ထိုရုပ်တုအားလုံးကို စိတ်စွမ်းအားနှင့် ဖုံးအုပ်ကာ ခန္ဓာကိုယ်ထဲ ဆွဲသွင်းလိုက်သည်။ လက်ဖဝါးအရွယ် နတ်ဘုရားရုပ်တု သုံးခုသည် လင်းဟွမ်ရင်ဘတ်ထဲ

ထိုးဖောက် ဝင်ရောက်သွားပြီးနောက် ပျောက်ကွယ်သွား၏။

ထို့နောက် နတ်ဘုရား ရုပ်တု သုံးခုသည် လင်းဟွမ်ခန္ဓာကိုယ်ထဲ ရောက်သွားပြီးနောက် ကံကြမ္မာစက်ဝိုင်း တစ်ခုစီထဲ ဝင်ရောက် ပျောက်ကွယ်သွားသည်။ မကြာခင် နတ်မီးလျှံက ဝါးမြိုသွားပြီး ရောမမီးတောင်ကြီးလို ဖြစ်သွားသည်။

ခဏအကြာ နတ်မီးလျှံများ ထုတ်လွှတ်သော နတ်ဘုရား စွမ်းအားကို အာရုံခံမိပြီးနောက်

နတ်ဘုရားရုပ်တု သုံးခုက ကံကြမ္မာ စွမ်းအားများကို အငမ်းမရ စုပ်ယူလာကြသည်။

လင်းဟွမ်က နတ်မီးလျှံ အသွင်ပြောင်းလဲခြင်း ဖြစ်စဉ်ကို တိတ်တဆိတ် စောင့်ကြည့်နေခဲ့သည်။ မကြာခင် ကြီးမားလှသော ဝဲဂယက်ကြီး တစ်ခု ဖြစ်ပေါ်လာသည်။ နတ်ဘုရားရုပ်တုများသည် မီတာထောင် ပေါင်းများစွာ မြင့်မားအောင် လောင်ကျွမ်းနေပြီး ရောမတောင်ကြီး တစ်ခုကဲ့သို့ ဖြစ်နေသည်။

ထို့နောက် နတ်မီးလျှံ၏ အရွယ်အစားသည် လျင်မြန်စွာ ကျုံ့ဝင်လာသည်။ တစ်ချိန်တည်းမှာပင် လင်းဟွမ် ခန္ဓာကိုယ်ထဲမှ ပြည့်လျှံနေသော ကံကြမ္မာစွမ်းအားများကို တွင်းနက်ကြီးက ဝါးမြိုသွားသကဲ့သို့ လုံးဝ စုပ်ယူသွားခဲ့ပြီ။

ဒါသည် ကံကြမ္မာစက်ဝိုင်း တစ်ခုတည်းတွင် ဖြစ်ပျက်နေခြင်း မဟုတ်ပေ။ နဂါးတစ်ကောင်က စုပ်ယူနေသကဲ့သို့ အခြား ကံကြမ္မာစက်ဝိုင်း (၇) ခုထဲမှ ကံကြမ္မာ စွမ်းအားများကိုလည်း စုပ်ယူနေသည်။

ဖန်ဆင်းပြီးထားသော နတ်ဘုရားရုပ်တု လေးခုက သူတို့၏ မွေးချင်း အပေါင်းအဖော် အသစ်သုံးယောက်ကို ကျွေးမွေး ပြုစုရန်အတွက် သူတို့၏ ကံကြမ္မာစွမ်းအားများကို အရှုံးအမှုး ထုတ်လွှတ်ပေးနေကြသည်။

လင်းပွမ်က စုပ်ယူနေသော ဝဲဂယက်ကို အစာကျွေးရန် ကံကြမ္မာစွမ်းအား ပြန်လည်ဖြည့်တင်းခြင်း ကတ်သုံးခုကို ချက်ချင်း အသက် သွင်းလိုက်သည်။ သူ့ခန္ဓာကိုယ်ထဲက ကံကြမ္မာစွမ်းအားများ မလုံလောက်မည်ကို သူ မစိုးရိမ်ပေ။ ထိုအစား ဆင့်ကဲဖြစ်စဉ် ပိုမို

မြန်ဆန်စေရန်အတွက် ကူညီအားဖြည့် ပေးခဲ့ခြင်းသာ.....

လင်းဟွမ် ခန္ဓာကိုယ်ထဲရှိ ကံကြမ္မာစွမ်းအား အားလုံးကို စုပ်ယူနေသောကြောင့် (၃) နာရီအတွင်းတွင် လျင်မြန်စွာ ကုန်ခမ်းသွားပြီး ကံကြမ္မာစက်ဝိုင်း သုံးခုထဲမှ နတ်ဘုရား ရုပ်တုများသည် နတ်မီးလျှံနှင့်အတူ ပျောက်ကွယ် သွားသည်။ လက်ဖဝါးအရွယ် နတ်ဘုရားရုပ်တု သုံးခုသာ ကျန်ရစ်ခဲ့တော့သည်။

လင်းဟွမ်၏ မျက်နှာပြင်ပေါ်တွင် စိတ်လှုပ်ရှားမှုများကို အတိုင်းသား မြင်နေရသော်လည်း အောင့်အီးသည်းခံကာ စိတ်ရှည်စွာ စောင့်ဆိုင်းနေခဲ့သည်။ ကံကြမ္မာစွမ်းအား လုံး၀ မကျန်တော့သည့် အခြေအနေအတွက် စိုးရိမ်ပူပန်ခြင်း လုံး ၀ မရှိပေ။

(၁၀) မိနစ်ခန့် ကြာသောအခါ နတ်ဘုရားရုပ်တု သုံးခုသည် တစ်ပြိုင်နက်နီးပါး အသက်ဝင်လာသည်။

လင်းဟွမ်၏ ငါးခုမြောက် ကံကြမ္မာစက်ဝိုင်းထဲမှ အပေါ်ပိုင်းက လူခန္ဓာကိုယ်ရှိသော ဆန်းကြယ်

နှင်းအမျိုးသမီးသည် မျက်လုံးဖွင့်လာသည်။ သူမ မျက်လုံးထဲ၌ အပြာရောင်မီးလျှံများ တောက်ပနေသည်။ ရေခဲများနှင့် ချုပ်နှောင်ထားသော သူမ ခန္ဓာသည် ချုပ်နှောင်ထားမှုမှ လွတ်မြောက်လာသည်။ မြေပြင်အထက်တွင် ပျံဝဲနေကာ သူမ ခန္ဓာကိုယ်ပေါ်ရှိ နှင်းခဲများ မှေးမှိန်လာပြီး သူမ ခန္ဓာကိုယ် အနီးတစ်ဝိုက်တွင် အဖြူရောင် အမှုန်အမွှားများ ရစ်ဝဲလာ၏။

ခြောက်ခုမြောက် ကံကြမ္မာစက်ဝိုင်းထဲတွင် ဟိန်းဟောက်နေသော နတ်ဆိုး၏ မျက်လုံးထဲတွင်လည်း မီးလျှံများ

တောက်ပလာသည်။ သူ့ခန္ဓာကိုယ်က အနည်းငယ် ပြန့်ကားလာကာ မကြာခင် ကြမ်းကြမ်းတမ်းတမ်း ပြန့်ကားလာပြီး (၂) မီတာအထိ ရှိလာသည်။

ကြက်သွေးရောင် မျက်လုံးများက မြင်သည့် လူတိုင်းကို ထိတ်လန့် ကြောက်ရွံ့စေနိုင်သည်။ သူ့ခန္ဓာကိုယ်အနှံ့တွင် လက်သီး အရွယ်အစားခန့် ရှိသော ဦးခေါင်းခွံအနည်းငယ်က ပျံ့ဝဲနေပြီး သည်းထန်စွာ ငိုကြွေးနေကြသည်။

ထိုအချိန်တွင် သတ္တမမြောက် ကံကြမ္မာ စက်ဝိုင်းထဲ၌ အပင်တစ်ပင်က လျင်မြန်စွာ

ကြီးထွားလာသည်။ အံ့ဩစရာကောင်းသည်မှာ ချုံပုတ်တစ်ခု ဖြစ်သွားခြင်းပင်။ မသဲကွဲဘဲ ပုံရိပ်ယောင်ကဲ့သို့ ဖြစ်နေသော်လည်း စိမ်းလန်း စိုပြည်နေသော အရွက်များက အလွန် အသက်ဝင်၏။ လင်းဟွမ်သည် သစ်ရွက်တစ်ခုစီ တိုင်းတွင် ဝှက်ထားသော ကံကြမ္မာ စွမ်းအားပမာဏကို ရှင်းရှင်းလင်းလင်း ခံစားမိနေသည်။

နတ်ဘုရားရုပ်တု သုံးခုသည် လင်းဟွမ်၏ ခန္ဓာကိုယ်ကို ဒုတိယအကြိမ်မြောက် စတင် အသက်သွင်းပြီး ပြန်လည် ပြင်ဆင်ပေးကြသည်။

စွမ်းအင်လှိုင်းများက ခန္ဓာကိုယ်ထဲ စိမ့်ဝင်ပျံ့နှံ့လာသည်။ နတ်ဘုရားရုပ်တု သုံးခု သိမ်းပိုက်ထားသော ကံကြမ္မာစက်ဝိုင်းများမှ စတင်ကာ စတုတ္ထမြောက်၊ ပဉ္စမမြောက် ကံကြမ္မာစက်ဝိုင်း (၁၀) ခုလုံး မပြည့်မချင်း ကံကြမ္မာစွမ်းအားများ ဖြည့်ဆည်း ပေးနေခဲ့ပြီး သူ၏သွေးကြောများ၊ ကြွက်သားများ၊ အရိုးများ၊ ဝိညာဉ်များအထိ ပျံ့နှံ့လာသည်။

လင်းဟွမ်သည် သူ့ခန္ဓာကိုယ် အတွင်းပိုင်းက စွမ်းအင်များ ပြောင်းလဲနေသည်ကို ရှင်းရှင်းလင်းလင်း အာရုံခံမိသည်။ သူ၏ ခန္ဓာကိုယ်နှင့်

စိတ်ဝိညာဉ်များသည် တစ်ပြိုင်နက်တည်း အသွင်ကူးပြောင်းမှုကို ကြုံတွေ့နေရသည်။ ထို့အတူ သူ့၏ တိုက်ခိုက်ရေးအဆင့်ကလည်း ရပ်တန့်နေခြင်း မရှိဘဲ အဆက်မပြတ် မြင့်တက်လာသည်။

တစ်မိနစ် အတွင်းမှာပင် အင်မော်တယ်အဆင့် (၄) မှ အင်မော်တယ်အဆင့် (၇) အထိ မြင့်တက်လာခဲ့သည်။ ရှေးခေတ်မှ လူများသာမက ယခုခေတ် လူများပင် ဤမျှ ကြောက်စရာကောင်းသော အရှိန်အဟုန်နှင့် တိုက်ခိုက်ရေးအဆင့်ကို မြှင့်တင်နိုင်မည် မဟုတ်ပေ။

"နောက်ဆုံးတော့ ငါ အဆင့်မြင့် အင်မော်တယ်အဆင့်ကို ရောက်ပြီကွ.."

လင်းဟွမ်သည် မနေနိုင်ဘဲ ဝမ်းသာအားရ ပြုံးလိုက်မိသည်။ သူ့ ခန္ဓာကိုယ်ထဲကို ကြည့်ပြီးနောက် ပိုင်နှင့် ကျန်သည့်မွန်းစတားများ၏ အချက်အလက်များကို စစ်ဆေး လိုက်သည်။ မျှော်လင့်ထားသည့်အတိုင်းပင် သူတို့သည် အင်ပါယာ ရွှေကြက်သွေးရောင် အဆင့်သို့ မြင့်တက်လာကြပြီ။

" နောက်ထပ် လေလံပွဲမှာ နတ်ဘုရားဓါတ်ကြွင်းကို ရောင်းလို့ ရနေသရွေ့ အင်မော်တယ် အဆင့် (၉) အထိ မြင့်တက်လာမှာပဲ။ အဲ့ဒီအခါဆို ငါက အင်ပါယာအဆင့်ကို ရောက်ဖို့ ခြေတစ်လှမ်းပဲ လိုတော့မယ်.."

လင်းဟွမ်သည် နောက်လာမည့် လေလံပွဲတွင် နတ်ဘုရား ဓါတ်ကြွင်းများ ရောင်းချရန် မဖြစ်နိုင်သည်မှာ သေချာနေသည်။ ဌာနခွဲ (၁) ရှိ ဟင်းလင်းပြင် အပျက်အစီးထဲမှ နတ်ဘုရား တစ်ပိုင်းများ မထွက်လာမချင်း နောက်ထပ် ရောင်းချရန် မဖြစ်နိုင်ပေ။ သို့သော်လည်း

အင်မော်တယ်အဆင့် (၉) သို့ မြှင့်တင်ခြင်းမှာ သဘောတူညီချက် ကျပြီးသား ကိစ္စတစ်ခုလို ဖြစ်နေသောကြောင့် အချိန်တစ်ခုသာ လိုအပ်ပေသည်။

"တော်ဝင်စမ်းသပ်မှုက ဘယ်အချိန် စမလဲဆိုတာ အတိအကျ သိချင်လိုက်တာ...."

လင်းဟွမ်သည် အနည်းငယ် အာရုံ ထွေပြားသွားပြီးနောက် ဘာလုပ်သင့်လဲ ဆိုသည်ကို ပြန်သတိရလာသည်။ နတ်ဘုရားရုပ်တု သုံးခုကို အသက်သွင်းခဲ့ပြီ ဖြစ်သော်လည်း တိုက်ခိုက်ရေး

ဝိညာဉ်များ ဖွဲ့စည်းရန်အတွက် အစစ်အမှန် ဝိညာဉ်စွယ်စုံကျမ်းအတိုင်း စိတ်ကူးယဉ် မြင်ယောင်ကြည့်ရအုံးမည်။ ယခုလက်ရှိ အချိန်၌ ဒါသည် ထိပ်တန်း ဦးစားပေး ပင်.....

နာရီကို ကြည့်လိုက်ရာ ညနက်သန်းခေါင်ယံကျော်၍ (၃) နာရီပင် ထိုးနေပြီ။ ထို့ကြောင့် လင်းဟွမ်က စိတ်ကူးယဉ် ပုံဖော်ခြင်းကို ချက်ချင်း မလုပ်ဆောင်ခဲ့ပေ။ ထိုအစား အိပ်ရာသို့ပြန်သွားပြီး အိပ်လိုက်သည်။ စိတ်ကူးယဉ် ပုံဖော်ခြင်း ဆိုသည်မှာ ပြင်းပြင်းထန်ထန် လုပ်ဆောင်ရသော အရာ ဖြစ်သည်။

ညဏ်အလင်းပွင့်ခြင်း ကတ်ကို အသုံးပြုလျှင်ပင် အလွန် အင်မတန် ပင်ပန်းနွမ်းနယ်၏။ ထို့ကြောင့် အိပ် မပျော်သော်လည်း ကောင်းကောင်း အနားယူရန် ဆုံးဖြတ်လိုက်သည်။

လင်းဟွမ်သည် တစ်မွန်းတည့်လုံး အိပ်ပျော်သွားခဲ့ပြီး ပြန်နိုးလာသောအခါ အားအင်များ ပြည့်ဝ နေခဲ့ပြီ။ အမှန်တကယ်ဆို အင်မော်တယ်အဆင့် တန်ခိုးရှင်တစ်ယောက်အတွက် တစ်နေ့လျှင် တစ်နာရီ၊ နှစ်နာရီမျှ အိပ်စက်ခြင်းသည် သေချာပေါက် လုံလောက်သည်။

လင်းဟွမ်သည် ရေချိုး၊ အဆာပြေ စားပြီးနောက် ဆိုဖာထိုင်ခုံပေါ်တွင် ထိုင်ကာ ကျောက်ပြားနှင့် စတင် ဆက်သွယ်လိုက်သည်။

“ကျောက်ပြား.. ငါက နတ်ဘုရားရုပ်တု အသစ်သုံးမျိုးနဲ့ ကိုက်ညီမယ့် ဘယ်လို ဝိညာဉ်တွေကို စိတ်ကူးယဉ် မြင်ယောင်ကြည့်သင့်လဲ..”

လင်းဟွမ်သည် ကျောက်ပြားနှင့် အကြိမ်ပေါင်းများစွာ ပြောဆို ဆက်ဆံပြီးနောက် အတော်လေး ရင်းနှီးလာခဲ့ပြီး နောက်ဆုံးတွင် (ကျောက်ပြား) ဟူသော နာမည်ကို ပေးခဲ့သည်။

ကျောက်ပြား၏ ကန့်ကွက်မှုကို လုံးဝ လျစ်လျူရှု ထားခဲ့သည်။

"လှို့ဝှက်ဆန်းကြယ် နှင်းအမျိုးသမီးက နှင်းဂုဏ်သတ္တိအပြင် ယင် ဂုဏ်သတ္တိလည်း ရှိတယ်။ တကယ်တော့ သူမနဲ့လိုက်ဖက်တဲ့ အစစ်အမှန် ဝိညာဉ်အချို့ ရှိပေမယ့် ငါကတော့ မှော်နတ်သမီးကို ရွေးချယ်တယ်။ မှော်နတ်သမီးကို လနတ်သမီးလို့ လည်း ခေါ်ကြတယ်။ ဝိညာဉ်အမျိုးအစား ဖြစ်ပြီးတော့ ယင် အဆင့် (၁) ဂုဏ်သတ္တိလည်း ရှိတဲ့အပြင် မင်းရဲ့ နတ်ဘုရား နေသစ်ပင်နဲ့ ကောင်းကောင်းလေး ပူးပေါင်း လုပ်ဆောင်နိုင်တယ်"

"ယမ တစ္ဆေကတော့ ပြန်လည်မွေးဖွားခြင်း တာအိုကို အထူးကျွမ်းကျင်တဲ့ မသေမျိုးပဲ။ မင်း ကျင့်ကြံ ပျိုးထောင်ပေးဖို့ သင့်တော်တဲ့အတွက် ငါကတော့ မရဏ မယ်တော်ကို အကြံပေးချင်တယ်.. "

"မရဏ မယ်တော်က ကြောက်စရာ ကောင်းလွန်းတဲ့ အစစ်အမှန် ဝိညာဉ်တစ်ခုပဲ။ သူနဲ့လက်ရည်တူတဲ့ နတ်ဘုရားကို ရှာတွေ့ဖို့ ခက်တယ်.. တိုက်တိုက်ဆိုင်ဆိုင်ပဲ ယမ တစ္ဆေနဲ့ သဟဇာတ ဖြစ်နေတော့ လက်လှမ်းမီနေတုန်း လက်လွတ်မခံတာ အကောင်းဆုံးပဲ"

"အေး.. တစ်ချိန်တည်းမှာပဲ အကြွင်နာ ဗလီနာ ကလည်း တိုက်ခိုက်တဲ့အပိုင်းမှာ ခွန်အား အများကြီး မရှိတဲ့ ကုသရေး မွန်းစတားပဲ။ ဒါအတွက် အလိုက်ဖက်ဆုံး ဝိညာဉ်က ခြောက်သွေ့ပန်း။ ခြောက်သွေ့ပန်းက အသက်စွမ်းအင်ကို ထိန်းချုပ်နိုင်တဲ့ အစစ်အမှန် ဝိညာဉ်တစ်ခုပဲ.. "

" ကုသဖို့အတွက် ကံကြမ္မာ စွမ်းအားကို ထုတ်လွှတ်နိုင်သလို သက်ရှိသတ္တဝါ အများစုရဲ့ အသက်စွမ်းအင်ကိုလည်း စုပ်ယူနိုင်တယ်။ အရမ်း အစွမ်းထက်တဲ့ ပန်းပွင့်တစ်ပွင့်က သေခြင်း၊ရှင်ခြင်း နိယာမတွေကို အနှောင့်အယှက် ပေးနိုင်ပြီးတော့

သေနေတဲ့ လူတစ်ယောက်ကို ပြန်အသက်သွင်းနိုင်တယ်..”

“ဟုတ်ပြီ.. မင်းရဲ့ အကြံအတိုင်းပဲ လုပ်မယ်..”

လင်းဟွမ်သည် ကျောက်ပြား၏ ရှင်းလင်းချက်ကို နားထောင်ပြီးနောက် အစစ်အမှန် ဝိညာဉ် စွယ်စုံကျမ်းအတွက် မှော်နတ်သမီးကို ရှာတွေ့ခဲ့သည်။ အစစ်အမှန် ဝိညာဉ် စွယ်စုံကျမ်းထဲတွင် မှော်နတ်သမီးသည် လူသား အမျိုးသမီး တစ်ယောက်နှင့် တူနေ၏။

အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားပြီး သူမ၏ အလှက တမူထူးခြားသည်။

လင်းဟွမ်သည် ဉာဏ်အလင်းပွင့်ခြင်းကတ်ကို မချေမွခင် သူ့ကို စောင့်ကြည့်ပေးရန် သွေးရဲရဲလေးကို ဆင့်ခေါ်ခဲ့သည်။ ထို့နောက် စိတ်ကူးယဉ် ပုံဖော်ခြင်း လုပ်ငန်းစဉ်ကို လုပ်ဆောင်လိုက်သည်။

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားကာ ဤလုပ်ငန်းစဉ် ပြီးစီးစေရန် (၁၂) ရက် ကြာမြင့် ခဲ့သည်။ သူ၏ ကံကြမ္မာစွမ်းအားထဲတွင် လျှို့ဝှက်ဆန်းကြယ် နှင်းအမျိုးသမီးသည် လှပသော

နတ်သမီးပုံစံ ပြောင်းသွားပြီး နောက်ဆုံး၌ ပြန်လည်မွေးဖွားလာခဲ့သည်။

လင်းဟွမ်သည် တစ်ရက်ခန့် အနားယူပြီးနောက် ဉာဏ်အလင်းပွင့်ခြင်းကတ် နောက်တစ်ကတ်ကို ချေမွပြီး မရဏမယ်တော်ကို စိတ်ကူးယဉ် ပုံဖော်ကြည့်လိုက်သည်။ ဤလုပ်ငန်းစဉ်ကို ပြီးဆုံးရန် (၁၅)ရက် အချိန်ယူခဲ့ရသည်။ လင်းဟွမ်သည် မရဏမယ်တော်ကို စိတ်ကူးယဉ် ပုံဖော်ပြီးနောက် တစ်ရက် အနားယူခဲ့သည်။

ထို့နောက် တတိယမြောက် ဉာဏ်အလင်းပွင့်ခြင်းကတ်ကို ချေမွပြီး ခြောက်သွေ့ပန်းကို စိတ်ကူးယဉ်ပုံဖော် ကြည့်လိုက်သည်။ ဤလုပ်ငန်းစဉ်ကိုလည်း ပြီးမြောက်ရန် (၁၁) ရက်ခန့် အချိန်ယူခဲ့ရသည်။ နောက်ဆုံးတွင် စုစုပေါင်း (၃၉) ရက်ကြာမြင့်ပြီးနောက် နတ်ဘုရားရုပ်တု တိုက်ခိုက်ရေးဝိညာဉ်သုံးခုကို စိတ်ကူးယဉ် ပုံဖော်နိုင်ခဲ့သည်။

## အခန်း(၉၃၀) - သုံးနှစ်အတွင်း အတုယောင်နတ်ဘုရား ဖြစ်လာနိုင်သည့် တန်ခိုးရှင်များ စာရင်း.....

လင်းဟွမ်သည် ကျင့်ကြံရေး အခန်းထဲတွင် နတ်ဘုရားရုပ်တု တိုက်ခိုက်ရေး ဝိညာဉ်သုံးခုကို စိတ်ကူးယဉ် ပုံဖော်ပြီးနောက် တစ်နေကုန် အိပ်နေခဲ့သည်။ နောက်တစ်နေ့ မနက် ပြန်နိုးလာသောအခါ သွေးရဲရဲလေးက စကား တန်းပြောလာသည်။

"အဆင့် (၇) ဟင်းလင်းပြင် အပျက်အစီး ဖွင့်တာ မပြီးသေးလို့ နတ်ဘုရားတစ်ပိုင်းတွေက အဲ့နေရာမှာပဲ ရှိနေသေးတယ်။ မင်းဆက်ရဲ့ တော်ဝင်စမ်းသပ်မှုနဲ့ ပတ်သက်ပြီးတော့လည်း သတင်းတွေ မရသေးဘူး။ ရီရီယွီက ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ဝင်ထဲကို အောင်အောင်မြင်မြင် ဝင်ရောက်နိုင်ခဲ့ပြီ။ "

" ရီကျန်းကတော့ ပြီးခဲ့တဲ့ ရက်ပိုင်းမှာ သူ့တာဝန်တွေ ပြီးသွားပြီလို့ မက်ဆေ့ချ်တစ်စောင် ပို့ထားတယ်။ သူအနားမှာ မရှိတဲ့အချိန် သူ့ညီမကို စောင့်ရှောက်ပေးဖို့လည်း တောင်းဆို ထားတယ်"

"အင်း ကောင်းပြီ.."

လင်းဟွမ်သည် ခေါင်းငုံ့ပြီး ကြမ်းပြင်ကို စိုက်ကြည့်လိုက်သည်။

"ဥာနခွဲ (၁) က ဟင်းလင်းပြင် အပျက်အစီး ဖွင့်ထားတာ အနည်းဆုံး (၂) လလောက်တော့ ထပ်ကြာအုံးမှာ။ (၃)လ တည်းနဲ့တော့ မပြီးနိုင်ဘူး။ မင်းဆက်ရဲ့ တော်ဝင် စမ်းသပ်မှုကလည်း နတ်ဘုရားတစ်ပိုင်းတွေ ပြန်ရောက်မှ ဖွင့်ဖြစ်မယ် ထင်တယ်"

လင်းဟွမ်သည် တိုးတိုးလေး ညည်းညူပြီးနောက် ဖိနပ်တစ်ရံစီးကာ ရေချိုးခန်းထဲ သွားလိုက်သည်။ မှန်ထဲတွင် ငှက်သိုက်ကဲ့သို့ ရှုပ်ပွနေသော သူ့ရဲ့ဆံပင်ကို ဇဝေဇဝါ ပြန်ကြည့်လိုက်ရာ ခန္ဓာကိုယ်ကလည်း အနည်းငယ် ပိန်ကျသွားသည်။

"ရီရီယွီ လျှောက်လွှာတင်တာနဲ့ ပတ်သက်ပြီး ချန်းသွမ်က ဘာပြောသေးလဲ"

"အများကြီးတော့ မပြောဘူး.. သူလုပ်ပြီးပြီလို့ မက်ဆေ့ချ်ပဲတစ်ခု ပို့ထားတယ်.."

"တခြား တစ်ခုခု ရှိသေးလား.."

"မရှိသေးဘူး.."

"သတင်း အသစ်တွေကော.."

"အခုနောက်ပိုင်းတော့ ငြိမ်သက်နေတယ်.. ဝမ်ပေါင်လေလံပွဲမှာ တော်တော်လေး ရေပန်းစားခဲ့တဲ့ နတ်ဘုရားဓါတ်ကြွင်းတွေ အကြောင်းကလွဲရင် တခြားအကြောင်း ဘာမှ မရှိဘူး.."

လင်းဟွမ်သည် ခဏတဖြုတ် စကားပြောပြီးနောက် ဆံပင်များကို သပ်သပ်ရပ်ရပ် ဖြစ်အောင် ဖြီးလိမ်းလိုက်သည်။ ထို့နောက် သွားတိုက်ပြီး ရေချိုးကာ အဝတ်အစား လဲပြီးနောက်

စားပွဲထဲက ဘောလ်စာရွက်ကို သွေးရဲရဲလေးထံ ပေးလိုက်သည်။

ထို့နောက် အခြားဟိုတယ်သို့ ပြောင်းခဲ့ကြသည်။ ကျင့်ကြံခြင်း အခန်းထဲတွင် မနေရသည့် အကြောင်းအရင်းမှာ ကျင့်ကြံရေး အခန်းများကို အလုံပိတ်ထားသောကြောင့်ပင် ။

အထဲတွင် ပြတင်းပေါက်ပင် မရှိသောကြောင့် လူတစ်ယောက်အနေနှင့် ရေရှည် နေထိုင်ရန် မသင့်လျော်သည်မှာ သေချာသည်။ ကျင့်ကြံခြင်းအတွက်သာ အသုံးပြုနိုင်သည်။

ပုံမှန်အားဖြင့် ဆိုလျှင် ကျင့်ကြံခြင်း အခန်းတစ်ခုက စတုရန်းမီတာ (၁၀) မီတာကျော်သာ ကျယ်ဝန်းသည်။ ထို့အပြင် သန့်ရှင်းသပ်ရပ်မှု အားနည်းသည့် သာမန်ဟိုတယ်များ ထက်ပင် ဈေးပိုကြီး၏။ ထိုနေရာတွင် ကျင့်ကြံခြင်းအတွက် လိုအပ်သည့်ပစ္စည်းများ ရှိနေသောကြောင့် လူတိုင်းသည် ဤနေရာတွင် ကျင့်ကြံရန်မှလွဲ၍ မည်သူမျှ ပိုက်ဆံမသုံးကြပေ။

လင်းဟွမ်သည် မနက်စာ စားပြီးနောက် ဟိုတယ်အခန်းထဲ ဝင်သွားပြီး သတင်းများကို ခတ္တမျှ ဖတ်နေလိုက်သည်။ အကြောင်းအရာများကို

ဖြည်းဖြည်းချင်း ဖတ်လိုက်ရာ အမှန်တကယ်ဆို သွေးရဲရဲလေး ပြောခဲ့သည့်အတိုင်းပင်။ နှလုံးသား ကွန်ရက်ပေါ်တွင် ယခုတလော ထွက်ပေါ်နေသည့် သတင်းများက အရေးမပါ၊ အရာ မရောက်ပေ။ သူ့အာရုံကို ဖမ်းစားနိုင်သည့် အကြောင်းအရာ လုံးဝ မရှိခဲ့ပေ။

"တိတ်ဆိတ် ငြိမ်သက်နေမှုက ကြာကြာတော့ မခံနိုင်ဘူး.."

လင်းဟွမ်သည် ထူးဆန်းသည်ဟု တွေးမိသောကြောင့် မျက်မှောင်ကြုတ်လိုက်သည်။

ဝမ်ပေါင်အဖွဲ့ခွဲ (၃) ဆိုသည်မှာ အမြဲတမ်း ရှုပ်ယှက်ခတ်နေသော နေရာ တစ်ခုဖြစ်ပြီး လစဉ်တိုင်းလိုလို အဖြစ်အပျက်အချို့ ဖြစ်ပွားလေ့ ရှိသည်။ ယခုမူ ဝမ်ပေါင်လေလံပွဲ ပြီးဆုံးသွားပြီး တစ်လ ကျော်သွားသော်လည်း စိတ်ဝင်စားစရာ အကြောင်းအရာ တစ်ခုမှ မပေါ်လာသေးချေ။

"တိုက်ခိုက်ရေး အစွမ်းထက်တဲ့ တန်ခိုးရှင်တွေက အဖွဲ့ခွဲ (၁) ဟင်းလင်းပြင် အပျက်အစီးထဲ ရောက်နေတာကြောင့် ဖြစ်လိမ့်မယ်"

သွေးရဲရဲလေးက ရှင်းပြလိုက်သည်။

လင်းဟွမ်သည် ထိုအချက်ကို စဉ်းစားပြီးနောက် သူ၏ ကိုယ်ပိုင် အင်ပါယာနှလုံးသား လက်စွပ်နှင့် မုဆိုးကွန်ရက် ဖိုရမ်ကို ဖွင့်ကြည့်လိုက်သည်။ မစ္စတာဖူးက ပြည်ထောင်စု အဖွဲ့အစည်းများထဲတွင် သူ့အတွက် ခြွင်းချက်လုပ်၍ နတ်ဘုရားတစ်ပိုင်း အဆင့်များသာ လုပ်ဆောင်နိုင်သည့် လုပ်ဆောင်ခွင့်ကို နောက်ဆုံးတစ်ကြိမ် ပစ္စည်းများ ဖလှယ်စဉ်က အထူး အခွင့်အရေးအနေနှင့် တောင်းဆိုပေးခဲ့သည်။

ဖိုရမ်ကို ဖွင့်ပြီး ဖတ်ကြည့်လိုက်သည်နှင့် တပြိုင်နက် ရင်ခုန်သံမြန်လာသည်။ ခေါင်းစဉ်မှာ

“သုံးနှစ်အတွင်း အတုယောင်နတ်ဘုရားအဆင့် ရောက်လာနိုင်သည့် တန်ခိုးရှင်များ စာရင်း “

အဆိုပါ သတင်းခေါင်းစဉ်အရ လင်းဟွမ်၏ အာရုံကို ဖမ်းစားသွားပြီး ချက်ချင်း ဖတ်ကြည့်လိုက်သည်။ မိနစ်အနည်းငယ် အကြာအောင် အဆုံးထိ ဖတ်ပြီးနောက် မျက်လုံး မှိတ်လိုက်သည်။

အဆိုပါ သတင်း ခေါင်းစဉ်အရ ပြည်ထောင်စုအစိုးရသည် ဌာနအတွင်းမှ အင်ပါယာအဆင့် တန်ခိုးရှင်အနည်းစုကို ရွေးဟောင်း

ကျင့်ကြံရေး နည်းစနစ်များ ပေးအပ်ခဲ့သည်။ ထိုကျင့်စဉ်များက သူတို့ ခန္ဓာကိုယ်ထဲတွင် ရှိပြီးသား ကျင့်ကြံခြင်းနည်းစနစ်နှင့် ဆန့်ကျင်ဘက် မဟုတ်ပေ။ ထိုအစား အခြား နည်းလမ်းတစ်ခုနှင့် ထပ်မံ သင်ယူခြင်းမျိုး ပင်။

နှစ်လ သို့မဟုတ် ထိုကာလနှင့် အနည်ငယ် လိုတိုး၊ပိုလျော့ အချိန်ကာလတစ်ခုတွင် အင်ပါယာအဆင့် တန်ခိုးရှင်များထဲမှ အချို့သည် ထိုကျင့်စဉ်များကို လက်ခံရရှိပြီးနောက် သေမျိုးအသွင်ပြောင်း အဆင့်ကို ရောက်ရှိလာခဲ့ကြသည်။

စာရင်းထဲတွင် ထည့်ထားသော လူများမှာ နှစ်လတာ ကာလလုံးအတွင်း ရှေးဟောင်း ကျင့်စဉ်များကို အထင်ကြီးလောက်အောင် ကျင့်ကြံနိုင်ခဲ့ကြပြီး အထင်ကြီးလောက်အောင် တိုးတက်ခဲ့ကြသော အင်ပါယာအဆင့် တန်ခိုးရှင်များ စာရင်း ပင်....

"ဒီလောက်ကြီး ငြိမ်သက်နေတာ ဆန်းတော့ မဆန်းဘူး.."

အင်ပါယာ တန်ခိုးရှင်အဆင့် အနည်းစုက ရှေးဟောင်း ကျင့်ကြံခြင်းနည်းစနစ်ကို ကျင့်ကြံ

နေကြသောကြောင့် ကျန်သည့် လူများကလည်း ထိုကျင့်စဉ်များကို လက်လှမ်းမီရန် ကြိုးစားနေကြသည်။ ထို့ကြောင့် အပြင်တွင် ရှုပ်ထွေးရန် အချိန် မရှိကြပေ။

ထို့အပြင် နတ်ဘုရားတစ်ပိုင်းများကလည်း အဖွဲ့ခွဲ(၁) က ဟင်းလင်းပြင် အပျက်အစီးထဲ ရောက်နေကြသည်။ ကျန်သည့် လူများက အင်မော်တယ်အဆင့်သာ ရှိသောကြောင့် သူတို့တွင် ထိုမျှ ရုတ်ရုတ်သဲသဲ ဖြစ်အောင် လုပ်နိုင်စွမ်း မရှိပေ။

"လူတစ်ယောက်က နှစ်လအတွင်းမှာ ရှေးဟောင်း ကျင့်ကြံခြင်း နည်းစနစ် ကျင့်ကြံပြီး သေမျိုးအသွင်ပြောင်း အဆင့်ကို ရောက်တယ်ဆိုတော့ ဒီကျင့်စဉ်က သူတို့အတွက် တော်တော်လေး လိုက်ဖက်ရမယ်။ ဒါပေမယ့် ဒီလူအုပ်ကြီးက ရှေးဟောင်း ကျင့်ကြံခြင်း နည်းစနစ်တွေကို လျှော့တွက်နေပြီ.."

လင်းဟွမ်သည် ကံကြမ္မာလမ်းလွဲ ကျမ်းစာကို ကျင့်ကြံခဲ့ရုံ သာမက ရာပေါင်းများစွာသော ရှေးဟောင်းကျင့်ကြံခြင်း နည်းစနစ်များကိုလည်း လေ့လာခဲ့သည်။ ထို့ကြောင့် ထိုကျင့်စဉ်များကို

ကျင့်ကြံလာသည်နှင့်အမျှ ပို၍ ခက်ခဲလာကြောင်း သူကောင်းကောင်း သိနေ၏။

သူတို့၏ လက်ရှိ ကျင့်ကြံရေး နည်းစနစ်နှင့် ဆိုလျှင် သူတို့၏ တိုက်ခိုက်ရေး အဆင့်များကို အင်ပါယာအဆင့်အထိ တိုးတက် စေနိုင်ခဲ့သည်။ အင်ပါယာအဆင့်မှ စတင်ကျင့်ကြံခိုင်းသည့် နည်းလမ်းအရ တစ်ဝက်လောက် အားစိုက်ထုတ်ရုံနှင့် ရှေးဟောင်း ကျင့်ကြံခြင်း နည်းစနစ်များကို ကျင့်ကြံနိုင်ခဲ့ကြသည်။

အစောပိုင်း အဆင့်များတွင် ကျင့်ကြံရန် လွယ်ကူသော်လည်း နောက်ပိုင်းအဆင့်များက ပိုမို ရှုပ်ထွေး လာလိမ့်မည်။ ဒါသည် မူလတန်း ကျောင်းသား အဆင့်က တက္ကသိုလ်အဆင့် သင်္ချာဘာသာရပ်ကို သင်ယူရသလိုပင်။

အတန်း မြင့်လာသည်နှင့်အမျှ ပိုမို ခက်ခဲလာသည်။ ထို့အပြင် ရှေးဟောင်းကျင့်ကြံခြင်း နည်းစနစ်သည် ယခုလက်ရှိ ကျင့်ကြံနေကြသော ကျင့်ကြံခြင်း နည်းစနစ်နှင့် လုံးဝ ကွဲပြား၏။

အင်ပါယာအဆင့် တန်ခိုးရှင်များအတွက် ရွေးပေါင်းကျင့်ကြံခြင်း နည်းစနစ်ကို ကျင့်ကြံသောအခါ ကိုးကားစရာ အချက်အလက်များ မရှိပေ။ စန္ဒရားတီး ကျွမ်းကျင်သော လူတစ်ယောက်က သရုပ်ဆောင်ပညာကို စတင် လေ့လာရသကဲ့သို့ အစပ်အဟပ် လုံးဝ မရှိပေ။ ပြည်ထောင်စု အဖွဲ့အစည်းထဲတွင် အကြံဉာဏ်ကောင်းများ ရှိသည်ဟု ပြောနိုင်သော်လည်း အကောင်း မြင်လွန်းနေသည်။

လင်းဟွမ်သည် စာရင်းကို စစ်ဆေးလိုက်သည်။ စာရင်းထဲတွင် (၁၁) ယောက်သာ ရှိ၏။

ထိုလူများက (၃) နှစ်အတွင်းတွင် အတုယောင်နတ်ဘုရားအဆင့်ကို တက်လှမ်းရန် အလားအလာရှိနေသည်။ လင်းဟွမ် အတွက်မူ (၁၁)ယောက်ထဲမှ နှစ်ယောက်သာ အောင်မြင်နိုင်သည်ဟု ထင်နေသည်။

တစ်ယောက်မှာ ဖူမင်းကွမ် ဖြစ်ပြီး နောက်တစ်ယောက်မှာ ချီဟောင် ပင်...

သူတို့ နှစ်ယောက်သည် တစ်လအတွင်းမှာပင် သေမျိုးအဆင့်ကို ဖြတ်ကျော် နိုင်ခဲ့ကြသည်။ တစ်ယောက်က (၂၃) ရက်ကြာပြီး နောက်တစ်ယောက်က (၂၇) ရက် ကြာမြင့်ခဲ့သည်။

ရှေးဟောင်း ကျင့်ကြံခြင်း နည်းစနစ်များကို ကျင့်ကြံရာတွင် သူတို့နှစ်ယောက်၏ အရည်အချင်းက ကြောက်စရာ ကောင်းလှ၏။ ထိုအချိန်တွင် ကျန်သည့် (၉) ယောက်က ပိုဆိုးနေသည်။ ထို (၉)ယောက်အနက် အမြန်ဆုံး တစ်ယောက်မှာ (၃၈)ရက် ကြာမြင့်ခဲ့သည်။

"ဖူမင်းကွမ် နဲ့ ချီဟောင်တို့က (၂)နှစ်၊ (၃)နှစ်အတွင်း အတုယောင် နတ်ဘုရားအဆင့် တက်လှမ်းနိုင်လိမ့်မယ်"

လင်းဟွမ်သည် အခြေအနေ အမျိုးမျိုးကို ထည့်သွင်းစဉ်းစား၍ ခွဲခြမ်း စိတ်ဖြာ သုံးသပ်ခဲ့သည်။

"ဒါက ဒီကျင့်ကြံခြင်း နည်းစနစ် ဖြန့်ဝေတာ အသိုင်းအဝိုင်း နည်းနည်းလေးပဲ ရှိသေးလို့ပဲ။ သူတို့သာ ဒီထက် ပိုများများ ဖြန့်ကျက်လိုက်ရင် တစ်ယောက်နဲ့ တစ်ယောက် အရည်အချင်း မတူသလို အစွမ်းထက်တဲ့ လူတွေလည်း ပိုတောင် များလာနိုင်သေးတယ်။"

“ (၂) နှစ်အတွင်းမှာ အတုယောင် နတ်ဘုရားအဆင့် တက်လှမ်းနိုင်တဲ့ လူတွေ ဘယ်လောက် များလာမလဲဆိုတာ ငါတော့ မဆုံးဖြတ်နိုင်တော့ဘူး။ ဒါပေမယ့် အားလုံး မျှော်လင့်ထားတဲ့အတိုင်း ဖြစ်လာမယ်ဆိုရင် ငါကလည်း ဒီနှစ်နှစ်အတွင်းမှာ အင်ပါယာအဆင့်ကို သေချာပေါက် တက်လှမ်း နိုင်လိမ့်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် အင်ပါယာအဆင့် ရောက်ဖို့ကတော့ လုံး၀ သေချာတယ်..”

လင်းဟွမ်သည် နှစ်နှစ်အတွင်းတွင် နတ်ဘုရား အဆင့်ကို ကျိန်းသေပေါက် ရောက်မည်ဟု

ကံသေကံမ မပြောနိုင်သော်လည်း ရည်မှန်းချက်ပန်းတိုင်အဖြစ် ထားရှိထားသည်။

"လူတွေရဲ့ အသွင်ကူးပြောင်းမှု အပြင် အသူရာချောက်ကမ်းပါးမှာ ဖြစ်ပျက်နေတဲ့ အပြောင်းအလဲကလည်း ပိုအန္တရာယ်ကြီးသေးတယ်.."

လင်းဟွမ်သည် သူ့ပခုံးပေါ်ရှိ ဝန်ထုပ်ဝန်ပိုးက ပိုလေးလာသည်ဟု ရုတ်တရက် ခံစားလိုက်ရသည်။ လူတွေ၏ အပြောင်းအလဲကြောင့် ဖြစ်စေ၊ အသူရာချောက်ကမ်းပါး ကြောင့်ပဲဖြစ်စေ ထိုအပြောင်းအလဲ

နှစ်ခုလုံးက သူနှင့် မစ္စတာဖူးအတွက် သတင်းဆိုးပင်။ ထိုအရာက သူတို့နှစ်ယောက်အတွက် ဘေးကပ်ဆိုးများကို ယူဆောင် လာလိမ့်မည်။

သူပြောနိုင်သည်မှာ သူ့ကိုယ်သူ သန်မာသထက် သန်မာလာအောင် အဆက်မပြတ် ပြုလုပ်နေရမည်။ ပြည်ထောင်စုအစိုးရနှင့် စကားပြောပိုင်ခွင့် ရှိသည့်တိုင်အောင် သန်မာလာရမည်။

## အခန်း(၉၃၁) - ချန်းသွမ်၏ ဖုန်းခေါ်ဆိုမှု.....

လင်းဟွမ်သည် မုဆိုးအဖွဲ့အစည်း ဖိုရမ်၏ ဝက်ဆိုဒ်ကို ပိတ်ပြီးနောက် အချိန်အကြာကြီး တိတ်ဆိတ်နေခဲ့သည်။ ဖူမင်းကွမ်နှင့် ချီဟောင်တို့ ပေါ်ထွက်လာခြင်းက သူ့အတွက် ဖိအား ပိုများစေခဲ့သည်။ သူတို့ နှစ်ယောက်လုံးသည် အင်ပါယာအဆင့် တန်ခိုးရှင်များ ကြားတွင် ထူးချွန်သည်ဟု မယူဆနိုင်သော်လည်း ရှေးဟောင်း

ကျင့်စဉ်များကို ကျင့်ကြံရာတွင် ထူးကဲသာလွန်သော အရည်အချင်းများ ရှိနေသည်။

အနာဂတ်တွင် ဖူမင်းကွမ်နှင့် ချီဟောင်ကဲ့သို့ လူမျိုး ဘယ်လောက်များများ ပေါ်ထွက်လာမည် ဆိုသည်ကို သူလည်း မသိပေ။ မြေကြီးလက်ခတ် မလွဲ ပြောနိုင်သည်မှာ ထိုနှစ်ယောက်ထက်ပင် အစွမ်းထက်သောလူများ ရှိလာနိုင်သေးသည်။

လင်းဟွမ်သည် ခေတ္တမျှ တိတ်ဆိတ်သွားပြီးနောက် စိတ်ခံစားချက်များ

ပြန်လည် တည်ငြိမ်လာသည်။ ထို့နောက် ပါရမီရှင် သမဂ္ဂထဲ ဝင်ရောက်သွားသည်။

နောက်ဆုံးအကြိမ် ပါရမီရှင် သမဂ္ဂမှ ထွက်လာသောအခါ (၅၅) ခုမြောက် စစ်ဆေးရေးဂိတ်မှ ထွက်လာခဲ့ခြင်း ဖြစ်သောကြောင့် ယခုတစ်ကြိမ် ပြန်ဝင်သည့် အချိန်တွင်လည်း အဆိုပါ စစ်ဆေးရေးဂိတ်တွင် ဆက်လက် ရှိနေဆဲပင်.....

လင်းဟွမ်သည် အနီးအနား ပတ်ဝန်းကျင်တွင် ရောမ အပင်ကြီးများကို တွေ့လိုက်သောအခါ

လျှို့ဝှက်သစ်တောထဲ ရောက်နေကြောင်း သိလိုက်၏။

သူ၏ တည်နေရာကို အတည်ပြုပြီးနောက် သားကောင်များကို သတ်ဖြတ်ရန် ပြင်ဆင်နေစဉ် ဆက်သွယ်ရေးလိုင်းက ရုတ်တရက် မြည်ဟီး လာသည်။ မျက်နှာပြင်ကို ဖွင့်လိုက်ရာ ဖုန်းခေါ်ဆိုသောလူမှာ ချန်းသွမ် ဖြစ်နေကြောင်း သိလိုက်ရသည်။ လင်းဟွမ်က ဖုန်းကိုင်သည့် ခလုတ်ကို နှိပ်ပြီး ..

"ဟုတ် ပြောပါ.."

"နောက်ဆုံးတော့ မင်းဝင်လာပြီပေါ့။ မင်းကို မတွေ့တာ နှစ်ဝက်လောက် ရှိနေပြီ"

ချန်းသွမ်က အမြဲလိုလို အဖြူရောင် ရှပ်အင်္ကျီနှင့် အနက်ရောင် ဘောင်းဘီတိုကို ဝတ်ဆင်တတ်သည်။ သူသည် ချမ်းသာသော မိသားစုမှ ဆင်းသက်လာသောကြောင်း အလွယ်တကူ သိရှိနိုင်ပြီး လူတိုင်းက သူ့ကိုမြင်ရုံနှင့် အထင်ကြီးစေနိုင်သည်။

"ငါ အလုပ်ရှုပ်နေလို့ပါ.."

“မင်းရဲ့တိုက်ခိုက်ရေး အဆင့်က ကြီးကြီးမားမား မြင့်တက်လာတယ်လို့ ငါ ကြားထားတယ်။ အခု ဘယ်စစ်ဆေးရေးဂိတ်ကို ရောက်အောင် သွားဖို့ စီစဉ်ထားလဲ..”

ချန်းသွမ်က စိတ်လှုပ်ရှားစွာ မေးလိုက်သည်။

“ငါ့ရဲ့ပန်းတိုင်က စစ်ဆေးရေးဂိတ် (၆၃) ပဲ။ ဒါပေမယ့် ဘယ်စစ်ဆေးရေး ဂိတ်အထိ ရောက်မလဲ ဆိုတာကတော့ မသေချာသေးဘူး..”

လင်းဟွမ်က ပြုံးပြီးပြောလိုက်သည်။

“မင်းမှာ ပန်းတိုင်ရှိတာ အရမ်းကောင်းတယ်.. ဆက်လုပ်..”

ချန်းသွမ်က အားပေးစကား ပြောလိုက်သည်။

“ငါ့ကို ဒီကိစ္စပြောချင်လို့ ဖုန်းခေါ်တာ မဟုတ်ဘူး မဟုတ်လား..”

လင်းဟွမ်သည် ချန်းသွမ်တွင် ပြောစရာစကားများ ကျန်နေသေးကြောင်း ရုတ်တရက် ခံစားမိလိုက်သည်။

“အေး မင်းက ငါ့ကို ခန့်မှန်းနိုင်သားပဲ”

ချန်းသွမ်က ကျယ်လောင်စွာ ရယ်မောလိုက်သည်။

"ဘာမှ မဟုတ်ပါဘူး။ ငါ အင်ပါယာအဆင့် တက်လှမ်းတော့မယ် ဆိုတာ မင်းကိုပြောချင်လို့.."

လင်းဟွမ်သည် ဒါက ဘာကို ဆိုလိုကြောင်း ထုံးစံအတိုင်း သိနေသည်။ အင်ပါယာအဆင့်သို့ တက်လှမ်းခြင်းသည် ပါရမီရှင်သမဂ္ဂထဲမှ အလိုအလျောက် နှုတ်ထွက်ခြင်းဟု အဓိပ္ပါယ်ရသည်။ ချန်းသွမ်က ကောင်းကင်ဘုံ မဟာမိတ် အဖွဲ့အစည်းထဲတွင် သူ၏ အကြီးအကဲရာထူးကို ဆုံးရှုံးရမည်ဟု ဆိုလိုခြင်းသာ......

"ဒါက ဗိုမဆင့် ဆိုင်းမဆင့် ကြီးပါလား...... တစ်ခုခု ဖြစ်လို့လား.."

လင်းဟွမ်သည် မမျှော်လင့်ထားသော ချန်းသွမ်၏ ဆုံးဖြတ်ချက်ကြောင့် အမှန်တကယ် အံ့သြမိသည်။

"တကယ်တော့ အစောကြီးကတည်းက ပြင်ဆင်မှုတွေ လုပ်ပြီးပြီ.."

ချန်းသွမ်က ပြုံးရွှင်စွာ ပြောလိုက်သည်။

"အခုတော့ အဆင့်တက်ဖို့ ရွေးချယ်စရာတစ်ခု ရှိလာတယ်လေ...."

လင်းဟွမ်သည် မျက်လုံး မှေးသွားပြီး အကြောင်းအရင်းကို အကြမ်းဖျင်း ခန့်မှန်း မိလိုက်သည်။

“ဒါကို မင်းလည်း မကြာခင် သိလာမှာပါ။ အခုချိန် ထုတ်ပြောလို့လည်း ဘာမှမဖြစ်ဘူး..”

ချန်းသွမ်က မည်သည့်အရာမှ ဖုံးကွယ်ထားရန် အစီအစဉ် မရှိပေ။

“ပြည်ထောင်စုအစိုးရက တစ်နေ့ရာကနေ့ ရှေးဟောင်းကျင့်ကြံခြင်း နည်းစနစ်တွေ အများကြီး ရလာတယ်။ အဲ့ဒီ ကျင့်စဉ်တွေကို ကျင့်ကြံရင်

အတုယောင် နတ်ဘုရားအဆင့်ထိ ရောက်နိုင်တယ်လို့ ပြောနေတယ်။ အဖွဲ့အစည်း အများစုနဲ့ မျိုးနွယ်စု အများစုကတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ပြည်ထောင်စုအစိုးရနဲ့ ဆွေးနွေးနေကြတယ်”

“ဒါပေမယ့် အခုချိန် ထိတော့ ပြည်ထောင်စုအစိုးရက အများပြည်သူတွေကို ပေါပေါလောလော ချပေးဖို့ အစီအစဉ် မရှိသေးဘူး။ သူတို့က ဒီကျင့်စဉ်တွေကို အင်ပါယာအဆင့် တန်ခိုးရှင်တွေနဲ့ နှစ်နှစ်လောက် စမ်းသပ်ဖို့ စဉ်းစားနေတဲ့အတွက် အဖွဲ့အစည်း တစ်ခုချင်းစီက ခွဲတမ်းအရေအတွက် အကန့်အသတ်နဲ့ ရတယ်”

“ငါတို့မျိုးနွယ်စုကလည်း ခွဲတမ်း နေရာနည်းနည်း ရထားတယ်။ အဲ့ဒီထဲက တစ်ခုကို ငါ့အတွက် သီးသန့် ဖယ်ပေးထားပေမယ့် ငါက အင်ပါယာအဆင့်ကို တက်လှမ်းမှ ဒီကျင့်စဉ်ကို တရားဝင် ကျင့်ကြံနိုင်မယ်။ အစကတော့ ငါ့အတွက် သီးသန့်ခွဲတမ်း ရှိပြီးသားဆိုတော့ လောလော၊ လောလော လုပ်စရာ မလိုဘူး။ အမှန်တကယ်ဆို အင်ပါယာအဆင့် မတက်လှမ်းခင် တစ်နှစ် ဒါမှမဟုတ် ဒီထက်ပိုပြီး စောင့်နိုင်သေးတယ်”

“ဒါပေမယ့် ငါတို့မျိုးနွယ်စုရဲ့ စီနီယာတွေက အန္တရာယ် ဖြစ်စေနိုင်တဲ့ သတင်းတစ်ပုဒ်ကို

မုဆိုးအဖွဲ့အစည်းကနေ ပေါက်ကြားလာတဲ့ သတင်းထဲမှာ ကြားခဲ့ရတယ်။ တစ်လတောင် မကျင့်ကြံ ရသေးတဲ့ လူနှစ်ယောက်က တစ်နှစ်ခွဲအတွင်းမှာ အတုယောင် နတ်ဘုရားအဆင့်ထိ တက်လှမ်းနိုင်မယ်လို့ ယူဆနေကြတယ်။ ဒါကြောင့် ငါ့ကိုလည်း ရှေးဟောင်းကျင့်ကြံခြင်း နည်းစနစ်တွေ မြန်မြန် ကျင့်ကြံနိုင်အောင် အင်ပါယာအဆင့်ကို အမြန်ဆုံး တက်လှမ်းဖို့ တိုက်တွန်း နေကြတော့တာပဲ”

လင်းဟွမ်သည် ထိုစကားကို ကြားသောအခါ ဆွံ့အသွားသည်။ မင်းသားငါးပါးထဲမှ တစ်ပါးဖြစ်သည့်

ချန်းသွမ်ပင် သူ့မိသားစု၏ ထိန်းချုပ်မှုအောက်မှ မလွတ်မြောက်နိုင်သည်ကို သူ မယုံကြည်နိုင် ဖြစ်နေသည်။

ချန်းသွမ်က အင်ပါယာအဆင့် တက်လှမ်းရန် အဆင်သင့် မဖြစ်သေးကြောင်း သူ ပြောနိုင်သည်။ အပြည့်အဝ လိုက်ဖက်သော ကံကြမ္မာအုတ်မြစ် မွန်းစတားကို ရှာမတွေ့ သေးသောကြောင့် ဖြစ်နိုင်သည်။ သို့မဟုတ် တွေ့ထားသော်လည်း အနိုင်ယူရန် ယုံကြည်ချက် မရှိခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

သူ့မိသားစုက ဤကိစ္စကို အသေးအဖွဲ့ဟု ယူဆသော်လည်း ရေရှည်တွင် ချန်းသွမ်အတွက် အဆင်မပြေ ဖြစ်လာနိုင်သည်။ သူသည် အင်မော်တယ်အဆင့် တန်ခိုးရှင် အားလုံးထဲတွင် အားလုံးထက် သာလွန်သော မင်းသားငါးပါးထဲမှ တစ်ပါး ဖြစ်ခဲ့သည်။

သို့သော် မှန်ကန်သော ကံကြမ္မာအုတ်မြစ် မွန်းစတားကို မရွေးချယ်မိပါက အင်ပါယာအဆင့်သို့ တက်လှမ်းပြီးနောက် ထိပ်တန်း (၁၀) ယောက်ထဲပင် ပါဝင်နိုင်တော့မည် မဟုတ်ချေ။

"ငါ့အထင်တော့ အချိန် နည်းနည်းလောက် ထပ်ဆွဲတာ ပိုကောင်းမယ် ထင်တယ်။ မင်းရဲ့ ကိုယ်ပိုင်စည်းချက်တွေကို မဖျက်ဆီးမိစေနဲ့.."

လင်းဟွမ်သည် ထိုအကြံသာ ပေးနိုင်၏။ ရွှေဥ လိုချင်၍ ရွှေငန်းကို သတ်ခြင်းဟူသော ချန်းသွမ်မျိုးနွယ်၏ အပြုအမူကို အားမပေးသင့်ဘူးဟု ထင်သော်လည်း သူက အပြင်လူတစ်ယောက်သာ ဖြစ်သည်။ ကြားသုံးကြား ဝင်ပြီး မိသားစုကြားက ကိစ္စကို ဝင်ရောက်စွက်ဖက်၍ မှတ်ချက်ပေးခြင်းက သူ့အလုပ် မဟုတ်ပေ။

"ငါလည်း အချိန်ဆွဲလာတာ နှစ်လလောက်တော့ ရှိနေပြီ. . ငါ လုပ်နိုင်တာ ဘာမှ မရှိတော့ဘူး.."

ချန်းသွမ်က အားကိုးရာမဲ့စွာ ပြုံးလိုက်သည်။ ထုံးစံအတိုင်း မည်သည့် အကျိုးဆက်များ ဖြစ်လာနိုင်သည်ကို သူလည်း သိနေသည်။

"ကဲ. စိတ်ထဲမထားနဲ့တော့.. ဒီအကြောင်း မပြောတော့ဘူး။ ဒီတစ်ခေါက်တော့ စစ်ဆေးရေးဂိတ် (၆၃) ကို ရောက်အောင် ကြိုးစား။ တကယ်လို့ မင်း အောင်မြင်အောင် လုပ်နိုင်ရင် ကောင်းကင်ဘုံ မဟာမိတအဖွဲ့မှာ လက်ထောက် အကြီးအကဲလုပ်ဖို့

မင်းအတွက် အဆိုပြုထားတဲ့ ငါ့ အဆိုပြုချက်က (၈၀)ရာခိုင်နှုန်း အောင်မြင်ပြီ”

“ဘာ......”

လင်းဟွမ်သည် ထိုစကားကို ကြားလျှင် အံ့အားသင့်သွားသည်။

“နှစ်ကူးမတိုင်ခင်က တန်လျန်း ထွက်သွားတော့ လက်ထောက်အကြီးအကဲ ရာထူး လစ်လပ်နေတာနဲ့ မင်းကို စောင့်ဆိုင်း စာရင်းထဲမှာ ထည့်ပေးပြီးသား။ နောက်ပိုင်းမှာ တန်လျန်းက ငါ့ကိုလာရှာပြီး မင်းရဲ့တိုက်ခိုက်ရေး အဆင့်က အင်မော်တယ်အဆင့်

(၃) ရောက်နေပြီလို့ ပြောသွားတယ်။ အခုတော့ ငါ့စာရင်းထဲမှာ မင်းက ဦးစားပေးပဲ။ မင်းရဲ့ တိုက်ခိုက်ရေးအဆင့်က အားနည်းနေလို့.. ဒီလိုမှ မဟုတ်ရင် မင်းအတွက် အကြီးအကဲရာထူးကိုတောင် ငါ ပေးလိုက်ချင်သေးတာ”

ပါရမီရှင် သမဂ္ဂထဲတွင် ထုတ်လွှင့်ပြသထားသော ဆက်သွယ်ရေး မျက်နှာပြင်က လင်းဟွမ်၏ တိုက်ခိုက်ရေးအဆင့်ကို ဖုံးကွယ် ထားသောကြောင့် လင်းဟွမ်၏ ယခုလက်ရှိ တိုက်ခိုက်ရေးအဆင့်ကို ချန်းသွမ်က မမြင်နိုင်ပေ။

"အို ဟုတ်ပြီ။ အခုလက်ရှိ မင်းရဲ့ တိုက်ခိုက်ရေးအဆင့်က ဘယ်လောက်လဲ။ အင်မော်တယ် အဆင့် (၄) လား.."

ချန်းသွမ်က မနေနိုင်ဘဲ မေးလိုက်သည်။

"ဒီလိုပါပဲ"

လင်းဟွမ်သည် သူသာ အမှန်တိုင်း ပြောလိုက်ပါက ချန်းသွမ် ကြောက်ဖျား ဖျားသွားမည်ကို စိုးရိမ်သောကြောင့် ခဏမျှ ဖုံးကွယ်ထားရန် ဆုံးဖြတ်လိုက်သည်။ ချန်းသွမ် ထပ်မေးမည်ကို

စိုးရိမ်သောကြောင့် စကားလမ်းကြောင်း ချက်ချင်းပြောင်းလိုက်သည်။

"ရာထူးကိစ္စ မေ့ထားလိုက်ပါ။ ဒါက ပျင်းဖို့ကောင်းတယ်။ သာမန်အဖွဲ့ဝင် တစ်ယောက် လုပ်ရတာပဲ ပို ကောင်းပါတယ်"

"ဟော့ရောင်. ငါပြောတဲ့ ကိစ္စကို ငြင်းဖို့ မကြိုးစားနဲ့.. ငါ ဆုံးဖြတ်ပြီးပြီ.."

ချန်းသွမ်က လင်းဟွမ် မည်ကဲ့သို့ ပြောပါစေ ဤရာထူးကို အတင်းပေးရန် စိတ်ပိုင်းဖြတ် ထားသည်။

“ဒါက နာမည်ခံ ခေါင်းဆောင် တစ်ယောက်ပါကွာ.... လိုအပ်တဲ့ အချိန်မှသာ နည်းနည်းလေး အားစိုက်လိုက်ရုံပါပဲ။ သာမန် ကိစ္စတွေကို အခြားအကြီးအကဲနဲ့ လက်ထောက် အကြီးအကဲတွေ ကိုင်တွယ်လိမ့်မယ်..”

“ဒါဆိုလည်း ကောင်းပြီလေ..”

လင်းဟွမ်သည် စိတ်မပါသော်လည်း သဘောတူ လက်ခံလိုက်သည်။ သူသာ သဘောမတူပါက ချန်းသွမ်က ဤကိစ္စကို ဖက်တွယ်ပြီး အဆက်မပြတ် ပြောနေမည်ကို သူသိနေသည်။

"ဘယ်တော့လောက် အဆင့်တက်ဖို့ စဉ်းစားထားလဲ"

"ဒီလ အတွင်းပဲ မှန်းထားတယ်။ သိပ်ကြာကြာ အချိန်ဆွဲလို့ ရတော့မှာ မဟုတ်ဘူး"

ချန်းသွမ်က ဖျစ်ညှစ်၍ အားတင်းကာ ပြုံးပြီး ပြောလိုက်သည်။

"ကောင်းတယ်.. အရာအားလုံး အကောင်းဆုံး ဖြစ်ပါစေ"

"ကျေးရှူးတင်တယ် ညီအစ်ကို.. ကောင်းကင်ဘုံ မဟာမိတ်အဖွဲ့ရဲ့ အနာဂတ်က မင်းအပေါ် မူတည်နေတယ်နော်.."

လင်းဟွမ်သည် ဖုန်းချပြီးနောက် ချန်းသွမ်အတွက် စိတ်မကောင်း ဖြစ်နေမိသည်။

အကယ်၍ ချန်းသွမ်က သူ၏ ကိုယ်ပိုင် စည်းဝါးအတိုင်း တိုက်ခိုက်ရေး အဆင့်ကို မြှင့်တင်ခဲ့ပါက အနာဂတ်၌ အတုယောင် နတ်ဘုရားများထဲတွင် အကောင်းဆုံး၊ အစွမ်းအထက်ဆုံး ဖြစ်လာနိုင်သည်။

သို့သော်လည်း ယခုအခါ သူ၏ ကျင့်ကြံမှုစည်းချက်က ပျက်စီးတော့မည်။ ထို့ပြင် သူ၏ အထွတ်အထိပ် စွမ်းဆောင်ရည်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန် ခက်ခဲသွားနိုင်သည်။

"ရွှေသံချပ်ကာ ဝက်ဝံကြီး အနားရောက်နေတယ်.."

ထိုစဉ် သွေးရဲရဲလေးက ရုတ်တရက်သတိပေးလာသည်။

လင်းဟွမ်က မွန်းစတား လာနေသည့် လမ်းကြောင်းကို လှည့်ကြည့်လိုက်သည်။ သူ့

နယ်မြေပိုင်နက် အချင်းဝက်က မီတာ (၇,၀၀၀) အထိ ကျယ်ပြန့်လာသောကြောင့် ဝက်ဝံ၏ လှုပ်ရှားမှုကို အစကတည်းက အာရုံခံမိသဖြင့်

“ဒါဆိုလည်း အမဲလိုက် ကြစို့..”

လင်းဟွမ်သည် လက်ဆစ်များကို တဖျောင်းဖျောင်း မြည်အောင်ချိုးပြီး ပိုင်နှင့် အင်ပါယာအဆင့် မွန်းစတားများကို ဆင့်ခေါ်လိုက်သည်။

## အခန်း(၉၃၂) - ဆရာ့ ဆရာကြီး ပြန်လာပြီ....

လင်းဟွမ်သည် ကြယ်လမ်းစဉ်သစ်ပင် စစ်ဆေးရေးဂိတ် အမှတ် (၅၅) ရှိ လျှို့ဝှက် သစ်တောထဲ ရောက်ရှိနေ၏။

ပိုင်၊ လန်စန်လော့ နှင့် အခြားသော အင်ပါယာအဆင့် မွန်းစတားများသည် စစ်ဆေးရေး ဂိတ်အမှတ် (၅၆) သို့သွားရာ လမ်းတစ်လျှောက်တွင် တွေ့တွေ့သမျှ မွန်းစတားမျိုးစုံကို သတ်ဖြတ် လာခဲ့ကြသည်။

အမှန်တကယ်ဆို လျှို့ဝှက် သစ်တောသည် ဤမွန်းစတားများ အဆင့် မဟုတ်တော့ချေ။ ဒါသည် သူတို့အတွက် အထူးနိယာမ တည်ရှိနေသော နေရာတစ်ခုမျှသာ ဖြစ်နေသည်။ သာမန် အခြေအနေဆို ဤအဆင့်၏ အခက်အခဲသည် အလွန် ကြောက်စရာကောင်းသော ပတ်ဝန်းကျင် တစ်ခုပင် ....

သို့သော်လည်း အထူး နိယာမကြောင့် အလုံးအရင်းနှင့် ထွက်ပေါ်လာ မွန်းစတားအုပ်ကြီးထဲမှ မွန်းစတား အများစုသည် ဤနေရာတွင် ဆက်နေရန် ဆုံးဖြတ်ခဲ့ကြသည်။

သူတို့၏ အရွယ်အစားသည် အဆ (၁,၀၀၀) ကျုံ့သွားသောကြောင့် ဤနေရာ၏ မြေမျက်နှာ အသွင်အပြင်က အကြိမ်တစ်သန်းခန့် ချဲ့ထွင်းသွားခြင်းနှင့် ညီမျှအောင် ကြီးမား ကျယ်ပြန့်လာသည်။ ပုံမှန်အရွယ်အစား ရှိသော ဒေသန္တရ အပင်များနှင့် မွန်းစတားများက ၎င်းတို့အတွက် အလွန် ကြီးမားနေသောကြောင့် ရရှိနိုင်သော အရင်းအမြစ်မျိုးစုံက ပုံမှန်မဟုတ်ဘဲ ကြွယ်ဝနေခြင်းပင်။

ဤနေရာရှိ မွန်းစတား စုစုပေါင်း အရေအတွက်က ကနဦးစစ်ဆေးရေးဂိတ် အမှတ်

(၅၆) ရှိ မွန်းစတား အရေအတွက်ထက် အဆပေါင်းများစွာ ပိုများသည်ဟု ဆိုနိုင်သည်။ သို့သော်လည်း ကျယ်ပြန့်သော မြေမျက်နှာပြင်ကြောင့် မွန်းစတားများက နေရာအနှံ့ ပြန့်ကျဲနေကြသည်။

လင်းဟွမ်သည် ဤနေရာကို ဖြတ်ကျော်ခဲ့ပြီးပြီ ဖြစ်သောကြောင့် ဤနေရာမှ မွန်းစတားများကို သတ်ရန် အချိန်မဖြုန်းတော့ပေ။ သူ သတ်ဖြတ်သည့် မွန်းစတားက အရေအတွက် မည်မျှ များပါစေ အမှတ်ရတော့မည် မဟုတ်ချေ။

သျှ့ခန္ဓာကိုယ်ရှိ နတ်ဘုရားရုပ်တုများ တိုက်ခိုက်ရေး ဝိညာဉ်များအတွက်ပင် မည်သည့် ဝိညာဉ်စွမ်းအားမှ မရရှိနိုင်ပေ။

ဤအဆင့်ကို ဖြတ်ကျော်ပြီးသား လူတစ်ယောက်အနေနှင့် ဤအဆင့်တွင် ဘာအကျိုးကျေးဇူးမှ ရတော့မည် မဟုတ်ပေ။ ဒါသည် ကြယ်လမ်းစဉ် သစ်ပင်ပေါ်တွင် ကစားသမား တစ်ယောက် သေဆုံးသွားပြီး ပထမအဆင့်မှ ပြန်စရသည့် အဖြစ်အပျက်နှင့် အတူတူပင်။

လင်းဟွမ်ကို ဥပမာထား၍ ပြောရမည်ဆိုလျှင် သူ၏ အမြင့်ဆုံးစံချိန်မှာ စစ်ဆေးရေးဂိတ် အမှတ် (၅၆) ဖြစ်သည်။ သူသည် ကြယ်လမ်းစဉ် သစ်ပင်ပေါ်တွင် အကြောင်းတစ်ခုခုကြောင့် သေဆုံးသွားပါက စစ်ဆေးရေး ဂိတ်အမှတ် (၁) ကို ပြန်ရောက်သွားလိမ့်မည်။ သို့သော်လည်း နောက်တစ်ကြိမ် ပြန်တက်ရမည့် ခက်ခဲကြမ်းတမ်းသော အတက်လမ်း ခရီးစဉ်အတွက် မည်သည့် အကျိုးကျေးဇူးမှ ရရှိမည် မဟုတ်ပေ။ ဒါသည် စစ်ဆေးရေးဂိတ် (၁) မှ စစ်ဆေးရေး ဂိတ်(၅၅) အထိ အကျုံးဝင်သည်။ သို့သော်လည်း

စစ်ဆေးရေးဂိတ် တစ်ခုချင်းစီ၏ အခက်အခဲမှာ ဆက်လက် တည်ရှိ နေဦးမည်။ ကြောက်စရာကောင်းသော ပတ်ဝန်းကျင်နှင့် ကြမ်းတမ်းလှသော မွန်းစတားများက အတူတူပင်။

စစ်ဆေးရေးဂိတ်များကို နောက်တစ်ကြိမ် ဖြတ်သန်းရသော်လည်း ရရှိမည့် အကျိုးအမြတ်က သုညပင်...

ထို့ကြောင့် လူတော်တော်များများက ယခင် ရောက်ခဲ့ဖူးသည့် စစ်ဆေးရေး ဂိတ်ကို ပြန်မရောက်နိုင်ဘဲ အချို့ စစ်ဆေးရေးဂိတ်များတွင်

အလွန် အားစိုက်ထုတ်ရပြီး သေဆုံး သွားတတ်ကြသည်။

ယခင်က ကျရှုံးခဲ့သည့် စစ်ဆေးရေးဂိတ်ကို မဖြတ်ကျော်နိုင် မချင်း သူတို့အတွက် အကျိုးရှိမည် မဟုတ်ပေ။ ဒါသည် ကြယ်လမ်းစဉ် သစ်ပင်ပေါ်တွင် ကစားသမား အများစု သေဆုံးရမည်ကို ကြောက်ရွံ့ရသည့် အကြောင်းအရင်းပင်....။

အကြွင်းမဲ့ စွမ်းအားကို ပိုင်ဆိုင်ထားသည့် လက်တစ်ဆုပ်စာမျှသာ ရှိသော တန်ခိုးရှင်များကသာ သူတို့ သေဆုံးသွားခဲ့သည့် စစ်ဆေးရေးဂိတ်ကို

ပြန်ရောက်နိုင်သောကြောင့် သေရမည်ကို မကြောက်ကြပေ။

လင်းဟွမ်သည် လှိုု့ဝှက်သစ်တောကို ဖြတ်ကျော်ရန် တစ်နာရီကျော်မျှ အချိန်ပေးပြီးနောက် စစ်ဆေးရေးဂိတ် အမှတ် (၅၆) သို့ ရောက်ရှိလာ၏။

ဤစစ်ဆေးရေးဂိတ်သည် မွန်းစတားများ အခြေစိုက်သော အဆင့်ဖြစ်ပြီး နေရာအနှံ့တွင် တိုက်ခိုက်ရေး ပျားနတ်ဆိုးများ ဟုခေါ်သော မွန်းစတားများ ရှိနေသည်။

လင်းဟွမ်သည် နောက်ဆုံးအကြိမ်က ပျားအုံတစ်ခုနှင့်သာ တိုက်ခိုက်ရန် သတ္တိရှိခဲ့သည်။ အနီးအနား ပတ်ဝန်းကျင်ရှိ ပျားအုံများက သူ့အား ဝန်းရံတိုက်ခိုက်မည်ကို စိုးရိမ်သောကြောင့် ကြီးကြီးမားမား ရုတ်ရုတ်သဲသဲ မဖန်တီးနိုင်ခဲ့ပေ။ ပျားဘုရင်မနှင့် ပျားအုံ စောက်ရှောက်သူများက သူ့ကိုဒုက္ခပေးနိုင်ကြောင်း စဉ်းစားမိပြီး မျက်စိသူငယ်၊ နားငယ်နှင့်ထိတ်လန့် ကြောက်လန့်နေခဲ့ရသည်။

သို့သော်လည်း ဤတစ်ကြိမ်တွင် သူနှင့်အတူ အင်ပါယာ ရွှေကြက်သွေးရောင်အဆင့် မွန်းစတားများ ရှိနေသောကြောင့် ကြောက်ရွံ့ခြင်း မရှိတော့ချေ။

တိုက်ခိုက်ရေး ပျားနတ်ဆိုးများက အဆင့်မြင့် အင်မော်တယ်အဆင့်သာ ဖြစ်ပြီး သူ့ဘက်တွင် အင်ပါယာ ရွှေကြက်သွေးရောင်အဆင့် မွန်းစတားများ ရှိနေသလို ပိုင်၏ ခံစစ်စွမ်းရည်ကိုပင် မဖြတ်ကျော် နိုင်သောကြောင့် ခြိမ်းခြောက်မှု တစ်ခု မဟုတ်တော့ချေ။

လျှို့ဝှက်သစ်တောထဲမှ ထွက်ခွာလာသည်နှင့် မနီးမဝေးတွင် ပထမဆုံးပျားအုံကို မြင်လိုက်လျှင် လင်းဟွမ်တစ်ယောက် အနည်းငယ် ပြုံးလိုက်သည်။

“သွေးရဲရဲလေးက လွဲရင် ကျန်တဲ့ကောင်တွေက တစ်ကောင်ကို ပျားအုံတစ်ခုစီ ကိုင်တွယ်ရမယ်။ တတ်နိုင်သမျှ အမြန်ဆုံး ရှင်းလင်းပါ"

လင်းဟွမ်က အမိန့်ပေးလိုက်သည်။

“ပျားအုံးကို အရင်ဆုံး ရှင်းလင်းနိုင်တဲ့ ပထမဆုံး သုံးကောင်က ဒီကနေ ပြန်ထွက်တဲ့ အချိန်ကျရင် ဆုလာဘ်တွေ ရမယ်”

လန်စန်လော့၊ အာဏာရှင်နှင့် ကျန်သည့် လူများက ဖြစ်နိုင်ချေ ရှိသော ဆုလာဘ်များအကြောင်း ကြားသိလိုက်သောအခါ မျက်လုံးများ တောက်ပလာကြသည်။

သွေးရဲရဲလေး၏ လမ်းညွှန်မှုအောက်တွင် ပိုင်နှင့် အခြား မွန်းစတား (၁၂) ကောင်သည် လူစုခွဲသွားပြီး ပျားအုံတစ်ခုစီ ရှာဖွေကာ တစ်ဖက်သတ် သတ်ဖြတ်မှုကို စတင်ခဲ့ကြသည်။

၎င်းတို့နှင့်အတူ နတ်ဘုရားတစ်ပိုင်း ခေတ်ကြွင်းများ ပါလာသောကြောင့် အင်ပါယာအဆင့်

မွန်းစတားအားလုံးသည် ကြွေလွင့်ဘုရားမြေထဲတွင် ရှိစဉ်အခါနှင့် နှိုင်းယှဉ်ပါက သတ်ဖြတ်မှုနှုန်းက ပိုမို မြန်ဆန်လာခဲ့သည်။

ယခုလက်ရှိ အချိန်တွင် ပိုင်က ဓါးသမား လမ်းစဉ်ကို ဦးစားပေး၍ အဓိကထား ကျင့်ကြံ နေသည်။ လင်းဟွမ်ကလည်း သူ၏ ဓါးတာအိုး အမွေ အားလုံးနီးပါးကို ပိုင်နှင့် မျှဝေခဲ့သည်။ ဤစစ်ဆင်ရေးတွင် ပိုင်အတွက် အလယ်အလတ် နတ်ဘုရားတစ်ပိုင်းအဆင့် ဓါးခါတ်ကြွင်း ရွေးချယ် ပေးထားသည့် အချက်ကလည်း တိုက်ပွဲအတွက် ပိုမို

အားကောင်းလာအောင် ကျောထောက် နောက်ခံ ပေးထားသလိုပင်....

မွန်းစတား (၁၃) ကောင်ထဲတွင် ပိုင်က ဓါးအစွမ်း တိုးတက်လာအောင် အဓိက အာရုံထားပြီး လေ့ကျင့်နေသောကြောင့် တိုက်ခိုက်ရေး ပျားနတ်ဆိုးများကို သတ်ဖြတ်ရာတွင် အနှေးဆုံး ဖြစ်နေသည်။

အစောပိုင်းတွင် လက်သီးများနှင့် တိုက်ခိုက်နေခဲ့သော အာဏာရှင်က ယခုတစ်ကြိမ်တွင် နတ်ဘုရားတစ်ပိုင်းအဆင့်

တိုက်ပွဲဝင် ပုဆိန်တစ်စုံကို ကိုင်ဆွဲပြီး တိုက်ခိုက်နေသည်။ တိုက်ပွဲဝင် ပုဆိန်နှစ်ချောင်းက အလယ်အလတ်အဆင့် နတ်ဘုရားတစ်ပိုင်း ခေတ်ကြွင်းများ ဖြစ်သောကြောင့် တိုက်ခိုက်ရေး ပျားနတ်ဆိုးများကို သတ်ဖြတ်ရာတွင် ဟင်းသီးဟင်းရွက်များ လှီးနေသကဲ့သို့ အလွယ်တကူ သတ်ပစ်နိုင်သည်။

တမန်တော်မိစ္ဆာသည် တူပုံစံ ပုဆိန်များကို ကြည့်ခဲ့သော်လည်း နောက်ဆုံးတွင် ကြီးမားလှသော တင်းပုတ်ကြီးကိုသာ ရွေးချယ် ခဲ့သည်။

တင်းပုတ်ကြီးကို ဝှေ့ယမ်းပြီး တိုက်ခိုက်ရေး ပျားနတ်ဆိုးများကို တိုက်ခိုက် နေသည်။

ကံကောင်းသည်မှာ ကြယ်လမ်းစဉ် သစ်ပင်ပေါ်တွင် အသတ်ခံရသော မွန်းစတားများက သေဆုံးသွားသည်နှင့် တစ်ခါတည်း ပျောက်ကွယ် သွားသောကြောင့် အလောင်းများ စုဆောင်းစရာ မလိုသဖြင့် စုဆောင်းရာ၌ ထိခိုက်မှု မရှိခဲ့ပေ။

သတ်ဖြတ်သူ ကိုင်ဆောင်ထားသော တိုက်ပွဲဝင် ဓါးသည် လင်းဟွမ် ပူပူနွေးနွေးလေး ရရှိထားသော

အထွတ်အထိပ် နတ်ဘုံးရားတစ်ပိုင်းအဆင့် ခေးခေတ်ကြွင်းပင်… ။

တိုက်ခိုက်ရေး ပျားနတ်ဆိုး အများအပြားသည် ထိုခေးချက်ကြောင့် ချက်ချင်း သေဆုံးနေကြသည်။ ငရုတ်သီးကို လှီးဖြတ်နေသည်နှင့် အတူတူပင်။

လင်းဟွမ်သည် ယခု လောလောဆယ် အချိန်၌ အင်ပါယာအဆင့်ကို မရောက်သေးသောကြောင့် ထိုဓါးကို မသုံးနိုင်ပေ။ သူ့အစား ဓါးကျင့်ကြံသူ တစ်ယောက်ဖြစ်သော သတ်ဖြတ်သူက ဓါးကို

ကိုင်ဆွဲ၍ အသုံးပြုနိုင်သောကြောင့် ကံကောင်းမှု တစ်မျိုးပင်။

ဤအချိန် အတောအတွင်းတွင် လင်းဟွမ်သည် လန်စန်လော့နှင့် ခေါင်းကျေးကျွန် (၁၈) ဦးတို့အတွက် နတ်ဘုရားတစ်ပိုင်း အဆင့် ဓါးခါတ်ကြွင်း (၁၉) ခုကို စုဆောင်းရန် အချိန်အနည်းငယ် ယူခဲ့ရသည်။ ကံကောင်းသည်မှာ သူတို့အဖွဲ့၏ စွမ်းဆောင်ရည်က အဖွဲ့ (၁၃) ဖွဲ့ထဲတွင် အလျင်မြန်ဆုံး ဖြစ်နေပြီး သူတို့၏ သတ်ဖြတ်မှု အမြန်နှုန်းက မျှော်လင့်ထားသည့် အတိုင်းပင်......

မကောင်းဆိုးဝါး လွှမ်းမိုးသူသည် ကြယ်လမ်းစဉ် သစ်ပင်၏ ကန့်သတ်ခြင်းကို ခံထားရသောကြောင့် အင်ပါယာအဆင့်နှင့် အစားထိုးမှု မလုပ်နိုင်ပေ။ ထို့ကြောင့် သူ၏ အသွင်အပြင်ကို သတ်ဖြတ်သူ အဖြစ် နောက်တစ်ကြိမ် ပြောင်းလဲလိုက်သည်။ သို့သော်လည်း သူသည် သတ်ဖြတ်သူထက် အနည်းငယ်နေးကွေး နေခဲ့ပြီး အဆင့်မြင့် နတ်ဘုရားတစ်ပိုင်းဆင့် ဓါးဓါတ်ကြွင်းကို အသုံးပြုနေသည်။

သူရဲကောင်း နှစ်ယောက်ကမူ အလယ်အလတ် နတ်ဘုရားတစ်ပိုင်းအဆင့် လှံတစ်ချောင်းစီ

ကိုင်ဆောင်ထားပြီး ပေါင်းစည်းခြင်း စွမ်းရည်ကို အသုံးမပြုဘဲ သူတို့၏ မူလပုံစံအတိုင်း ရှိနေသည့်တိုင်အောင် ၎င်းတို့၏ တိုက်ခိုက်ရေး အစွမ်းက အင်ပါယာ ရွှေအဝါရောင် အဆင့်အထိ မြင့်တက်လာခဲ့သည်။ သူတို့က လှံချက်များကို ဝှေ့ယမ်းလိုက်တိုင်း မည်သည့် မွန်းစတားမျှ အသက်မရှင်နိုင်ခဲ့ကြပေ။

အစပိုင်းတွင် လင်းဟွမ်သည် ရုပ်ဆိုးနှင့် ယုတ်ညံ့မှင်စာတို့အတွက် နတ်ဘုရားတစ်ပိုင်း စိတ်ဝိညာဉ် လက်နက်များကို ပေးအပ်ချင်ခဲ့သည်။ သို့သော်လည်း သူ့တွင် မရှိသောကြောင့် သူတို့ကို

ရှေးဟောင်းအဆင့် စိတ်ဝိညာဉ် ဓါးမြှောင်နှစ်စုံသာ ငှားရမ်းနိုင်ခဲ့သည်။

မည်သို့ပင် ဆိုစေကာမူ သူတို့၏ အင်ပါယာ ရွှေကြက်သွေးရောင် အဆင့် အစွမ်းဖြင့် ရှေးဟောင်းအဆင့် စိတ်ဝိညာဉ် ဓါးမြှောင်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်နိုင်ကြပြီး ၎င်းတို့၏ သတ်ဖြတ်မှုနှုန်းမှာ အလွန်မှင်သက် အံ့အောဖွယ် ကောင်းနေ၏။

အင်ပါယာ မွန်းစတား (၁၃) ကောင်တွင် သတ်ဖြတ်မှုနှုန်း အမြန်ဆုံးမှာ စစ်ပွဲအရှင်သခင်

ဖြစ်သည်။ လင်းဟွမ်သည် နတ်ဘုရားတစ်ပိုင်း ဓါတ်ကြွင်း အပိုင်းအစများကို မရခဲ့သော်လည်း အခြေခံအားဖြင့် သူရခဲ့သမျှ ရှားပါးသော ပစ္စည်းအားလုံးကို စစ်ပွဲအရှင်သခင်ထံ ပေးအပ်ခဲ့သည်။

ယခုအခါ စက်မှုစစ်တပ်ကို အင်အား (၃၀၀,၀၀၀) အထိ တိုးမြှင့်နိုင်ခဲ့ရုံ သာမက အရည်အသွေး ပိုင်းမှာလည်း ယခင်နှင့် နှိုင်းယှဥ်ပါက ကြီးကြီးမားမား တိုးတက် လာခဲ့သည်။ စစ်ပွဲအရှင်သခင်သည် အရေအတွက်အားဖြင့် အသာစီး ရယူပြီး

မိနစ်အနည်းငယ် အတွင်းမှာပင် ပျားအုံကို ရှင်းလင်းနိုင်ခဲ့သည်။

သွေးရဲရဲလေး၏ လမ်းညွှန်မှု အောက်တွင် စစ်ဆေးရေးဂိတ် အမှတ် (၅၆) ရှိ ပျားအုံအားလုံးကို သုတ်သင် ရှင်းလင်းခဲ့ကြသည်။

အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ ဆက်တိုက်ဖြစ်ပွား နေသည်နှင့်အမျှ နတ်ဘုရားရုပ်တု တိုက်ခိုက်ရေးဝိညာဉ် အသစ်သုံးကောင်၏ တိုက်ခိုက်ရေး အဆင့်မှာ တဟုန်ထိုး မြင့်တက်လာခဲ့သည်။

သံအဆင့်...

ကြေးအဆင့်...

ငွေအဆင့်...

ရွှေအဆင့်...

သန့်ရှင်းမီးလျှံ အဆင့်...

ရေးဟောင်း ဝိညာဉ် သလင်းကျောက်ကို တိုက်ရိုက် အသုံးပြုမည့်အစား၊ မွန်းစတားများကို သတ်ဖြတ်ခြင်းက တိုက်ခိုက်ရေးဝိညာဉ် သုံးကောင်အတွက် ဝိညာဉ်စွမ်းအင်

လုံလုံလောက်လောက် ရရှိနိုင်သောကြောင့် အင်ပါယာအဆင့်အထိ တိုက်ရိုက်မြှင့်တင်ရန် အလွန်လွယ်ကူနေခဲ့သည်။

အတိအကျ ပြောရမည်ဆိုလျှင် နတ်ဘုရားရုပ်တု တိုက်ခိုက်ရေး ဝိညာဉ်များ၏ တိုက်ခိုက်ရေးအဆင့်ကို မြှင့်တင်ပေးရာတွင် အင်ပါယာ ရွှေအဝါရောင် အဆင့်အထိ မရောက်ခင် အလွန်ခက်ခဲမည် မဟုတ်ပေ။ မွန်းစတားများကို သတ်ဖြတ်ပြီး အဆင့်မြှင့်တင်၍ မတစ်ဆို့မချင်း နတ်ဘုရား တစ်ပိုင်း ဝိညာဉ် သလင်းကျောက်ကို သေသေချာချာ သိမ်းဆည်းထားရမည်။

လင်းဟွမ်သည် ယခုအချိန်အထိ နတ်ဘုရားတစ်ပိုင်းအဆင့် ဝိညာဉ် သလင်းကျောက်ကို အသုံးမပြုရသေးပေ။ သူက မည်သည့် တိုက်ခိုက်ရေး ဝိညာဉ်ကို အင်ပါယာအဆင့် ရွှေခရမ်းရောင်ရွှေအဆင့် မြှင့်တင်ပေးရင် ကောင်းမလဲ ဆိုသည်ကို မဆုံးဖြတ်နိုင် ဖြစ်နေသည်။

လင်းဟွမ်၏ နတ်ဘုရားရုပ်တု တိုက်ခိုက်ရေး ဝိညာဉ်များ၏ တိုက်ခိုက်ရေးအဆင့်နှင့်အတူ တဟုန်ထိုး မြင့်တက်လာသည့် အခြားအရာ တစ်ခုမှာ ကြယ်လမ်းစဉ် သစ်ပင်ပေါ်က သူ့အမှတ်များ ကြောင့်ပင်။

ပျားအုံတစ်ခုချင်းစီတွင် တိုက်ခိုက်ရေး ပျားနတ်ဆိုး အကောင်ရေ အနည်းဆုံး (၂၀,၀၀၀) မှ (၃၀,၀၀၀) အထိရှိသည်ကို သိထားရမည်။ အချို့ ပျားအုံး ဆိုလျှင် (၅၀,၀၀၀) အထိပင် ရှိသေး၏။

ထို့အပြင် တိုက်ခိုက်ရေး ပျားနတ်ဆိုးအားလုံးသည် အဆင့်မြင့် အင်မော်တယ်အဆင့်များ ဖြစ်ကြသည်။ ၎င်းတို့သည် အင်မော်တယ်အဆင့် (၇) တိုက်ခိုက်ရေး ပျားနတ်ဆိုး တစ်ကောင်ကို သတ်ဖြတ်ပါက အမှတ် (၆၄၀) ရရှိပြီး အင်မော်တယ်အဆင့်ကိုး ဆိုပါက တစ်ကောင်ကို အမှတ် (၂,၅၆၀) ရရှိသည်။

ကိုယ်ပိုင်စစ်တပ်ကို အသုံးပြုနေသော စစ်ပွဲအရှင်သခင်နှင့် လန်စန်လော့ တို့မှလွဲ၍ ကျန်သည့် မွန်းစတားများက ပျားအုံ တစ်အုံကို နာရီဝက်ခန့်နှုန်းနှင့် ရှင်းလင်းနိုင်ခဲ့ကြပြီး သူတို့၏ သတ်ဖြတ်မှု အမြန်နှုန်းက တူညီနေကြသည်။

မွန်းစတားများကို သတ်ဖြတ်ရင်း ဓါးစွမ်းရည် လေ့ကျင့်နေသော ပိုင်ပင် ပျားအုံတစ်အုံကို ရှင်းလင်းရန် မိနစ် (၄၀) ကျော်သာ ကြာမြင့်ခဲ့သည်။

အခြားတစ်ဖက်တွင်မူ လန်စန်လော့က ဆယ်မိနစ်အောက်သာ ကြာမြင့်ခဲ့သည်။ ခုနစ်မိနစ်မှ ရှစ်မိနစ်အတွင်း ပျားအုံတစ်ခုကို ရှင်းပစ်နေသည်။

စစ်ပွဲအရှင်သခင်က နှစ်မိနစ်၊ သုံးမိနစ်အတွင်း ရှင်းလင်းနိုင်သောကြောင့် ပို၍ပင် လျင်မြန်သေးသည်။

သူတို့သည် စစ်ဆေးရေးဂိတ် (၅၆) တွင် ရောက်နေသည်မှာ မိနစ် (၂၀)ပင် မပြည့်သေးသော်လည်း လင်းဟွမ်၏ အမှတ်များက သန်းရာနှင့်ချီပြီး မြင့်တက်လာခဲ့သည်။ ထို့ကြောင့်

ကြယ်လမ်းစဉ် သစ်ပင်၏ ဦးဆောင်သူစာရင်းတွင် နံပါတ် (၁) ပြန်ဖြစ်လာခဲ့သည်။

လင်းရှီ၏ ရုတ်တရက် မြင့်တက်လာခြင်းက လူတိုင်းကို အောက်မေးရိုးများ ပြုတ်ကျသွားအောင် အံ့အောသွားစေခဲ့သည်။

နောက်ဆုံးတစ်ခေါက် ပေါ်ပြီး တစ်နှစ်ခွဲခန့် ပျောက်နေခဲ့သောကြောင့် လူအများက သူ့နာမည်ကို မေ့တေ့တေ့ ဖြစ်နေခဲ့ကြသည်။

ယခုအခါ မည်သည့်နေရာမှ ပေါ်လာမှန်းမသိ ပြန်ပေါ်လာပြီး ဦးဆောင်သူစာရင်းတွင် နံပါတ် (၁) နေရာကို ပြန်ရောက်သွားခဲ့သည်။

ထိုအခါ အွန်လိုင်းပေါ်ရှိ ပါရမီရှင်သမဂ္ဂ အဖွဲ့ဝင်တိုင်းသည် ဤလင်းရှီက မနှစ်က ဦးဆောင်သူစာရင်းတွင် မည်မျှ ကြောက်စရာ ကောင်းခဲ့ကြောင်း ပြန် အမှတ်ရလာကြသည်။

ဆရာ့ ဆရာကြီးသည် နှစ်ဝက်အကြာတွင် ပြန်လာခဲ့ပြီ.....